Voice of Burma

*Published by Voice of Burma Information Group* *Issue No. 723 AUGUST 16, 2009*

**1-507 Horifune Jutaku , Horifune 2-27-1, Kita-Ku, Tokyo 114-0004, JAPAN**
**Tel/Fax: 81 3-6323-5114, E-mail: sayarkway@yahoo.com , koko@gol.com**

# ဒေါ်အောင်ဆန်းစုကြည်ကို အလုပ်ကြမ်းနဲ့ ထောင်ဒဏ် ၃ နှစ်ပြစ်ဒဏ်ချမှတ်

**VOA ၊ ဩဂုတ် ၁၁ ။** ။ နေအိမ်အကျယ်ချုပ်တားဆီးကန့်သတ်မိန့်ကို ဖောက်ဖျက်တယ်ဆိုပြီး တရားစွဲဆိုခံထားရတဲ့ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးကနေ ထောင်ဒဏ် ၃ နှစ် ပြစ် ဒဏ်ချမှတ်လိုက်ပါတယ်။

နောက်ပိုင်းမှာတော့ စစ်ကောင်စီအကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေရဲ့ အမိန့်နဲ့ပြစ်ဒဏ်ကိုထက်ဝက်လျှော့ချပြီး ဆိုင်းငံ့ပြစ်ဒဏ်အဖြစ်နဲ့နေအိမ်မှာ ကန့်သတ်ချက်တွေအညီပြန်နေဖို့ညွှန်ကြားခဲ့ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ဟာ သူ့အပေါ်စွပ်စွဲထားတဲ့ပြစ်မှုတွေကို ကျူးလွန်ကြောင်းထင်ရှားတယ်ဆိုပြီး တရားရုံးကနေ ထောင်ဒဏ် ၃ နှစ် ပြစ်ဒဏ်ချမှတ်လိုက်တာပါ။ အဲဒီလို ပြစ်ဒဏ်ချမှတ်လိုက်တဲ့အကြောင်းကို ပြစ်ဒဏ်ချမှတ်ပြီး နာရီပိုင်းအတွင်းမှာဘဲ နိုင်ငံပိုင်မြန်မာ့ရုပ်မြင်သံ ကြားကနေ အခုလိုကြေညာခဲ့ပါတယ်။

"တရားခံဒေါ်အောင်ဆန်းစုကြည်အား ၁၉၇၅ ခုနှစ်၊ နိုင်ငံတော်အား နှောင့် ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှကာကွယ်စောင့်ရှောက်သည့် ဥပဒေ ပုဒ်မ ၂၂ အရ အလုပ်နှင့်ထောင်ဒဏ် ၃ နှစ်ကျခံစေရန်ငှင်း၊ တရားခံဒေါ်ခင်ခင်ဝင်း၊ မဝင်းမမ ခေါ် အငယ်လေးနှင့် မစ္စတာဂျွန်ဝီလီယံယက်တော (Mr.John William Yettaw တို့အား ယင်းဥပဒေပုဒ်မ ၂၂/ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၀၉ အရ အလုပ်နှင့်ထောင်ဒဏ် ၃ နှစ်စီ ကျခံစေရန်ငှင်း၊ ပြစ်ဒဏ်အသီးသီးချမှတ်သည်။"

ပြစ်ဒဏ်ချမှတ်ပြီးကာမှ ပြည်ထဲရေးဝန်ကြီး ဗိုလ်ချုပ်မောင်ဦး ရောက်လာပြီး ဩဂုတ်လ ၁၀ ရက်၊ ဂျူလိုင်လနေ့စွဲနဲ့ ပေးပို့ထားတဲ့ ဗိုလ်ချုပ်သန်းရွှေရဲ့ အမိန့်ကို လာဖတ်ပြခဲ့တယ်လို့ ဒေါ်အောင်ဆန်းစုကြည်ရဲ့အကျိုးဆောင်ရှေ့နေကြီးဖြစ်သူ ဦးကြည်ဝင်းကပြောပါတယ်။

"စီရင်ချက်ချလိုက်တော့ အားလုံးကမတ်တတ်ရပ်ကြပေါ့ဗျာ။ တရားသူကြီး နှစ်ယောက်ကလည်းပြန်ပြီးတော့ သူတို့နောက်က အခန်းပြန်ဝင်တာပေ့ါ။ ကျနော်တို့ကလည်း အစီအစဉ်မသိဘူးဗျ။ ဒေါ်စုကိုလည်း ရဲတွေကစောင့်နေတယ်ပေ့ါဗျာ။ စောင့်နေတော့ အဲဒီသွားမလို့နှုတ်ဆက်မယ်၊ အဲဒီလိုအခိုက်အတန့်မှာ ပြည်ထဲရေးဝန်ကြီးကလာပြီးတော့ စောစောကအမိန့်တွေကို ဖတ်ပြမှာကိုးဗျ။ နအဖအမိန့်။ အဲဒီမှာ ဒေါ်အောင်ဆန်းစုကြည်တို့ရော ပြန်ပြီးတော့ သူတို့ကိုလာပြီး request လုပ်လို့ သူတို့နေရာမှာသူတို့ပြန်ထိုင်တယ်။ အဲဒီမှာ ပြည်ထဲရေးဝန်ကြီးက နအဖရဲ့အမိန့်ကစပြီး အမိန့်အသီးသီးဖတ်ပြသွားတယ်။ ဖတ်ပြသွားပြီး တဝက်လျှော့လိုက်တယ်၊ တဝက်ကတော့ ဆိုင်းငံ့အမိန့်၊ အဲဒီလို အမိန့်ချတာတွေ ဘာတွေနားထောင်ခဲ့ရတယ်။"

အခုလိုတရားရုံးကနေ ပြစ်ဒဏ်စီရင်ပြီးကာမှ ဗိုလ်ချုပ်သန်းရွှေရဲ့အမိန့်နဲ့ ပြစ်ဒဏ်ကို ထက်ဝက်လျှော့၊ ကျန်တဲ့ပြစ်ဒဏ်ထက်ဝက်ကိုလည်း ဆိုင်းငံ့ပြီး ကန့်သတ်ချက်စည်းကမ်းတွေနဲ့အညီ နေအိမ်မှာ ကောင်းမွန်စွာပြန်နေ၊ ကန့်သတ်ကာလအတွင်း နောက်ထပ်ဘာချိုးဖောက်မှုမှမရှိဘူးဆိုရင် လွတ်ငြိမ်းချမ်းသာစေလို့ သတ်မှတ်ပေးခဲ့ပေမယ့်လည်း တရားရုံးရဲ့စီရင်ချက်အပေါ်မှာတော့ ရှေ့နေကြီးဦးကြည်ဝင်းက ဘဝင်မကျပါဘူး။ သူတို့ဘက်က နေချေပထားတဲ့ ၁၉၇၄ ခုနှစ်၊ အခြေခံဥပဒေမရှိတော့ဘူးဆိုတာဟာ အဓိကပြဿနာမဟုတ်ဘူးလို့ တရားရုံးက သုံးသပ်စီရင်ခဲ့တယ်လို့ ဦးကြည်ဝင်းကပြောပါတယ်။

"ဘယ်ဟာ အဓိကပြဿနာလည်းဆိုတော့ တားဆီးမိန့်ကိုဖောက်ဖျက်သလား၊ မဖောက်ဖျက်ဘူးလားဆိုတာသာလျှင် အဓိက၊ အဲဒီလိုသွားတာကိုးဗျ၊ ဒီ တားဆီးမိန့်က ဘယ်ကပေါက်ဖွားလာသလဲ၊ ကန့်သတ်မိန့်၊ ကန့်သတ်မိန့်ချပြီးမှ တားဆီးမိန့်လာမယ်။ အဲဒီကန့်သတ်မိန့်ကလည်း ဘယ်ကလာလဲ။ ၇၄ ဖွဲ့စည်းပုံက၊ အဲဒီဟာနဲ့သူက ဆွဲဝိုက်ပြီးတော့မှ ဖောက်ဖျက်တယ်တဲ့။ ဒါကြောင့် ၃ နှစ်ဆိုပြီးချလိုက်တယ်။"

ဒေါ်အောင်ဆန်းစုကြည်ရဲ့ အကျိုးဆောင်ရှေ့နေကြီးတဦးဖြစ်သူ ဦးကြည်ဝင်းပြောပြသွားတာဖြစ်ပါတယ်။ ဗိုလ်ချုပ်သန်းရွှေကနေ အခုလိုပြစ်ဒဏ်ကိုထက်ဝက်လျှော့တာ၊ ဆိုင်းငံ့တာ၊ နေအိမ်အကျယ်ချုပ်ပြန်ထားတာမျိုးတွေ မျှော်လင့်မထားတာကြောင့် စီရင်ချက်ကိုအယူခံဝင်မယ်၊ မဝင်ဘူးဆိုတာ ဒေါ်အောင်ဆန်းစုကြည်နဲ့ပြန်တိုင်ပင်ဖို့ လိုအပ်သေးတယ်လို့လည်း ဦးကြည်ဝင်းကပြောပါတယ်။

ဒီကနေ့ တရားခွင်ကို ရန်ကုန်အခြေစိုက်သံရုံးတွေအပြင် ထိုင်းနိုင်ငံအခြေစိုက်သံရုံးတချို့က သံအမတ်တွေ၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်က ဌာနေကိုယ်စားလှယ်စုစုပေါင်း ၅၁ ယောက်နဲ့ ပြည်တွင်းပြည်ပသတင်းထောက် ၂၅ ဦးကို တက်ရောက်လေ့လာခွင့်ပြုခဲ့တယ်လို့ နအဖကနေကြေညာပါတယ်။

**အဲန်အဲယ်လ်ဒီ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ နေပြည်တော်သို့ ဖိတ်ကြား**
**စာမျက်နှာ ၂**

**ဒေါ်စုကို ပြစ်ဒဏ်စီရင်တဲ့အပေါ် လုံခြုံရေးကောင်စီအရေးပေါ်အစည်းအဝေးကျင်းပ**
**စာမျက်နှာ ၄**

**ဒေါ်အောင်ဆန်းစုကြည်ကိုအနာဂါတ်နိုင်ငံရေးမှဖယ်ရှားဖို့ နအဖကအကွက်ဆင်**
**စာမျက်နှာ ၁၀**

**အင်းစိန်ထောင်ရှေ့ လုံခြုံရေးနှင့် ရန်ကုန်မြို့မှ ဖမ်းဆီးမှုအခြေအနေ**
**စာမျက်နှာ ၁၄**

**မြန်မာ့မဟာမိတ်များအစည်းအဝေးကို အင်ဒိုနီးရှားအစိုးရက ခွင့်မပြုဟုဆို**
**စာမျက်နှာ ၁၆**

VOB အာဘော်

# ပြတ်သားသည့်နည်းဗျူဟာ လိုအပ်နေပြီ

နိုင်ငံတကာအသိုင်းအဝိုင်းက ဒေါ်အောင်ဆန်းစုကြည်ကိုလွှတ်ပေးရန် ပြင်းပြင်းထန်ထန်တောင်းဆိုနေသည့်ကြားမှပင် မြန်မာစစ်အာဏာရှင်များသည် ဒီမိုကရေစီခေါင်းဆောင်အား နေအိမ်အကျယ်ချုပ်ထပ်မံချလိုက်ပြန်သည်။ ဤသည်က စစ်အာဏာရှင်များသည် မြန်မာ့နိုင်ငံရေးပြဿနာကို တွေ့ဆုံဆွေးနွေးသည့်နည်းလမ်းဖြင့် ဖြေရှင်းလိုစိတ်မရှိ၊ အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုသည်ကို နှစ်ဘက်သဘောတူညှိနှိုင်းမှုများဖြင့် ဖော်ဆောင်လိုစိတ်မရှိ၊ မြန်မာ့ဒီမိုကရေစီအင်အားစုများနှင့် နိုင်ငံတကာအသိုင်းအဝိုင်း၏ သဘောထားကို လုံးဝဂရုမစိုက်လျစ်လျူရှုလျက်ရှိသည် ဆိုသည့်အချက်များကို ပြတ်ပြတ်သားသားထုတ်ဖော်ပြသလိုက်ခြင်းဖြစ်သည်။

စစ်အာဏာရှင်များသည် မြန်မာ့နိုင်ငံရေးအပြောင်းအလဲကို အတိုက်အခံဖြစ်နေသူများနှင့်ဆွေးနွေးစရာမလို၊ မိမိတို့သဘောအတိုင်းဆက်လက်လျှောက်လှမ်းမည်ဟု သန္နိဋ္ဌာန်ချထားသည်မှာ ပေါ်လွင်နေသည်၊ တနည်းအားဖြင့်ဆိုလျှင် အတိုက်အခံဖြစ်နေသူများသည် ဆွေးနွေးမှုပြုရလောက်သည်အထိ ၎င်းတို့အား ခြိမ်းခြောက်နိုင်စွမ်းမရှိဟု မှတ်ယူထားသည်ဆိုသည့်အချက်ကို ပေါ်လွင်စေသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား နိုင်ငံရေးဦးဆောင်အဖွဲ့အဖြစ်သတ်မှတ်ကာ တိုက်ပွဲဝင်သော ပြည်တွင်းပြည်ပအင်အားစုများသည် ယနေ့အထိကျင့်သုံးလာခဲ့သော နိုင်ငံရေးနည်းဗျူဟာကို ပြန်လည်သုံးသပ်ကာ ချဉ်းကပ်မှုအသစ်ဖြင့်ဆက်လက်ကြိုးပမ်းရန်လိုအပ်လာပေသည်။ အဘယ်ကြောင့်ဆိုသော် နအဖစစ်အာဏာရှင်များက ၎င်းတို့တောက်လျှောက် ကျင့်သုံးလာသည့် ရက်စက်ကြမ်းကြုတ်ကာ တင်းမာလှသည့်သဘောထားအမြင်များကို ပြောင်းလဲခြင်းမပြုပဲ နှစ်ပေါင်း ၂၀ ကျော်ကျင့်သုံးနေခြင်းကြောင့်ဖြစ်သည်။ ထို့အတူ ဒီမိုကရေစီအင်အားစုများက တွေ့ဆုံဆွေးနွေးရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ အမျိုးသားရင်ကြားစေ့ရေး စသည့်ကြွေးကြော်သံများဖြင့် ချဉ်းကပ်မှုပြုနေခဲ့သော်လည်း မိမိတို့အလိုရှိသောရည်မှန်းချက်ကို မရောက်နိုင်ပဲ ဝေးနေဆဲဖြစ်သည်။ ထို့ကြောင့် နအဖအပေါ်ချဉ်းကပ်သည့်နည်းဗျူဟာများကိုသုံးသပ်ကာ ပိုမိုအားကောင်းသောနည်းဗျူဟာများကို ချမှတ်အကောင်အထည်ဖော်ရမည်ဖြစ်သည်။

ယနေ့အထိကျင့်သုံးနေသောနည်းဗျူဟာများကို စွန့်လွှတ်ရန်မဟုတ်၊ ထိုနည်းဗျူဟာများကို ပြင်ဆင်ရန်နှင့် အထောက်အကူဖြစ်စေမည့် နည်းဗျူဟာများကို ထပ်မံဖြည့်စွက်ကာ ဟန်ချက်ညီညီအားသွန်ခွန်စိုက်လုပ်ဆောင်ရန်ဖြစ်သည်။ နိုင်ငံရေးနည်း၊ လူထုလှုပ်ရှားမှုနည်း၊ စည်းရုံးဆွဲဆောင်နည်း၊ လက်နက်ကိုင်တိုက်ခိုက်သောနည်း၊ နည်းလမ်းမျိုးစုံဖြင့် အနှောင့်အယှက်ပေးနည်း၊ အာဏာဖီဆန်နည်း ပြစ်ဒဏ်ခတ်အရေးယူနည်းစသည့် မိမိတို့တတ်နိုင်သည့် လုပ်နိုင်သည့် နည်းလမ်းပေါင်းစုံကို လက်တွေ့ကျင့်သုံးရေးပင်ဖြစ်သည်။

ထို့ကြောင့် ရည်ရွယ်ချက် ဦးတည်ချက်တူညီစွာဖြင့် ကြိုးပမ်းလှုပ်ရှားနေကြသောသူများသည် လူတဦးချင်းအရသော်လည်းကောင်း၊ အဖွဲ့လိုက်အရသော်လည်းကောင်း မိမိတို့အားသန်ရာ နည်းလမ်းများဖြင့် နအဖစစ်အာဏာရှင်များက ဒီမိုကရေစီအင်အားစုများနှင့် ပြည်သူလူထုအပေါ် ရက်စက်ပြတ်သားစွာ ကျင့်ကြံသလိုမျိုး ဒီမိုကရေစီအင်အားစုများကလည်း နည်းလမ်းပေါင်းစုံဖြင့် စစ်အာဏာရှင်စနစ်ကို ပြတ်သားစွာတိုက်ဖျက်ချေမှုန်းရေးကို လုပ်ဆောင်ရန်လိုအပ်နေပြီဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

---

# အဲန်အဲယ်လ်ဒီ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ နေပြည်တော်သို့ဖိတ်ကြား

**RFA ၊ ဩဂုတ် ၁၃ ။** ။ ရန်ကုန်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ခေါင်းဆောင်ပိုင်းဖြစ်တဲ့ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်တွေကို နအဖစစ်အုပ်စု အာဏာပိုင်တွေက မနက်ဖြန်ဩဂုတ်လ ၁၄ ရက်၊ သောကြာနေ့မှာ နေပြည်တော်ကိုလာရောက်ဘို့ ဖိတ်ခေါ်ထားတယ်လို့ သိရပါတယ်။

ပါတီရဲ့ခေါင်းဆောင်ဖြစ်တဲ့ ဒေါ်အောင်ဆန်းစုကြည်ကို နေအိမ်မှာ ၁၈ လ အကျယ်ချုပ်နဲ့ပြစ်ဒဏ်စီရင်ခဲ့အပြီး ရက်ပိုင်းမှာ စစ်အစိုးရအာဏာပိုင်တွေက နေပြည်တော်ကို အခုလို ဖိတ်ကြားတာဖြစ်ပါတယ်။ ဒီအကြောင်းနဲ့ပတ်သက်ပြီး ပါတီ ပြောခွင့်ရပုဂ္ဂိုလ် ဦးဉာဏ်ဝင်းက RFA ကို အခုလိုအတည်ပြုပြောပါတယ်။

"NLD က CEC အဖွဲ့ဝင် ဘယ်နှစ်ယောက်လည်းတော့မသိဘူး၊ မနက်ဖြန်နေပြည်တော်ကို ဖိတ်ခေါ်ထားတယ်။ အဲဒီဖိတ်စာလည်း ကျနော်မတွေ့ဖူးဘူး။ ကျနော်တို့ CEC အဖွဲ့ဝင်တွေလည်း မတွေ့ဖူးသေးဘူး။ အဲဒီဖိတ်စာမှာ ဘယ်သူနဲ့တွေ့ဘို့ ဘာညာ ကျနော်မသိဘူး။ အဲဒီအစီအစဉ်တခုရှိတယ်။ မနက်ဖြန်ကို နေပြည်တော်ကို CEC အဖွဲ့ဝင်တွေသွားမယ်။ ဘယ်သူတွေလည်းဆိုတာတော့ ကျနော်မသိဘူး။ CEC က သူတို့ဟာသူတို့ဆုံးဖြတ်ကြမယ်။ ဘယ်သူဖိတ်တယ်ဆိုတာလည်း မသိဘူး။ နေပြည်တော်သွားဘို့ အစီအစဉ်တော့ရှိတယ်။"

ဒီလို NLD ပါတီခေါင်းဆောင်တချို့ကို နေပြည်တော်ကို ဖိတ်ခေါ်တာဟာ အမေရိကန်အထက်လွှတ်တော်အမတ် Mr.Jim Webb ရဲ့ နေပြည်တော်ရောက်မယ့်ရက်နဲ့လည်း အချိန်ကိုက်နေပါတယ်။ ဒါပေမယ့် ဒီအကြောင်းနဲ့ဆက်စပ်ခြင်း ရှိ မရှိဆိုတာကိုတော့ မသိရတဲ့အကြောင်း ဦးဉာဏ်ဝင်းကပြောပါတယ်။

"အဲဒီအချက်နဲ့ပတ်သက်ပြီးတော့ ဆက်စပ်စဉ်းစားမယ်။ ဒါလည်း မသေချာဘူး။ သူတို့ကာယကံရှင်တွေ CEC လူကြီးတွေဘဲတွေ့မှာ။ ကျနော်တို့သဘောထားကတော့ သူက မြန်မာနိုင်ငံ နိုင်ငံရေးနဲ့ပတ်သက်ပြီးတော့ စိတ်ဝင်စားသူမဟုတ်ဘူးဆိုတဲ့အတွက် သူ့အပေါ်မှာကျနော်တို့ စိတ်ဝင်စားမှုမရှိဘူး။"

ရန်ကုန် နိုင်ငံရေးအသိုင်းအဝိုင်းရဲ့အဆိုအရ မြန်မာစစ်အစိုးရအာဏာပိုင်တွေက ဖိတ်ခေါ်တဲ့ NLD - CEC အဖွဲ့ဝင်တွေထဲမှာ ထောင်ကလွှတ်လာပြီး CEC အဖွဲ့ဝင်တွေဖြစ်လာတဲ့ ဆရာကြီးဦးဝင်းတင်နဲ့ဦးခင်မောင်ဆွေတို့ မပါဝင်ဘူးလို့ဆိုပါတယ်။ ဒါပေမယ့် RFA က ဦးဝင်းတင်နဲ့ဦးခင်မောင်ဆွေတို့ကို ဒီအကြောင်းအတည်ပြုဘို့ ကြိုးစားရာမှာ ဆက်သွယ်လို့မရသေးပါဘူး။

NLD ပါတီကတော့ အမေရိကန်အထက်လွှတ်တော်အမတ် Mr.Jim Webb ဟာ မြန်မာ့နိုင်ငံရေးကိုစိတ်ဝင်စားခဲ့သူ မဟုတ်တဲ့အတွက် ပါတီအနေနဲ့လည်း သူနဲ့ပတ်သက်လို့ စိတ်ဝင်စားမှုမရှိဘူးလို့ ဦးဉာဏ်ဝင်းက RFA ကို ပြောကြားခဲ့ပါတယ်။

# ဒေါ်အောင်ဆန်းစုကြည် ထောင်ချမှတ်ခံရမှုအပေါ် ဦးဝင်းတင်ရဲ့ အမြင်သဘောထား

**DVB ၊ ဩဂုတ် ၆ ။** ။ ဒေါ်အောင်ဆန်းစုကြည်ကို ထောင်ဒဏ်ချမှတ်လိုက်တဲ့အတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါတီအနေနဲ့ ဘာတွေဆက်လုပ်မလဲဆိုတာနဲ့ ပတ်သက်ပြီး အဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်ကောင်မတီဝင် ဦးဝင်းတင်နဲ့ဆက်သွယ် မေးမြန်းချက်ကို တင်ဆက်လိုက်ပါတယ်။

"သူတို့က ဒေါ်အောင်ဆန်းစုကြည်ကို ဗိုလ်ချုပ်အောင်ဆန်းရဲ့သမီးဆိုတဲ့ စကားလုံးတွေ အလွန်ကောင်းတဲ့ သဘောထားတွေနဲ့ပြောတဲ့ စကားတွေပါလာတယ်ဆိုတော့ ကျနော်တို့ နည်းနည်းဝမ်းသာအားရဖြစ်ကြတယ်။ ဆုံးဖြတ်ချက်တွေကို ကြည့်လိုက်တော့ စစ်အုပ်စုက ပါးပါးနပ်နပ်နဲ့ ဒီကိစ္စကို ကိုင်တွယ်တယ်လို့သွားတွေ့ရတယ်။ တရားစီရင်ရေးဟာ လွတ်လွတ်လပ်လပ် သူ့ဟာသူ လုပ်တာ။ သူတို့နဲ့မဆိုင်ဘူးဆိုတဲ့အတိုင်းပဲ သူတို့က တရားစီရင်ရေးကိုလွှတ်လိုက်တယ်။ ဒေါ်အောင်ဆန်းစုကြည်ကို တရားရုံးက ထောင် ၃ နှစ်ချတယ်။"

"ရဟန်းသံဃာတွေ၊ ကျောင်းသားလူငယ်တွေရဲ့ တောင်းဆိုချက်တွေလည်းလျော့ပါးအောင်၊ နိုင်ငံတကာဖိအားပေးမှုတွေကိုလည်း လျော့ပါးအောင် ဒေါ်အောင်ဆန်းစုကြည်ကို ပြစ်ဒဏ်တဝက် လျှော့ပေါ့ပြစ်ဒဏ်လုပ်ပစ်လိုက်တယ်။ အဲ့ဒီ ဆိုင်းငံ့ပြစ်ဒဏ်ကိုပဲ တနေ့သူတို့ စိတ်ကျေနပ်ရင်၊ သူတို့လည်းစည်းကမ်းတွေလိုက်နာမယ်ဆိုရင် လွတ်ငြိမ်းချမ်းသာခွင့်ပေးမယ်ဆိုပြီး အဆင့် ၃ ဆင့်နဲ့ကြေညာလိုက်တယ်။ ဒီနေ့အခြေအနေဟာ လုံးဝကျေနပ်ဖွယ်ကောင်းတဲ့ ဆုံးဖြတ်ချက်မဟုတ်သော်လည်း စိတ်သက်သာရာ ဆုံးဖြတ်ချက်မျိုးဖြစ်တယ်။ စောင့်ပြီးကြည့်ရမယ့် အနေအထားမျိုးဖြစ်သွားတယ်။"

ဆရာတို့ အရင်က ပြောသွားသလောက်ဆိုရင် ဒေါ်စုကို ထောင်ချလိုက်မယ်ဆိုရင် မငြိမ်မသက်မှုတွေ၊ ဆန္ဒပြမှုတွေ ဖြစ်နိုင်တယ်ပေါ့။ အခုကျတော့ အရှိန်က ပြန်လျော့သွားတာပေါ့...

"အင်းပေါ့။ စိတ်သက်သာရာတော့ ရတာပေါ့။ ဘာဖြစ်လို့လည်းဆိုတော့ သူတို့ အခုပြောနေတဲ့ စည်းကမ်းတွေက ဘာတွေဆိုတာသာ ကျနော်တို့ မသိတာကိုး။ သို့သော် သာမန်အားဖြင့် ပြောမယ်ဆိုရင် ဒေါ်အောင်ဆန်းစုကြည်ပြစ်ဒဏ်ကျတဲ့အတွက် ကျနော်တို့မကျေနပ်ဘူး။ ဒေါ်အောင်ဆန်းစုကြည် အပြစ်မရှိဘူးလို့ ကျနော်တို့ ယုံတယ်။ ဒီအမှုက မရှိတဲ့ဥပဒေနဲ့လုပ်တယ်။ သို့သော် အခုသူတို့က တရားရုံးက တရားရုံးကိစ္စလုပ်ဆိုပြီးတော့ တဘက်ကလည်း အစိုးရအနေနဲ့တိုင်းသူပြည်သားတွေ မကျေမနပ်တဲ့ ဆူပူအုံကြွမှုတွေ မဖြစ်အောင်လို့လျှော့တယ်ပေါ့။"

"အဲဒါတော့ ကျနော်တို့ အတိအကျ မသိသေးဘူး။ ဒီနေ့အထိ စည်းကမ်းချက်တွေဆိုတာ ဘာစည်းကမ်းချက်တွေလဲလို့မသိရသေးဘူး။ အရပ်စကားနဲ့ပြောရင်တော့ မိုက်မိုက်ရိုင်းရိုင်း မလုပ်ဘူး၊ ပြေလည်ရာပြောလည်ကြောင်းနဲ့လုပ်တယ်လို့ပဲ ပြောရမှာပေါ့။ ဗိုလ်ချုပ်အောင်ဆန်းသမီးဖြစ်တယ်တို့၊ ဒီမိုကရေစီရေးတို့၊ တွေ့ဆုံဆွေးနွေးပွဲ၊ အမျိုးသားပြန်လည်သင့်မြတ်ရေး စကားမျိုးတွေပါတဲ့ အခါကျတော့ လူတွေကြားထဲမှာ အများကြီးစိတ်သက်သာရာရတယ်လို့ ကျနော်ပြောချင်ပါတယ်။"

"ဒေါ်အောင်ဆန်းစုကြည်က ဒီရွေးကောက်ပွဲစကားကို ပြောတာမဟုတ်ဘူး။ ကျနော်တို့ကလည်း ရွေးကောက်ပွဲဆိုတာ စကားထဲကို ထည့်မပြောချင်ဘူး။ မပြောချင်တာက ဒီရွေးကောက်ပွဲဟာ စစ်အာဏာရှင်စနစ်ကိုဆက်ပြီး အသက်သွင်းတာကိုး။ အခြေခံဥပဒေအတည်ပြုရေးအတွက် အကျိုးရှိစေမယ့် ရွေးကောက်ပွဲဖြစ်နေတာကိုး။ ဒေါ်အောင်ဆန်းစုကြည်ကို လွှတ်ပေးတယ်ဆိုရင် ကျနော်တို့ ပြောချင်တာက ဒေါ်အောင်ဆန်းစုကြည်ကို အခြေခံထားတဲ့ ဒေါ်အောင်ဆန်း စုကြည်ရဲ့အဖွဲ့စည်းဖြစ်တဲ့ အန်အယ်လ်ဒီမှာ အခုအထိ ဘာမှလှုပ်ရှားလို့မရ၊ ပြောဆိုလို့မရ၊ မြို့နယ်တွေမှာ စည်းရုံးလှုပ်ရှားလို့မရ၊ ဆိုင်းဘုတ်တွေ ဖြုတ်ချခံရတဲ့နေရာတွေ ဖြုတ်ချ။ အန်အယ်လ်ဒီ ပေါင်းများစွာ ထောင်ထဲရောက်နေဆိုတဲ့ကိစ္စကို ကျနော်တို့ဖြေရှင်းပေးရမယ်ဆိုတာကို ကျနော်တို့ပြောချင်တယ်။"

"တိုင်းသူပြည်သားတွေထဲမှာ အကျပ်အတည်း၊ ပိတ်ဆို့ချုပ်ချယ်ကန့်သတ်မှုတွေ၊ ဖိနှိပ်မှုတွေအကုန်လုံးကို ပျော့ပြောင်းအောင်၊ ပြေလည်အောင် ဖြေရှင်းပေးဖို့ကိစ္စတွေ ပြောရမယ်။ နိုင်ငံရေးအကျဉ်းသားတွေ အများကြီးရှိတယ်။ ဒေါ်စုကို နေအိမ်အကျယ်လိုလို ဘာလိုလို ပြောလိုက်တယ်ဆိုပေမယ့် မင်းကိုနိုင်၊ ကိုကိုကြီးနဲ့ အန်အယ်လ်ဒီရဲ့ ဒုဥက္ကဋ္ဌဦးတင်ဦးလို ပုဂ္ဂိုလ်မျိုးသည်ပင်လျှင် အကျဉ်းကျနေတုန်းဆိုတော့ ဒေါ်အောင်ဆန်းစုကြည် အကြိမ်ကြိမ်ပြောနေတဲ့ ရုံးပေါ်ထွက်လာတဲ့ အချိန်မှာ ပထမဦးဆုံး သံအမတ်တွေနဲ့ ပြောတဲ့စကား ကုလသမဂ္ဂက လုပ်စေချင်တယ်ပေါ့ဗျာ။ ကုလသမဂ္ဂကအနေနဲ့လုပ်စေချင်တဲ့ သဘောထားတွေပြောမယ်။ အမျိုးသားပြန်လည်သင့်မြတ်ရေးကိုပြောဖို့ကိစ္စပဲ တက်လှမ်းရမယ်။"

---

# လုံခြုံရေးကောင်စီကြေညာချက် လေသံပျော့သွား

**VOA ၊ ဩဂုတ် ၁၄ ။** ။ စစ်အုပ်စုက ဒေါ်အောင်ဆန်းစုကြည် အပေါ်ပြစ်မှုထင်ရှားတယ်ဆိုပြီး ပြစ်ဒဏ်ချမှတ်လိုက်တဲ့အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီအနေနဲ့ အထူးစိုးရိမ်မကင်းဖြစ်မိကြောင်း ဥက္ကဋ္ဌရဲ့ကြေညာချက်ကို ဒီနေ့ထုတ်ပြန်လိုက်ပါတယ်။

လုံခြုံရေးကောင်စီဥက္ကဋ္ဌရဲ့ ကြေညာချက်ထဲမှာ စိုးရိမ်မကင်းဖြစ်တယ်ဆိုတာ တကယ်တော့ လေသံပျော့သွားတာဖြစ်ပါတယ်။ ဒီကြေညာချက်အတွက် လုံခြုံရေးကောင်စီဥက္ကဋ္ဌ ပထမတုန်းကရေးထားတဲ့မူကြမ်းထဲမှာ ပိုပြီးပြင်းထန်တဲ့အသုံးအနှုန်းတွေ ပါဝင်နေပါတယ်။ ဥပမာ Seriously concern အထူးစိုးရိမ်မကင်းဖြစ်တယ်ဆိုတဲ့နေရာမှာ Seriously Condemned အပြင်းအထန်ရှုတ်ချလိုက်သည် ဆိုတာမျိုးသုံးထားတာဖြစ်ပါတယ်။

ဒီလို လေသံပျော့သွားရတာကတော့ အဖွဲ့ဝင်နိုင်ငံတွေဖြစ်ကြတဲ့ တရုတ်၊ ရုရှား၊ ဗီယက်နမ် စတဲ့နိုင်ငံတချို့က သံအမတ်ကြီးတွေက အဲဒီမူကြမ်းကိုရတော့ သူတို့နိုင်ငံအစိုးရတွေဆီကို တင်ပြခဲ့ကြပါတယ်။ အဲဒီနောက်မှာ လေသံပျော့သွားရတာဖြစ်ပါတယ်။ ဒါကြောင့် အဲဒီနိုင်ငံတွေဟာ မြန်မာနိုင်ငံစစ်အစိုးရရဲ့ လုပ်ရပ်ကို ရှုတ်ချဘို့မလိုလားဘူးဆိုတဲ့ သဘောမျိုးတွေ့နေရပါတယ်။

လုံခြုံရေးကောင်စီအလှည့်ကျဥက္ကဋ္ဌဖြစ်တဲ့ ကုလသမဂ္ဂဆိုင်ရာ ဗြိတိန်သံအမတ်ကြီး John Sawers ဒီနေ့ဖတ်ပြသွားတဲ့ ကြေညာချက်ထဲမှာ နိုင်ငံရေးအကျဉ်းသားတွေလွှတ်ပေးဘို့ အရင်တောင်းဆိုထားတာတွေကို ထပ်မံအတည်ပြုတယ်လို့ ပြောပြီး အခုလို ဆက်လက်ဖတ်ပြသွားပါတယ်။

"ဒေါ်အောင်ဆန်းစုကြည်အပေါ် ပြစ်မှုထင်ရှားတယ်ဆိုပြီး ပြစ်ဒဏ်ချမှတ်လိုက်တဲ့အတွက်ရင်း၊ ဒီလုပ်ရပ်ကြောင့် ဖြစ်ပေါ်လာနိုင်တဲ့ နိုင်ငံရေးအကျိုးသက်ရောက်မှုတွေအတွက်ရင်း၊ ပြင်းပြင်းထန်ထန်စိုးရိမ်မကင်းဖြစ်မိပါကြောင်း၊ မြန်မာအစိုးရအနေနဲ့ ချမှတ်ထားတဲ့ပြစ်ဒဏ်ကို လျှော့ပေါ့ပေးတာကို မှတ်သားထားပြီး စစ်မှန်တဲ့အမျိုးသားပြန်လည်သင့်မြတ်ရေး ပေါ်ပေါက်ရေးအတွက် ဒေါ်အောင်ဆန်းစုကြည်နဲ့ တိုင်းရင်းသားအဖွဲ့အစည်းတွေ၊ သက်ဆိုင်ရာအင်အားစုတွေအားလုံးနဲ့ တွေ့ဆုံဆွေးနွေးရေးဖြစ်နိုင်အောင် လိုအပ်တဲ့အခြေအနေများ ဖန်တီးပေးဘို့တိုက်တွန်းလိုက်ကြောင်း၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရဲ့ ဝင်ရောက်ဆောင်ရွက်မှုတွေကို ဆက်လက်ထောက်ခံအားပေးကြောင်း၊ မြန်မာနိုင်ငံရဲ့ အချုပ်အခြာအာဏာနဲ့ နယ်မြေတည်တံ့ခိုင်မြဲရေးကို အလေးအနက်ထားပြီး မြန်မာနိုင်ငံရဲ့အနာဂါတ်ဟာ မြန်မာပြည်သူတွေရဲ့ လက်ထဲမှာရှိတယ်ဆိုတာ ထပ်မံပြောကြားလိုပါကြောင်း။"

လုံခြုံရေးကောင်စီအလှည့်ကျဥက္ကဋ္ဌ ဗြိတိန်သံအမတ်ကြီး John Sawers ဖတ်ပြသွားတဲ့ကြေညာချက်ဖြစ်ပါတယ်။ အဓိကအားဖြင့် ဒေါ်အောင်ဆန်းစုကြည်အပေါ် ပြစ်ဒဏ်ချထားတဲ့ကိစ္စနဲ့ပတ်သက်ပြီး စိုးရိမ်မကင်းဖြစ်မိပါတယ်ဆိုတာဘဲ ပါဝင်ပါတယ်။ ရှုတ်ချတယ်လို့တောင်ပြောမထားတာကို တွေ့ရပါတယ်။ ကျန်အချက်တွေကတော့ အရင်ပြောပြီးသားတွေကို ထပ်ပြောတာတွေဘဲ ဖြစ်ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်အပေါ် ပြစ်ဒဏ်ချမှတ်တဲ့အတွက် မြန်မာစစ်အစိုးရအပေါ် ကုလသမဂ္ဂက ဘာမှ ထူးထူးခြားခြားတုန့်ပြန်မှု တစုံတရာမရှိဘူးဆိုတာပါဘဲ။ တချိန်တည်းမှာဘဲ တရုတ်၊ ရုရှား၊ ဗီယက်နမ် စတဲ့နိုင်ငံတွေက နအဖကို အကာအကွယ်ပေးလိုတဲ့ သဘောထားမပြောင်းလဲဘဲရှိနေဆဲလို့ ဆိုရလိမ့်မယ်။

# ဒေါ်စုကို ပြစ်ဒဏ်စီရင်တဲ့အပေါ် လုံခြုံရေးကောင်စီအရေးပေါ်အစည်းအဝေးကျင်းပ

**VOA ၊ ဩဂုတ် ၁၂ ။** ။ ဒေါ်အောင်ဆန်းစုကြည်အပေါ် နအဖစစ်အုပ်စုက အပြစ်ပေး တရားစီရင်လိုက်အပြီး ကုလသမဂ္ဂရဲ့ ဩဇာအကြီးမားဆုံးအဖွဲ့ဖြစ်တဲ့ လုံခြုံရေးကောင်စီက မြန်မာနိုင်ငံအခြေအနေနဲ့ပတ်သက်လို့ အရေးပေါ်ဆွေးနွေးပွဲတရပ် မနေ့က ဩဂုတ်လ ၁၁ ရက်မှာ ကျင်းပပါတယ်။

လုံခြုံရေးကောင်စီအမြဲတန်းအဖွဲ့ဝင် ၅ နိုင်ငံထဲက ပြင်သစ်နိုင်ငံက ဒီဆွေးနွေးပွဲလုပ်ဆောင်ဖို့ တောင်းဆိုခဲ့တာဖြစ်တယ်လို့ ပြင်သစ်နိုင်ငံ ဒုသံအမတ် Mr.Jean Pierre Lacroix က သတင်းထောက်တွေကို ပြောလိုက်ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ကို အခုလိုပြစ်ဒဏ်စီရင်တာဟာ လာမယ့်နှစ်ရွေးကောက်ပွဲမှာ ပါဝင်ဆောင်ရွက်ခွင့်မရအောင် လုပ်ဆောင်ချက်ဖြစ်တဲ့အတွက် ပြင်သစ်နိုင်ငံအာဏာပိုင်တွေအနေနဲ့ ဝေဖန်ရှုတ်ချပါတယ်လို့ Mr.Lacroix က ပြောပါတယ်။ ဒီအရေးပေါ်အစည်းအဝေးဟာ ဒေါ်အောင်ဆန်းစုကြည်ကို နအဖစစ်အုပ်စုက စီရင်ချက်ချအပြီး ဒီအရေးဆွေးနွေးဖို့ လုံခြုံရေးကောင်စီကို တောင်းဆိုလိုက်တာဖြစ်ပါတယ်။ ပြင်သစ်နိုင်ငံအနေနဲ့ ဒီအမိန့်ကို ပြင်းပြင်းထန်ထန်ဝေဖန်ရှုတ်ချပါတယ်။ ကျနော်တို့အနေနဲ့ ဒေါ်အောင်ဆန်းစုကြည်ကို နိုင်ငံရေးဖြစ်စဉ်ထဲက ဖယ်ရှားထားဖို့ လုပ်ဆောင်ချက်တရပ်လို့ သုံးသပ်ပါတယ်လို့ Mr.Lacroix က ပြောပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ကို တရားစွဲဆို အပြစ်ပေးလိုတဲ့ လုပ်ဆောင်ချက်တရပ်လုံးဟာ လုံခြုံရေးကောင်စီက တောင်းဆိုခဲ့တာတွေကို မြန်မာအာဏာပိုင်တွေက မလိုက်နာပဲ ချိုးဖောက်ချက်တရပ်ဖြစ်တယ်လို့လည်း ပြင်သစ် ဒုတိယသံအမတ်ကြီး Mr.Lacroix ကပြောပါတယ်။ ဒီပြစ်ဒဏ်ဟာ လုံခြုံရေးကောင်စီက တောင်းဆိုထာကို မလိုက်နာပဲ ချိုးဖောက်လိုက်တာဖြစ်တယ်၊ လုံခြုံရေးကောင်စီက ဒေါ်အောင်ဆန်းစုကြည်ကို လွှတ်ပေးဖို့တောင်းဆိုခဲ့ပါတယ်။ အဲဒါကို ရှင်းရှင်းကြီးချိုးဖောက်လိုက်တာပါလို့လည်း သူကဆက်ပြောပါတယ်။

လုံခြုံရေးကောင်စီအလှည့်ကျ သဘာပတိဖြစ်တဲ့ ဗြိတိန်နိုင်ငံက သံအမတ်ကြီး Mr.John Sawers ကတော့ အရေးပေါ် တံခါးပိတ်အစည်းအဝေးမှာ အမေရိကန်ပြည်ထောင်စုကတင်ပြလာတဲ့ ဆုံးဖြတ်ချက်မူကြမ်းကို လောလောဆယ် အတည်ပြုနိုင်ဖို့ ဆွေးနွေးနေကြောင်း သတင်းထောက်တွေကို ပြောပါတယ်။ လုံခြုံရေးကောင်စီမူကြမ်းကြေညာချက်ကို ကောင်စီအနေနဲ့ ဆွေးနွေးနေပါတယ်။ အဖွဲ့ဝင်နိုင်ငံအတော်များများရဲ့ ထောက်ခံချက်လည်းရထားပါတယ်။ ကောင်စီဝင် နိုင်ငံသံအဖွဲ့တွေက ဒီကြေညာချက်နဲ့ပတ်သက်ပြီး သူတို့နိုင်ငံခေါင်းဆောင်တွေနဲ့ ညှိနှိုင်းဖို့ တရက်အချိန်တောင်းတဲ့အတွက် ဒီကနေ့အစည်းအဝေးကို မနက်ဖြတ်မှာ ဆက်ကျင်းပဖို့ ဆုံးဖြတ်ခဲ့ရတယ်လို့လည်း ဗြိတိန်နိုင်ငံက သံအမတ် ကြီး Mr.John Sawers က သတင်းထောက်တွေကိုပြောပါတယ်။

ကုလသမဂ္ဂက လာတဲ့သတင်းတွေအရ လုံခြုံရေးကောင်စီအစည်းအဝေးမှာ ဆုံးဖြတ်ချက်ကို အတည်ပြုဖို့ မြန်မာစစ်အုပ်စုဖက်က ရပ်တည်လေ့ရှိတဲ့ တရုတ်နဲ့ ရုရှားနိုင်ငံတွေက သံအဖွဲ့တွေက မိမိတို့ သက်ဆိုင်ရာခေါင်းဆောင်တွေနဲ့ တိုင်ပင်လိုကြောင်း တင်ပြခဲ့တယ်လို့သိရပါတယ်။ ပြင်သစ်သံအမတ်ကြီးကတော့ အမေရိကန်မူကြမ်းကို ထောက်ခံတဲ့အကြောင်းပြောကြားခဲ့ပြီး အခုလို ရုရှားနဲ့တရုတ်နိုင်ငံတွေ တရက်တိုးတောင်းတာကိုလည်း လေးစားတဲ့အကြောင်း ပြောပါတယ်။

ဒါဟာ သူတို့ ရပိုင်ခွင့်ဖြစ်လို့ ကျနော်တို့က အသိအမှတ်ပြုလေးစားပါတယ်။ ဒါပေမယ့် တချိန်တည်းမှာ လုံခြုံရေးကောင်စီအနေနဲ့ မြန်မာကိစ္စအပေါ် အချိန်နဲ့တပြေးညီ တုံ့ပြန်ဆောင်ရွက်ဖို့ လိုအပ်တယ်ဆိုတာကိုလည်း ခိုင်ခိုင်မာမာခံယူထားပါတယ်လို့လည်း ပြင်သစ်သံအမတ်ကြီး Mr.Lacroix ကပြောပါတယ်။

အမေရိကန်သံအမတ်ကြီး Ms.Susan Rice က အရေးပေါ်အစည်းအဝေးအပြီး သတင်းထောက်တွေကို ပြောကြားရာမှာ လုံခြုံရေးကောင်စီအဖွဲ့ဝင်တချို့အနေနဲ့ ဒေါ်အောင်ဆန်းစုကြည်ကို ပြစ်ဒဏ်စီရင်တာကို ဝေဖန်ရှုတ်ချပြီး နိုင်ငံရေးဖြစ်စဉ်မှာ ပါဝင်ခွင့်ရရေး အမြန်ဆုံးပြန်လွှတ်ပေးဖို့ တောင်းဆိုတဲ့ ဆုံးဖြတ်ချက်ကို ဆွေးနွေးတယ်လို့ပြောပါတယ်။ ကောင်စီအဖွဲ့ဝင်ထဲမှာ ဆုံးဖြတ်ချက်မူကြမ်းအပေါ် သဘောထားကွဲပြားမှုရှိတယ်ဆိုတာကို အသိအမှတ်ပြုပါတယ်လို့လည်း ပြောပါတယ်။ ဒါပေမယ့် အခုလို ဆွေးနွေးဆောင်ရွက်ဖို့နဲ့ ကောင်စီရဲ့ သဘောထားရပ်တည်ချက်နဲ့အညီ ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းနဲ့ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေး လေးစားလိုက်နာရေး အခြေခံမှုတွေအရ မြန်မာ့အရေးဆွေးနွေးဆုံးဖြတ်ဖို့ဟာလည်း အရေးကြီးပါတယ်လို့လည်း အမေရိကန်သံအမတ်ကြီး Ms.Susan Rice က ပြောသွားပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ကို ပြစ်ဒဏ်စီရင်တာနဲ့ပတ်သက်လို့ အရေးယူဆောင်ရွက်ရေး လုံခြုံရေးကောင်စီရဲ့ အရေးပေါ်အစည်းအဝေးကို ဩဂုတ်လ ၁၂ ရက် အမေရိကန်အရှေ့ပိုင်းစံတော်ချိန်အရ ဒီကနေ့နှောင်းပိုင်းမှာ ပြန်ပြီး ကျင်းပမှာဖြစ်ကြောင်း သိရပါတယ်။

---

# စီရင်ချက်သည် ယုတ္တိမရှိဟု ဒေါ်စု ပြော

**DVB ၊ ဩဂုတ် ၁၂ ။** ။ ဒေါ်အောင်ဆန်းစုကြည်ကို အပြစ်မရှိဘဲ အပြစ်ရှိတယ်လို့ စီရင်တဲ့အပေါ် ဒေါ်အောင်ဆန်းစုကြည်က လုံးဝမကျေနပ်ဘူးလို့ ပြောဆိုကြောင်း ဒီနေ့ သူနဲ့တွေ့ခွင့်ရလိုက်တဲ့ ရှေ့နေဦးဉာဏ်ဝင်းက ပြောပါတယ်။

ဦးဉာဏ်ဝင်းနဲ့ ရှေ့နေ ၄ ဦးဟာ ဒီနေ့ ညနေ ၃ နာရီခွဲ ကနေ ၄ နာရီခွဲအထိ ဒေါ်အောင်ဆန်းစုကြည်ကို သူ့နေအိမ်မှာ သွားရောက်တွေ့ဆုံပြီး အယူခံကိစ္စဆွေးနွေးစဉ် ဒေါ်အောင်ဆန်းစုကြည်က အခုလိုပြောဆိုလိုက်တာလို့ ဦးဉာဏ်ဝင်းက ရှင်းပြပါတယ်။

“ဒီနေ့တွေ့တာ ခွင့်ပြုချက်က ၁ နာရီပဲ။ အဓိကတော့ အယူခံရေးကိစ္စ။ အဲဒီအထဲက အချက်လက်တွေကို လောလောဆယ်ပြောလို့မရသေးဘူး၊ ဒါက အယူခံလွှာမှာ ထည့်ရမှာ။ တရားရုံးက စီရင်ချမှတ်တဲ့အမိန့်နဲ့ ပတ်သက်ပြီး ဒေါ်အောင်ဆန်းစုကြည်က သူ လုံးဝမကျေနပ်ဘူးတဲ့။ ယုတ္တိမရှိဘူး၊ မျှတမှုလည်း မရှိဘူးလို့ စီရင်ချက်နဲ့ပတ်သက်ပြီး သူ အဲလိုပြောပါတယ်။ သူ့အပေါ် မှာထားတဲ့ စည်းကမ်းချက် ၈ ခုမှာလည်း စည်းကမ်းချက်တိုင်းမှာမရှင်းတာတွေရှိနေတယ်တဲ့။ အဲဒါတွေနဲ့ပတ်သက်ပြီး ကျနော်တို့အဖွဲ့အနေနဲ့ သေချာလေ့လာပြီး သူနဲ့ညှိပြီးရင် မေးမြန်းဖို့ အဲဒါတွေ ဆွေးနွေးတယ်။ ကန့်သတ်ချက် ၈ ချက် ထဲမှာ အခုလိုခွင့်ပြုချက်ရတဲ့ ဧည့်သည်တွေနဲ့တွေ့တာအပြင် အရင် အကျယ်ချုပ်ထက် ပိုသာတဲ့ အချက်တွေပါတယ်လို့ သိရပါတယ်။ ဒါပေမယ့် သိပ်ရှင်းရှင်းလင်းလင်း မရှိသေးလို့ အာဏာပိုင်တွေကို ထပ်မေးဖို့လိုနေတယ်လို့ ဦးဉာဏ်ဝင်းက ပြောပါတယ်။

ဒ့ါအပြင် ဗိုလ်ချုပ်သန်းရွှေရဲ့အမိန့်စာမှာ ပါတဲ့စကားလုံးတွေကိုတော့ ဒေါ်အောင်ဆန်းစုကြည်က မှုအရကြိုဆိုပြီး လက်တွေ့ဖြစ်လာအောင် လုပ်ဖို့လိုတယ်လို့ တိုက်တွန်းခဲ့ကြောင်း ဦးဉာဏ်ဝင်းက ပြောပါတယ်။

“ဗိုလ်ချုပ်သန်းရွှေရဲ့ စာထဲမှာ ဗိုလ်ချုပ်အောင်ဆန်းရဲ့သမီး၊ အာဃာတမရှိဖို့၊ ဒီမိုကရေစီလမ်းကြောင်းနဲ့ နိုင်ငံတော်အေးချမ်းသာယာရေး ဒီအချက် ၄ ချက်ပြောတာကို မှုအားဖြင့် အကောင်းမြင်တဲ့အနေနဲ့ ဒီမှ ၄ ချက်ကို သူလက်ခံတယ်တဲ့။ ဒီအချက် ၄ ချက်က ဒီစာရွက်ပေါ်မှာ ရှိဖို့မဟုတ်ပါဘူး။ တကယ်လက်တွေ့ဆောင်ရွက်ဖို့ လိုအပ်ပါမယ်တဲ့။ ဒီလိုဆောင်ရွက်လို့ရှိရင် တိုင်းပြည်အတွက်လည်း အကျိုးရှိပါမယ်လို့ အဲလို ပြောပါတယ်။”

# ဒေါ်စုအိမ်ထဲ ယက်ထော ဝင်ခြင်းသည် အစိုးရစီစဉ်ခြင်းမဟုတ်ဟု ရဲချုပ်ဝန်ခံပြော

**DVB | ဩဂုတ် ၇ ။** ။ ဒီနေ့ နေ့လည်ပိုင်းက ဟံသာဝတီ မူးယစ်ဆေးဝါး ပြတိုက်မှာ ရဲချုပ်ဗိုလ်မှူးချုပ်ခင်ရီရဲ့ သတင်းစာရှင်းလင်းပွဲကို တနာရီကျော်ကြာ ပြုလုပ်ခဲ့ပါတယ်။

နိုင်ငံတော် လုံခြုံရေးနဲ့ တရားဥပဒေစိုးမိုးရေးအတွက် လက်ရှိဆောင်ရွက်နေတာတွေကို ရှင်းလင်းတင်ပြခြင်းလို့ ခေါင်းစဉ်တပ်ထားတဲ့ ဒီသတင်းစာရှင်းလင်းပွဲမှာ ဒေါ်အောင်ဆန်းစုကြည်ရဲ့နေအိမ်ကို အမေရိကန်နိုင်ငံသား ဂျွန်ဝီလီယံယက်တော ဝင်တဲ့ကိစ္စဟာ အစိုးရက စီစဉ်တာမဟုတ်တဲ့အကြောင်းနဲ့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်မစ္စတာဘန်ကီမွန်း မြန်မာပြည်လာချိန်ဖောက်ခွဲဖို့ ကြံစည်ထားတာတွေကို အချိန်မီဖော်ထုတ်နိုင်ခဲ့တဲ့အကြောင်း ရဲချုပ်ခင်ရီ က ပြောသွားတာပါ။ ဒါနဲ့ပတ်သက်လို့ ဒီနေ့ သတင်းစာရှင်းလင်းပွဲ တက်ရောက်ခဲ့တဲ့ သတင်းထောက်တဦးက ပြောပါတယ်။

“အဓိကက ဒေါ်အောင်ဆန်းစုကြည်အိမ် ဂျွန်ယက်ထောဝင်တဲ့ ကိစ္စက အပြင်က ပြောနေသလို သူတို့စီစဉ်တာမဟုတ်ဘူးလို့ရှင်းသွားတာပါ။ ဂျွန်ယက်ထောနဲ့ မဲဆောက်မှာ အေပီပီရုံးမှာ ဓာတ်ပုံတွဲရိုက်တဲ့ ကောင်မလေးကို လိုက်ရှာဖွေတဲ့အခါမှာ မြဝတီမှာတွေ့တယ်။ အဲ့ဒီကောင်မလေးကို ခေါ်ယူပြီးစစ်ဆေးဖော်ထုတ်နေတယ်။ ဖမ်းဆီးထားတာ မဟုတ်ဘူးပေ့ါ။ ကောင်မလေးအမည်ကိုတော့ မပြောဘူး။ အဲ့ဒီကောင်မလေးက ရန်ကုန်ထိ ဂျွန်ယက်ထောနဲ့ပါလာတယ်ပေ့ါ။ ၂၀၀၈ ခုနှစ်က ဒေါ်စုအိမ်ဝင်မယ်ဆိုတာတောင် ကောင်မလေးက တားခဲ့ဖူးတယ်တဲ့။ ကောင်မလေး ပြောပြချက်အရ သေချာတယ်ပဲ့ါ အစိုးရဘက်က ဒီကိစ္စစီစဉ်တာမဟုတ်ဘူး ဂျွန်ယက်ထော ဘာသာလုပ်သွားတဲ့ကိစ္စလို့ ပြောတာပါ။ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် လာစဉ်အတွင်း ဖောက်ခွဲဖို့လုပ်ထားတဲ့ ဟာတွေ သူတို့ ကြိုတင်ဖော်ထုတ်နိုင်ခဲ့တယ်ပေ့ါ။”

“သတင်းတွေ အရ (–ဌေးအောင်) ဆိုတဲ့ လူတယောက် ဟိုဘက်ကနေ ဖောက်ခွဲရေးသင်တန်းတွေသင်လာပြီး ဖောက် ခွဲရေး လုပ်ငန်းတွေ လုပ်မယ်ပေ့ါ။ တဘက်နိုင်ငံ အခြေစိုက် (ဗွီပီအက်စ်ဒဗလျူ ) စွမ်းအားမြင့် မြန်မာကျောင်းသားစစ်သည်တော်များအဖွဲ့ကနေ သင်တန်းတွေပေးပြီး ပြန်လာတဲ့ ရန်ကုန်မြို့ ပြန်လာတဲ့အချိန်မှာ ဖမ်းဆီးခဲ့မိတယ်။ ရှာဖွေဖော်ထုတ်မှုအရ ပန်းပဲတန်းလမ်းကုန်ဈေးတန်းအနီးမှာ ဇူလိုင် ၂ ရက်နေ့ ၁၀ နာရီခွဲ မှာ ဖမ်းဆီးမိခဲ့တာပါ။ စစ်ဆေးဖော်ထုတ်တဲ့ အခါမှာ (ဌေးအောင်)ရဲ့ ဘောင်းဘီ ထဲကနေ(ဒီတိုနေတာ) ချောင်းတွေ၊ စီးလာတဲ့ ဖိနပ်ထဲက (ဒီတိုနေတာ)ချောင်းတွေ၊ ဝါယာကြိုးတွေ သိမ်းဆည်းဖော်ထုတ်ခဲ့မိတယ်တဲ့။”

ဒီဖောက်ခွဲမှုနဲ့ ပတ်သက်လို့ ဖမ်းဆီးထားတာ ၁၅ ဦး ရှိတယ်လို့ပြောသွားပါတယ်။ သတင်းစာရှင်းလင်းပွဲ တက်ရောက်သူတွေရဲ့ မေးမြန်းမှုတွေနဲ့ပတ်သက်လို့ ထူးထူးခြားခြားသိခဲ့ရတာက ဒေါ်အောင်ဆန်းစုကြည်ရဲ့ နေအိမ် ယက်တောဝင်ရောက်မှုနဲ့ပတ်သက်လို့ နေအိမ်လုံခြုံရေးတာဝန်ယူထားသူတွေကို အရေးယူထားတာသိခဲ့ရတယ်လို့ ပြောပါတယ်။

“ထူးထူးခြားခြား သိရတာက လုံခြုံရေးရဲဘော်တွေကို အရေးယူထားတယ်လို့ပြောသွားတယ်။ အားလုံး ၂၃ ယောက်ခန့်ရှိတယ်လို့ပြောတယ်၊ ရဲမှူးကြီးအပါအဝင် အကြပ်တွေ တပ်သားတွေကို ရဲအရေးပိုင်က ထောင်ချတဲ့သူချတယ်၊ ရာထူးချနေရာပြောင်းတဲ့သူလည်း ပြောင်းတယ်လို့ ပြောသွားတယ်။ တပ်ရင်း ဖ က လုံခြုံရေးတာဝန်ယူရတဲ့ လူတွေဆိုပြီး ပြောသွားတယ်။ ယက်ထော ကျန်းမာရေးနဲ့ ပတ်သက်လို့ သူ့ဘာသာ အစာမစားလို့ဖြစ်တာလို့ ပြောတယ်။ ယက်ထောအတွက် ဖ သိန်း ၉ သောင်း ဆေးဖိုး ကုန်ခံထားပြီးပြီလို့ ပြောတယ်။ အခုဆေးရုံတက်နေတဲ့အခါမှာလည်း တနေ့ကို သုံးခါလောက်တက်နေတယ်ပြောတယ်၊ သတင်းထောက် တယောက်ကမေးတယ်။ ယက်ထော ကျန်းမာရေးကိစ္စကြောင့် တရားရုံးကို ထပ်ရွှေ့နိုင်သေးလားလို့ မေးတယ်။ အဲ့ဒါကတော့ ဂျွန်ယက်ထောကို စောင့်ကြပ်ကြည့်ရှုနေတဲ့ ဆရာဝန်တွေ ဆေးစစ်ချက်ပေါ်မှာမူတည်တယ်။ တရားရုံး ရွှေ့ မရွှေ့ဆိုတာကလည်း တရားရုံးရဲ့အခြေအနေပေါ်မှာ မူတည်တယ်။ ရဲချုပ်ကြီးက သူဘာမှ မပြောနိုင်ဘူးလို့ ပြောပါတယ်။”

အများစုက ဒီသတင်းစာ ရှင်းလင်းပွဲမှာ မစ္စတာယက်တောဆေးရုံတက်တဲ့ကိစ္စနဲ့ဆက်နွယ်ပြီး ဒေါ်အောင်ဆန်းစုကြည် အမှုကိစ္စကို ပြောမယ်လို့အားလုံးကထင်ထားပေမယ့် အမှန်ကတော့ ဒေါ်အောင်ဆန်းစုကြည်နေအိမ်ကို မစ္စတာယက်တော ဝင်ရောက်မှုဟာ အစိုးရစီစဉ်တာ မဟုတ်တဲ့အကြောင်း အဓိကပြောချင်တာဖြစ်ပြီး ဒီလိုအထင်မခံနိုင်တဲ့အတွက် ဖောက်ခွဲမှုနဲ့တွဲပြီး ရှင်းလင်းတာဖြစ်တယ်လို့ တက်ရောက်ခဲ့သူတွေက သုံးသပ်ပါတယ်။ ဒီသတင်းစာရှင်းလင်းပွဲကိုအကျဉ်းဦးစီးဌာန၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ နိုင်ငံတကာသံတမန်တွေ၊ ပြည်တွင်းပြည်ပသတင်းထောက်တွေနဲ့ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းတွေ တက်ရောက်ခဲ့ကြပါတယ်။

# အလှူလက်ခံတဲ့ဘုန်းကြီးကျောင်းကို အာဏာပိုင်တွေက အင်အားသုံးစောင့်ကြည့်

**DVB | ဩဂုတ် ၁၀ ။** ။ လွန်ခဲ့တဲ့ ဩဂုတ်လ ၈ ရက်နေ့က နော်အုန်းလှ ခေါင်းဆောင်တဲ့ အင်္ဂါဝတ်ပြုဆုတောင်းအဖွဲ့ရဲ့ အလှူပွဲအပြီးမှာ ဒေသခံအာဏာပိုင်တွေက အလှူလက်ခံတဲ့ ဘုန်းကြီးကျောင်းရဲ့ ကုသိုလ်ဖြစ်နာရေးကူညီမှုလုပ်ငန်းကို နှောင့်ယှက်နေတယ်လို့ သိရပါတယ်။

ဒီနေ့မှာ ဩဂုတ်လ ၈ ရက်နေ့၊ သမိုင်းဝင်လူထုအုံကြွမှု ၂၁ နှစ်မြောက်နေ့အဖြစ် နော်အုန်းလှဦးဆောင်တဲ့ အင်္ဂါဝတ်ပြုဆုတောင်းအဖွဲ့က ရန်ကုန်တိုင်း ဒဂုံမြို့သစ်မြောက်ပိုင်း ၅၀ ရပ်ကွက်မှာရှိတဲ့ မကွေးစာသင်တိုက်မှာ ဝါဆိုသင်္ကန်းကပ်၊ ဆွမ်းကျွေးခဲ့ပြီး ၈ လေးလုံးမှာ ကျဆုံးသူတွေအတွက် အမျှအတန်းပေးဝေခဲ့ပါတယ်။ ဒီတရားပွဲမှာ ဆရာတော်ဦးပါမောက္ခရဲ့တရားကို နာယူခဲ့ပြီး အဲဒီအလှူပွဲကို အာဏာပိုင်တွေက အင်အားသုံးစောင့်ကြည့်ခဲ့ပါတယ်။ ဆရာတော်ဦးပါမောက္ခက အခုလိုမိန့်ပါတယ်။

“၈ ရက်နေ့က ကျောင်းရှေ့မှာ လူအင်အား တရာကျော်လောက်ရှိတယ်။ ပတ်ဝန်းကျင်မှာ နှစ်ရာ သုံးရာလောက် ချထားတာဟုတ်ပါတယ်။ အခုသူတို့ရယ်၊ ဒီနားက နယ်ထိန်းရဲ ၂ ယောက်ကို ထားပါတယ်”။

အဲဒီစာသင်တိုက်ဟာ နာရေးကူညီမှု ကုသိုလ်ဖြစ်လုပ်ဆောင်နေသလို ကျောင်းမနေနိုင်တဲ့ ကလေးတွေကိုလည်း ပညာသင်ကြားပေးနေတာပါ။ ၈ ရက်နေ့က အလှူကိုလက်ခံလိုက်တဲ့အတွက် ဒေသအာဏာပိုင်တွေက ကျောင်းရဲ့ ပုံမှန်လုပ်ငန်းတွေမှာ နှောင့်ယှက်မှုတွေလုပ်လာတယ်လို့ ဆရာတော် ဦးပါမောက္ခက မိန့်ကြားပါတယ်။

“ဘုန်းကြီးတို့ နာရေးကူညီမှုအသင်းဖွဲ့ထားတယ်။ နာရေးကူညီမှုအသင်းမှာလာပြီးတော့ စားပွဲခုံ၊ ဖျာ၊ လဖက်ရည်ပန်းကန်၊ ဒန်အိုးဒန်ခွက်လှူတာတွေကို အလှူ့ဒကာတွေကိုရော ကျောင်းရော ကျောင်းမှာလည်း စာရင်းမှတ်တယ်။ လာလှူတဲ့လူတွေကို နောက်ထပ်မလှူအောင်လို့ အိမ်တွေအထိလိုက်ပြီး နှောင့်ယှက်တယ်။ တချို့လှူဒါန်းတာတွေ ရပ်သွားတယ်၊ လှူဒါန်းတဲ့အိမ်ကို လိုက်သွားပြီးတော့ ဘာကြောင့် လှူဒါန်းရတာလဲ ဆိုပြီးတော့ ပြောတယ်။ အခုနောက်လှူမယ့်ဟာတွေကို ကုမ္ပဏီကနေခေတ္တရပ်ဆိုင်းထားတယ်။”

အာဏာပိုင်တွေက ဘုန်းတော်ကြီးကျောင်းသာမကဘဲ နော်အုန်းလှတို့ အင်္ဂါဝတ်ပြု အဖွဲ့ကိုလည်း တားဆီးကန့်သတ်မှုတွေ၊ နှောင့်ယှက်မှုတွေတိုးလုပ်လာပါတယ်။

“ကျမတို့ ဘုရားရှိုးခိုးနေတာ ဒေါ်အောင်ဆန်းစုကြည်ရုံးထုတ်တဲ့ နောက်ပိုင်းပိုဆိုးလာတယ်။ အင်္ဂါမိသားစု လူတိုင်းရဲ့နောက်ကို ၂ ယောက်၊ ၁ ယောက်၊ ၃ ယောက်လိုက်တဲ့အခါကျတော့ အများကြီးဖြစ်နေတာ။ ၈ လေးလုံး နှစ်ပတ်လည်နေ့ကဆိုရင် ဘုရားပေါ်မှာ အန်တီတို့ ၉ ယောက်ပဲရှိတယ်။ ဘုရားရှိုးခိုးပြီးထလိုက်တော့ သူတို့က အားလုံး ဖ၀ ကျော်တယ်။”

ဒဂုံမြောက်ပိုင်းရဲစခန်းနဲ့ နီးစပ်သူတွေရဲ့ အပြောအရ ဆရာတော်ဦးပါမောက္ခကို ဌာနဆိုင်ရာလေးခုက လာရောက်မေးမြန်းနေတယ်လို့ သိရပါတယ်။

# ဒီမိုကရေစီဖတ်စာ

ကျော်ကျော်စိုး

## ချာတာ ၀၈

## Charter 08

ကျော်ကျော်စိုး ဘာသာပြန်သည်

တရုတ်နိုင်ငံသား ၃၀၃ ဦးပါဝင်သော အုပ်စုတစုသည် ကမ္ဘာလုံးဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်း နှစ် ၆၀ ပြည့်သောအထိမ်းအမှတ်အဖြစ် ၂၀၀၈ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်နေ့တွင် ချာတာ ၀၈ (Charter 08) ကို ထုတ်ပြန်ကြေညာခဲ့သည်။ အဆိုပါကြေညာချက်က တရုတ်အစိုးရအား နိုင်ငံ၏အာဏာရှင်အုပ်ချုပ်မှုနှင့် အကျင့်ပျက်လာဘ်စားမှုများဖြစ်နေသည့် အစိုးရကို လူ့အခွင့်အရေးလေးစားမှုနှင့် ဘာသာရေးလွတ်လပ်ခွင့်များအပါအဝင် ဒီမိုကရေစီဘောင်များနှင့်အညီပြုပြင်ပြောင်းလဲရန် တောင်းဆိုထားသည်။

ချာတာ ၀၈ သည် ၁၉၇၇ ခုနှစ်က ချက်နှင့် စလိုဗက် တတ်သိပညာရှင်များနှင့် လုပ်ရှားသူများက ချက်ကိုစလိုဗားကီးယားအစိုးရအား လူ့အခွင့်အရေးများကို လေးစားလိုက်နာရန် လက်မှတ်ရေးထိုးကာ ထုတ်ပြန် ကြေညာခဲ့သည့် ချာတာ ၇၇ (Charter 77) က လျှောက်လှမ်းခဲ့သည့်လမ်းအတိုင်း လိုက်ခဲ့ခြင်းဖြစ်သည်။

ချာတာ ၇၇ တွင် လက်မှတ်ထိုးခဲ့သူများထဲတွင် စာရေးဆရာ ပြဇာတ်ရေးဆရာ(နောင်တွင် ချက်သမတဖြစ်လာခဲ့သည့်) ဗားကလပ်ဗ် ဟာဗဲလ်လည်း ပါဝင်ခဲ့သည်။

ချာတာ ၀၈ တွင် လက်မှတ်ရေးထိုးခဲ့ကြသောသူများထဲတွင် တရုတ်ပညာရှင်များစွာပါသကဲ့သို့ စီးပွားရေးနယ်ပယ်မှသည် ကျေးလက်ဒေသတွင် နေထိုင်ကြသည့် သာမန်ပြည်သူပြည်သားများလည်းပါဝင်ပေသည်။ ၄င်းတို့၏ရည်မှန်းချက်မှာ နိုင်ငံရေးပါတီတရပ်ဖွဲ့စည်းထူထောင်ရန်မဟုတ်ပေ၊ တရုတ်နိုင်ငံတွင် အခြေခံအပြောင်းအလဲများဖြစ်လာစေမည့် ယဉ်ကျေးမှု ဆိုင်ရာပြုပြင်ပြောင်းလဲရေး လှုပ်ရှားမှုတခုကို စတင်လိုက်ခြင်းဖြစ်သည်။

ဤချာတာ ၀၈ ကြေညာစာတမ်းက ထုတ်ပြန်ခဲ့ပြီးသည့်နောက်တွင် စိုးရိမ်ကြောက်ရွံ့မှုများနှင့် ဖမ်းဆီးမှုများဖြစ်ပွားလာခဲ့ပြီးဖြစ်သည်။

ချာတာ ၀၈ ကို လက်မှတ်ရေးထိုးခဲ့သူတဦးဖြစ်သည့်အပြင် ပညာရှင်တဦးဖြစ်သည့် လျူရှောင်ဘို Liu Xiaobo သည် ဒီဇင်ဘာ ၈ ရက်နေ့တွင် ဖမ်းဆီးခံခဲ့ရသည်။ ထို့အပြင် ဇန်ဇူဟွာဆိုသည့်လက်မှတ်ရေးထိုးသူတဦး သည်လည်း တရုတ်ရဲတပ်ဖွဲ့၏ ၁၂ နာရီကြာ စစ်ဆေးမေးမြန်းမှုကိုခံခဲ့ရပြီးနောက် ပြန်လွတ်မြောက်လာခဲ့သည်။ ထိုမျှမက သိပ္ပံပညာရှင် ကျန်ကျီရှင်း Jiang Qisheng ပီကင်းမှ ရှေ့နေ ပူဇီကျင် Pu Zhiqiang တို့သည်လည်း ရဲတပ်ဖွဲ့၏စစ်ဆေးမေးမြန်းမှုများကိုခံခဲ့ရသည့်အပြင် စောင့် ကြည့်မှုများ နှင့်လည်း ရင်ဆိုင်နေရပေသည်။

နိဒါန်း

တရုတ်၏ပထမဦးဆုံးသောဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲခဲ့သည် မှာ နှစ် ၁၀၀ လွန်မြောက်ခဲ့ပြီဖြစ်သည်၊ ကမ္ဘာလုံးဆိုင်ရာလူ့အခွင့်အရေး ကြေညာစာတမ်း ပေါ်ပေါက်ခဲ့သည်မှာ ၂၀၀၈ ခုနှစ်တွင် နှစ် ၆၀ ပြည့်ပြီဖြစ်သည်။ ထို့အတူ ပီကင်းတွင် ဒီမိုကရေစီတံတိုင်းပေါ်ထွန်းခဲ့သည်မှာ နှစ် ၃၀ မြောက်ခဲ့ပြီဖြစ်သည်၊ ထိုမျှမက တရုတ်နိုင်ငံက ပြည်သူ့ရေးရာနှင့်နိုင်ငံရေးဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခဲ့သည်မှာ ၁၀ နှစ် ပြည့်ခဲ့လေပြီ။

ဒီမိုကရေစီရေး ကျောင်းသားဆန္ဒပြလှုပ်ရှားသူများကို သတ်ဖြတ်ခဲ့သည့် တိန်အန်မင်အရေးအခင်းသည်လည်း နှစ် ၂၀ အတွင်း ချင်းနင်းဝင်ရောက်လာနေပြီဖြစ်သည်၊ ထိုကာလများအတွင်း ဒီမိုကရေစီရေးအတွက် ခိုင်ခိုင်မြဲမြဲရပ်တည်ကြိုးပမ်းခဲ့ကြသည့် တရုတ်ပြည်သူပြည်သားများထဲမှ မြောက်မြားစွာတို့သည် လွတ်လပ်မှု၊ ညီမျှမှုနှင့် လူ့အခွင့်အရေးတို့သည် ကမ္ဘာလုံးဆိုင်ရာလူ့တန်ဖိုးများဖြစ်သည်ဆိုသည်ကိုသိရှိလာသည့်အပြင် ဒီမိုကရေစီနှင့် အခြေခံဥပဒေနှင့်အညီပေါ်ပေါက်လာသည့်အစိုးရသည် ထိုတန်ဖိုးများကို အကာအကွယ်ပေးရာ အဓိကကျသောအဖွဲ့အစည်းဖြစ်သည်ကိုလည်း ရှင်းလင်းစွာသိမြင်လာပြီဖြစ်သည်။

တရုတ်အစိုးရသည် ထိုတန်ဖိုးများမှသွေဖယ်၍ ခေတ်မီတိုးတက်ရေးဆီသို့ချဉ်းကပ်နေခဲ့မှုသည် ဒုက္ခကြုံနေပြီဆိုသည်ကို သက်သေပြနေပြီဖြစ်သည်။ ၄င်းသည် ပြည်သူလူထု၏အခွင့်အရေးများကို ဖယ်ရှားနေသည်၊ သိက္ခာကိုဖျက်ဆီးနေသည်၊ လူအချင်းချင်းအကြားအကျင့်ပျက်စေနေသည်။

ထို့ကြောင့် ကျွန်ုပ်တို့အနေဖြင့် မေးခွန်းထုတ်ရမည်ဖြစ်သည်၊ ၂၁ ရာစုတွင် တရုတ်နိုင်ငံသည် မည်သည့်အရပ်သို့ဦးတည်နေသနည်း။ အာဏာရှင်အုပ်ချုပ်မှုအောက်တွင် ခေတ်မီတိုးတက်ရေးကို ဆက်လက်လုပ်ဆောင်မည်လောသို့မဟုတ် ကမ္ဘာလုံးဆိုင်ရာလူသားတန်ဖိုးများကို လက်ကမ်းလင့်ကြိုမည်လော၊ ယဉ်ကျေးသည့်လူမှုအသိုင်းအဝိုင်းအတွင်းဝင်ရောက်မည်လော၊ ဒီမိုကရေစီစနစ်တခုကိုတည်ဆောက်မည်လော။ ဤမေးခွန်းများသည် ရှောင်လွှဲ၍မရနိုင်သောမေးခွန်းများဖြစ်သည်။

၁၉ ရာစုအတွင်းက တရုတ်နိုင်ငံအပေါ်ကျရောက်ခဲ့သည့် အနောက်နိုင်ငံများ၏ရိုက်ခတ်မှုများက အာဏာရှင်အုပ်ချုပ်မှုစနစ်တရပ်ကို ဖြစ်ပေါ်လာစေခဲ့ပြီး နှစ်ထောင်ပေါင်းများစွာအတွင်း အကြီးမားဆုံးသော စိမ်ခေါ်မှုများဟု တခါတရံတွင်ခေါ်ဆိုခဲ့ကြသည်များ၏ ကနဦးအစဖြစ်ခဲ့သည်။ ထိုအတွက် ကိုယ့်အားကိုယ်ကိုးသည့်လှုပ်ရှားမှုကြီး ဖြစ်ပေါ်လာခဲ့သည်။ ဤသည်က စစ်သင်္ဘောများတည်ဆောက်နိုင်သည့်နည်းပညာများနှင့် အနောက်နိုင်ငံများသုံးစွဲသည့်အခြားပစ္စည်းများကို ထုတ်လုပ်လာနိုင်ခဲ့သည်။ ၁၈၉၅ ခုနှစ်တွင် ဂျပန်တို့လက်ချက်ကြောင့် တရုတ်ရေတပ် မရှုမလှအရေးနိမ့်သွားခဲ့ခြင်းက တရုတ်၏အစိုးရအုပ်ချုပ်ရေးစနစ်သည် အလုပ်မဖြစ်ဆိုသည်ကို သက်သေပြရာရောက်ခဲ့သည်။

ခေတ်သစ်နိုင်ငံရေးပြုပြင်ပြောင်းလဲရေးအတွက် ပထမဦးဆုံးသော ကြိုးပမ်းမှုသည် ၁၈၉၈ ခုနှစ် နွေရာသီတွင် ပေါ်ပေါက်လာခဲ့သော်လည်း ကံမကောင်းအကြောင်းမလှစွာဖြင့် တရုတ်နန်းတွင်းရှိ ရှေးရိုးစွဲဝါဒီမျိုးစုံ၏ ရက်စက်စွာနှိပ်ကွပ်ချေမှုန်းမှုကိုခံခဲ့ရသည်။ အာရှတိုက်တွင် ပထမဦးဆုံးသော သမတနိုင်ငံဖြစ်ထွန်းလာစေမည့် ၁၈၉၈ နွေရာသီပြုပြင်ပြောင်းလဲမှုနှင့်အတူ ရာစုနှစ်ပေါင်းများစွာတည်ရှိခဲ့သည့် အာဏာရှင်ဘုရင်စနစ်သည်လည်း ချုပ်ငြိမ်းသွားတော့မည့်အနေအထားရောက်လာခဲ့သော်လည်း နိုင်ငံတွင်း လူမှုရေးပဋိပက္ခနှင့် ပြည်ပဖိအားတို့က ထိုသို့ချုပ်ငြိမ်းတော့မည့်အရေးကို တားဆီးပိတ်ပင်သကဲ့သို့ဖြစ်လာခဲ့သည်။ တရုတ်နိုင်ငံသည် စစ်ဘုရင်များ၏ဩဇာအောက်သို့ကျရောက်ခဲ့ပြီး သမတနိုင်ငံပေါ်ပေါက်ရေးသည်လည်း အိပ်မက် သဖွယ်လွင့်ပြယ်ခဲ့သည်။

ထိုကဲ့သို့ ကိုယ့်အားကိုယ်ကိုးရေးနှင့် နိုင်ငံရေးပြုပြင်ပြောင်းလဲရေးတို့ကျရှုံးခဲ့ရခြင်းက ယဉ်ကျေးမှုအားနည်းခြင်းသည် ကျွန်ုပ်တို့၏နိုင်ငံကို ထိခိုက်နစ်နာမှုရှိစေသလော သို့မဟုတ် မရှိစေသလောဆိုသည်ကို ကျွန်ုပ်တို့၏ အရင်မျိုးဆက်များစွာတို့က စဉ်းစားလုပ်ဆောင်ခဲ့ကြရသည်။ ဤအချက်က ကျွန်ုပ်တို့အားများစွာအားပေးရာရောက်ခဲ့သည်။ ၁၉၁၀ ခုနှစ် မေလ ၄ ရက် တွင် သိပ္ပံနှင့်ဒီမိုကရေစီလှုပ်ရှားမှုဖြစ်ပွားလာခဲ့သည်။ ဤလှုပ်ရှားမှုသည်လည်း စစ်ဘုရင်များ၏ဆန့်ကျင်မှုကိုခံခဲ့ရပြီး ဂျပန်တို့၏ကျူးကျော်မှု(၁၉၃၁ ခုနှစ် တွင် မန်ချူးရီးယားကိုသိမ်းပိုက်)ခံရကာ နိုင်ငံလည်း အကျပ်အတည်းနှင့်ရင်ဆိုင်ခဲ့ရသည်။

၁၉၄၅ ခုနှစ်တွင် ဂျပန်အား အနိုင်ရခဲ့ခြင်းက တရုတ်အား ခေတ်မီအစိုးရတရပ်ပေါ်ထွန်းလာစေရေးအတွက် အခွင့်အလမ်းတခုဖြစ်လာစေခဲ့သည်။ သို့သော်လည်း ပြည်တွင်းစစ်၌ ကွန်မြူနစ်များက အမျိုးသားရေးဝါဒီများကို အနိုင်ရခဲ့ခြင်းက နိုင်ငံအား အကြွင်းမဲ့အာဏာရှင်စနစ်သို့ သက်ဆင်းစေခဲ့သည်။ ၁၉၄၉ ခုနှစ်တွင်ပေါ်ထွန်းခဲ့သည့်တရုတ်နိုင်ငံသစ်က ပြည်သူလူထုသည် အချုပ်အခြာအာဏာအမြင့်ဆုံးဖြစ်သည်ဟု ကြေညာခဲ့သော်လည်း တကယ်လက်တွေ့၌ ပါတီသည်

အာဏာအရှိဆုံးဖြစ်ခဲ့သည်။

တရုတ်ကွန်မြူနစ်ပါတီသည် နိုင်ငံ၏အဖွဲ့အစည်းအားလုံးနှင့် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးအရင်းအမြစ်အားလုံးတို့ကိုလည်း ထိန်းချုပ်လိုက်ကာ ပါတီအတွက်အသုံးချခဲ့သည့်အတွက် လူ့အခွင့်အရေးကပ်ဘေးဒုက္ခကြီး ကာလကြာရှည်စွာသင့်ခဲ့ရသည်။ လက်ယာဝါဒီဆန့်ကျင်ရေးလှုပ်ရှားမှု (၁၉၅၇)၊ ရှေ့သို့မဟာခြေလှမ်း (၁၉၅၈–၁၉၆၂)၊ ယဉ်ကျေးမှုတော်လှန်ရေး (၁၉၆၆–၁၉၆၉)၊ ဂျွန် ၄ ရက်(တိန်အန်မင်)သတ်ဖြတ်မှု(၁၉၈၉) နှင့် ယခု လက်ရှိခွင့်ပြုချက်မရ ဘာသာရေးအဖွဲ့အစည်းများအားနှိပ်ကွပ်မှုနှင့် ဝေကွဲအခွင့်အရေးလှုပ်ရှားမှု (တရုတ်အခြေခံဥပဒေပါလူ့အခွင့်အရေးများကို ကာကွယ်ရေးနှင့် တရုတ်အစိုးရကလက်မှတ်ရေးထိုးသည့် လူ့အခွင့်အရေးဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ်များအတိုင်း လူ့အခွင့်အရေးများ အသိအမှတ်ပြုခံရရေးလှုပ်ရှားမှု) အား နှိပ်ကွပ်နေမှုစသည်တို့တွင် လူ့အခွင့်အရေးကပ်ဘေးကြီး ကြုံခဲ့နေရသည်။

ထို ကာလတလျှောက်လုံးတွင် တရုတ်ပြည်သူပြည်သားများသည် ကြီးမားလှသည့်ပေးဆပ်မှုများနှင့်ကြုံခဲ့ရသည်။ သန်းပေါင်းများစွာသောပြည်သူများ ဘဝဆုံးရှုံးခဲ့ရသည်။ လွတ်လပ်မှုနှင့်ပျော်ရွှင်မှုများကို မျှော်မှန်းခဲ့ကြသည့် မျိုးဆက်ပေါင်းများစွာတို့နှင့် ၎င်းတို့၏ဂုဏ်သိက္ခာများသည် ရက်စက်စွာ နှိပ်ကွပ်နင်းချေခံခဲ့ရသည်။

၂၀ ရာစု၏ နောက်ဆုံး ဆယ်စုနှစ် ၂ ခုအတွင်း အစိုးရ၏ ပြုပြင်ပြောင်းလဲရေးနှင့် တံခါးဖွင့်ပေါ်လစီကြောင့် တရုတ်ပြည်သူပြည်သားများသည် မော်စီတုန်းခေတ်အကြွင်းမဲ့အာဏာရှင်ဝါဒနှင့် ဆင်းရဲမွဲတေမှုအောက်မှ လွတ်မြောက်လာကြသည်။ ကြွယ်ဝချမ်းသာလာပြီး မြောက်မြားလှစွာသော တရုတ်ပြည်သူပြည်သားများ၏လူနေမှုအဆင့်အတန်း မြင့်မားလာခဲ့သလို စီးပွားရေးလွတ်လပ်ခွင့်နှင့် စီးပွားရေးဆိုင်ရာအခွင့်အရေးများ တစိတ်တပိုင်းရရှိလာခဲ့ကြသည်။ လူမှုလူ့အဖွဲ့အစည်းထွန်းကားလာသည်။ အခွင့်အရေးများ ပိုမိုပေးရေးနှင့် နိုင်ငံရေးလွတ်လပ်ခွင့်ပိုမိုရရှိရေးအတွက် တောင်းဆိုမှုများ ပိုမိုများပြားလာသည်။ အုပ်ချုပ်သူထိပ်တန်းအလွှာများကပင် ပုဂ္ဂလိကပိုင်ဆိုင်မှုများနှင့် ဈေးကွက်စီးပွားရေးဆီသို့ ဦးတည်လာခဲ့ပြီး လက်ယာသမားများကို ဆန့်ကျင်ကန့်ကွက်မှုများပင်ပြောင်းလဲလာကာ ထိုသူများအား တစိတ်တဒေသအားဖြင့် အသိအမှတ်ပြုလာသည်။

၁၉၈၉ ခုနှစ်တွင် တရုတ်အစိုးရသည် အရေးပါသည့် လူ့အခွင့်အရေးဆိုင်ရာသဘောတူညီစာချုပ် ၂ ခုကို လက်မှတ်ရေးထိုးခဲ့သည်။ ၂၀၀၄ ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေထဲ၌ လူ့အခွင့်အရေးကိုလေးစားရေးနှင့် ကာကွယ်စောင့်ရှောက်ရေးစာသားများကို ထည့်သွင်းပြုပြင်ခဲ့သည်။ ၂၀၀၈ ခုနှစ်တွင် နိုင်ငံ့လူ့အခွင့်အရေးလှုပ်ရှားမှုအစီအစဉ်ကို တိုးမြှင့်လုပ်ဆောင်မည်ဟု ကတိပေးခဲ့သည်။ ကံမကောင်းအကြောင်းမလှဟု ဆိုရပေမည်။ ဤသို့သော နိုင်ငံရေးဆိုင်ရာတိုးတက်မှုအားလုံးနီးပါးသည် စာရွက်ပေါ်တွင် ရေးသားထားသည်ထက် မည်သို့မျှပို၍ခြဲ့ထွင်လှုပ်ရှားခြင်းမရှိခဲ့ပေ။

လက်တွေ့နိုင်ငံရေးအရမူ တရုတ်တွင်ဥပဒေများစွာရှိသည်ကို မည်သူမဆိုတွေ့မြင်ရမည်ဖြစ်သော်လည်း တရားဥပဒေစိုးမိုးမှုမရှိသည်ကိုပါ တွေ့မြင်ရမည်ဖြစ်ပေသည်။ တရုတ်တွင် အခြေခံဥပဒေရှိသည်၊ သို့သော် ထိုအခြေခံဥပဒေနှင့်ညီသောအစိုးရမရှိပေ၊ အုပ်ချုပ်သူထိပ်တန်းအလွှာသည် အာဏာရှင်အုပ်ချုပ်ရေးကို ဆက်လက်ဖက်တွယ်ထားဆဲဖြစ်ပြီး နိုင်ငံရေး ပြုပြင်ပြောင်းလဲရေးကိုဦးတည်သည့် မည်သည့်လှုပ်ရှားမှုကိုမဆို တိုက်ဖျက်ချေမှုန်းနေဆဲဖြစ်သည်။

ထိုအတွက်ရလဒ်မှာ အစိုးရဝန်ထမ်းများအကြား လာဘ်စားမှုအကြီးအကျယ်ပျံ့နှံ့လျက်ရှိနေခြင်း၊ တရားဥပဒေစိုးမိုးရေးသည် အားနည်းနေခြင်း လူ့အခွင့်အရေးအားနည်းလာခြင်း၊ ပြည်သူလူထုအကျင့်စာရိတ္တယိုယွင်းလာခြင်း၊ လူတစုကောင်းစားရေးအရင်းရှင်ဝါဒထွန်းကားလာနေခြင်း၊ ဆင်းရဲသူနှင့် ချမ်းသာသူများအကြား မညီမျှမှုကြီးထွားလာနေခြင်း၊ သဘာဝပတ်ဝန်းကျင်၊ လူသားပတ်ဝန်းကျင်၊ သမိုင်းပတ်ဝန်းကျင်ပျက်စီးလာခြင်း၊ လူမှုရေးပဋိပက္ခများကျယ်ပြောလာခြင်း၊ အထူးသဖြင့် မကြာသေးမီကာလအတွင်း အစိုးရအရာရှိများနှင့်သာမန်ပြည်သူများအကြား ရန်လိုမုန်းတီးမှုများ သိသိသာသာတိုးပွားလာခြင်းစသည်များဖြစ်သည်။

ဤသို့သော ပဋိပက္ခများ၊ အကျပ်အတည်းများသည် ပို၍သာပြင်းထန်လာနေပြီး၊ အုပ်ချုပ်သူထိပ်တန်းအလွှာကလည်း နှိပ်ကွပ်ချေမှုန်းမှုများကိုသာ ဆက်လက်ပြုလုပ်နေသလို ပြည်သူပြည်သားများ၏လွတ်လပ်ခွင့်ပိုင်ဆိုင်ခွင့်စသည့် အခွင့်အရေးများ၊ ဘဝပျော်ရွှင်မှုကိုရှာဖွေကြိုးပမ်းနေသည်များကို ဖယ်ရှားလျက်ရှိသည်။ ကျွန်ုပ်တို့၏လူ့အဖွဲ့အစည်းအတွင်း ထိခိုက်လွယ်အုပ်စုများဖြစ်သည့် အင်အားမဲ့များ တိုးပွားလာနေသည်ကို မြင်တွေ့နေရသည်။ ထိုသူများသည် ဖိနှိပ်ခံနေရသည်၊ စောင့်ကြပ်ကြည့်ရှုခံနေရသည်၊ ဒုက္ခခံနေရသည်။ တခါတရံတွင် ရက်စက်ကြမ်းကြုတ်သည့် ညှဉ်းပမ်းနှိပ်စက်မှုများကိုပါ ခံနေရသည်၊ ၎င်းတို့၏ကန့်ကွက်မှုများကို ထုတ်ဖော်ပြသရန် နေရာမရှိဖြစ်နေသည်၊ တရားရုံးများကလည်း ၎င်းတို့၏အယူခံများကို ကြားနာခြင်းမပြုပေ။

ဤသည်က အုံကြွလိုစိတ်ကို ပို၍ဖြစ်လာစေပြီး ဘေးဒုက္ခအကြီးအကျယ်ဆိုက်ရောက်စေမည့်အင်အားသုံးပဋိပက္ခများ တိုးမြင့်လာမည့်အလားအလာရှိနေသည်။ လက်ရှိအခြေအနေ၏ယိုယွင်းမှုများက ငြိမ်းချမ်းသော အပြောင်းအလဲသည် ရွေးစရာလမ်းမဟုတ်တော့ဟု မှတ်ယူလာမည့်အဆင့်သို့ ရောက်လာပေသည်။

ကျွန်ုပ်တို့ ၏အခြေခံစည်းမျဉ်းများ

ဤကာလသည် တရုတ်နိုင်ငံအတွက် သမိုင်းမော်ကွန်းတင်မည့်ကာလဖြစ်သည်၊ ကျွန်ုပ်တို့၏အနာဂတ်ကို အဆုံးအဖြတ်ပေးမည့်ကာလဖြစ်သည်။ လွန်ခဲ့သောနှစ် ရာနှင့်ချီ၍ရှိခဲ့သော နိုင်ငံ ခေတ်မီတိုးတက်ရေး လုပ်ငန်းစဉ်ကို သုံးသပ်ကြည့်ပြီးနောက် ကျွန်ုပ်တို့သည် အောက်ဖော်ပြပါ ကမ္ဘာလုံးဆိုင်ရာတန်ဖိုးများကို ဖော်ထုတ်ပြီး အတည်ပြုလက်မှတ်ရေးထိုး လိုက်သည်။

လွတ်လပ်မှု … လွတ်လပ်မှုဆိုသည်မှာ ကမ္ဘာလုံးဆိုင်ရာလူ့အခွင့်အရေး၏ကျောရိုးဖြစ်သည်။ လွတ်လပ်စွာပြောဆိုခွင့်၊ လွတ်လပ်စွာပုံနှိပ်ထုတ်ဝေခွင့်၊ လွတ်လပ်စွာစည်းရုံးပိုင်ခွင့်၊ လွတ်လပ်စွာအခြေချနေထိုင်ပိုင်ခွင့်၊ လွတ်လပ်စွာသပိတ်မှောက်ခွင့်၊ ဆန္ဒပြခွင့်၊ ကန့်ကွက်ခွင့်နှင့် လွတ်လပ်ခွင့်များကို ဖော်ထုတ်ယူဆောင်ပေးလာမည့် အခြားအခွင့်အရေးများရှိရပေမည်။ လွတ်လပ်မှုမရှိပါက တရုတ်နိုင်ငံသည် ယဉ်ကျေးခေတ်မီသည့်အယူအဆများနှင့် အလှမ်းဝေးနေဦးမည်ဖြစ်သည်။

လူ့အခွင့်အရေး … လူ့အခွင့်အရေးဆိုသည်မှာ အစိုးရကပေးမှရသည် မဟုတ်ပေ၊ လူတိုင်းသည် ဂုဏ်သိက္ခာနှင့်လွတ်လပ်ခွင့်ကို မွေးရာပါအခွင့်အရေးအဖြစ် ဆက်ခံပိုင်ခွင့်ရှိသည်။ အစိုးရသည် ၎င်း၏ပြည်သူများ၏လူ့အခွင့်အရေးကို ကာကွယ်ပေးရန် ရပ်တည်ရမည်။ အစိုးရ၏အာဏာကျင့်သုံးမှုသည် ပြည်သူများ၏ခွင့်ပြုချက်နှင့်အညီဖြစ်ရမည်။ တရုတ်နိုင်ငံတွင် မကြာသေးသည့် သမိုင်းကာလတွင်း တွေ့ကြုံခံစားခဲ့ရသည့်နိုင်ငံရေးဘေးဒုက္ခများသည် လက်ရှိအစိုးရ၏ လူ့အခွင့်အရေးကို အလေးမထားမှုကြောင့်ဖြစ်သည်။

တန်းတူညီမျှမှု … ပေါင်းစည်းမှု၊ ဂုဏ်သိက္ခာနှင့် လူတိုင်း၏ လွတ်လပ်ခွင့်များသည် လူမှုရေးအခြေအနေ၊ အလုပ်အကိုင်၊ လိင်၊ စီးပွားရေးအခြေအနေ၊ လူမျိုးစု၊ အသားအရောင်၊ ဘာသာရေး သို့မဟုတ် နိုင်ငံရေးယုံကြည်ချက် တို့အပေါ် ခွဲခြားမှုမရှိပဲ တန်းတူရှိရမည်ဖြစ်သည်။ ဥပဒေရှေ့မှောက်တွင် အားလုံးတပြေးညီဖြစ်ရမည်ဆိုသည့်စည်းမျဉ်းနှင့်အညီရှိရမည်ဖြစ်သလို၊ လူမှုရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု၊ ပြည်သူ့ရေးရာနှင့် နိုင်ငံရေးဆိုင်ရာ အခွင့်အရေးများကိုလည်း တန်းတူဖြစ်စေရန် ထိန်းသိမ်းရမည်ဖြစ်သည်။

သမတနိုင်ငံဝါဒ … သမတနိုင်ငံဝါဒဆိုသည်မှာ နိုင်ငံအား အတူတကွအုပ်ချုပ် ခြင်း၊ ငြိမ်းချမ်းစွာအတူနေခြင်းတို့ဖြစ်သည်။ အာဏာကိုခွဲဝေကျင့်သုံးခြင်း၊ လူ့အဖွဲ့အစည်းအတွင်း အကျိုးစီးပွားများကို မျှတထိန်းညှိခြင်းကြောင့် ကွဲပြားမှုများကို စုစည်းထားခြင်းဖြစ်သည်။

(ဆက်လက်ဖော်ပြပါမည်)

# VB သူ့အမြင်

မြန်မာပြည်သူလူထုကို စော်ကားရုံတင်မကပါဘူး၊ အာဆီယံနဲ့ ကမ္ဘာကိုပါ စော်ကားပြီး ထင်ရာစိုင်းနေတဲ့ နအဖစစ်ဗိုလ်ချုပ်တွေအကြောင်းရေးသားထားတဲ့ ဩဂုတ်လ ၃ ရက်နေ့ထုတ် Bangkok Post သတင်းစာပါ အယ်ဒီတာအာဘော်ကို အခုတပတ်သူ့အမြင်ကဏ္ဍအဖြစ် တင်ဆက်လိုက်ပါတယ်။

အဓိပ္ပါယ်မရှိသောတရားစီရင်မှုရဲ့ နောက်ဆုံးစီရင်ချက်ချမှုကို ရင်ဆိုင်နေရတဲ့ ဒေါ်အောင်ဆန်းစုကြည်ကို နောက်ထပ်နှစ်ပတ်ထပ်တိုးချုပ်လိုက်ပြန်ပါပြီ၊ အဆင့်နိမ့်တဲ့ စစ်အာဏာရှင်တွေ ကြီးစိုးတဲ့တိုင်းပြည်မှာ ဒေါ်အောင်ဆန်းစုကြည်ကို မဟုတ်တန်းတရား အမှုဆင်ပြီး တရားစီရင်နေတဲ့ တရားသူကြီးတွေအပေါ်မှာ ဗိုလ်ချုပ်ကြီးတွေရှိနေတော့ တရားဥပဒေအရ အမှန်အတိုင်းစီရင်ချက်နိုင်မှာမဟုတ်ပဲ ဗိုလ်ချုပ်တွေအလိုကျ စီရင်ချက်ချနေရတာ သိသာပါတယ်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်နဲ့ နိုင်ငံအတော်များများက ခေါင်းဆောင်များ၊ ရန်ကုန်ရှိ သံတမန်များဟာ ဒေါ်အောင်ဆန်းစုကြည်ကို နောက်ဆုံးစီရင်ချက်ချမယ့်နေ့မှာ တရားသူကြီးဖတ်ကြားမယ့် စီရင်ချက်ကို အထူးအလေးထားစိတ်ဝင်စားစွာ ဂရုစိုက်နားထောင်နေကြပါတယ်။ နအဖစစ်ဗိုလ်ချုပ်တွေကတော့ ဒေါ်အောင်ဆန်းစုကြည်ကို အင်းစိန်ထောင်တွင်းမှာ မဟုတ်တန်းတရားလုပ်ကြံစွဲချက်တင် ရုံးတင်တရားစီရင်နေတာပါ။ ဒီတရားခွင်ကိုလည်း သတင်းထောက်တွေ သံတမန်တွေကို လာရောက်နားထောင်ခွင့်ပြုထားပါတယ်။ ဒါပေမယ့် နအဖဒီလိုလုပ်ခြင်းအားဖြင့် တိုင်းပြည်ကို အရှက်ရစေတယ်ဆိုတာ နအဖဗိုလ်ချုပ်တွေနားလည်ဟန်မတူပါဘူး၊ နောက်တခုက ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးအတွက် ယုံကြည်ချက်နဲ့ကြိုးစားနေသူ နိုင်ငံရေးအကျဉ်းသားတွေအပေါ် တကမ္ဘာလုံးက စာနာအားပေးမှုတွေ ပိုလို့တိုးပွားလာနေတာပါ။

ဒေါ်အောင်ဆန်းစုကြည်ဟာ လုပ်ကြံဖန်တီးတဲ့ ပြဿနာတခုကြောင့် လွန်ခဲ့တဲ့ သုံးလလောက်ကစလို့ အင်းစိန်ထောင်မှာရောက်ရှိနေတာပါ။ ဒေါ်စုဟာ နေအိမ်အကျယ်ချုပ်နဲ့ နှစ်ရှည်လများကျခံနေရတဲ့အချိန်ဖြစ်ပါတယ်။ နေအိမ်ပတ်ပတ်လည်မှာ လက်နက်မျိုးစုံကိုင်ဆောင်ထားတဲ့ နအဖစစ်တပ်က စောင့်ကြပ်နေတာပါ။ ပြီးခဲ့တဲ့ မေလက အမေရိကန်နိုင်ငံသား ဂျွန်ယက်ထောဟာ ဒေါ်အောင်ဆန်းစုကြည်အိမ်ခြံတွင်းကို အင်းယားကန်ကို ကူးကျော်ဖြတ်ပြီး ဝင်ရောက်ခဲ့ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ဟာ လုပ်ကြံခံရနိုင်ဖွယ်ရှိကြောင်း အာရုံခံစားမိလို့ ကာကွယ်စောင့်ရှောက်ရန်လာရောက်ရခြင်းဖြစ်ကြောင်း ပြောပါတယ်။ ဒါပေမယ့် နအဖစစ်ဗိုလ်ချုပ်တွေက နေအိမ်အချုပ်တားဆီးမိန့်ဖောက်ဖျက်မှုနဲ့ ဒေါ်အောင်ဆန်းစုကြည်ကို ဖမ်းဆီး ရုံးတင်တရားစွဲတော့တာပါပဲ။

တကယ်လို့ မြန်မာနိုင်ငံမှာ စစ်တပ်ကို ရိက္ခာထောက်ပံ့ပေးနေတဲ့ နိုင်ငံဆိုရင် ဒေါ်အောင်ဆန်းစုကြည်အိမ်ခြံထဲ ရေကူးခြံပြီယံ ဂျွန်ယက်ထောကို ဝင်ခွင့်ပြုတဲ့ အရာရှိရော တပ်သားပါ ရိက္ခာဖြတ်တောက်ပစ် အရေးယူရမှာဖြစ်ပါတယ်။ ဒါပေမယ့် စစ်တပ်ကြီးစိုးတဲ့ မြန်မာနိုင်ငံမှာ အာဏာပါဝါဘာမှမရှိတဲ့ အိမ်ရှင်ဒေါ်အောင်ဆန်းစုကြည်ကို နေအိမ်အကျယ်ချုပ်ကန့်သတ်ချက်ဖောက်ဖျက်မှုနဲ့ အင်းစိန်ထောင်ကို ပို့ဆောင် ရုံးတင်တရားစွဲလိုက်ပါတယ်၊ ရေကူးခြံပြီယံ ဂျွန်ယက်ထောကိုလည်း အင်းစိန်ထောင်မှာပဲ သီးခြားဖမ်းဆီးတရားစွဲဆိုလိုက်ပါတယ်။

ဖူးကက်အာဆီယံအစည်းအဝေးတက်ရောက်နေတဲ့ နအဖနိုင်ငံခြားရေးဝန်ကြီးဦးဉာဏ်ဝင်းဟာ အဖြစ်အပျက်ကို အသေးစိတ်ရှင်းလင်းပြောဆိုဖို့ ပျက်ကွက်ခဲ့ပါတယ်။ ဒါပေမယ့် ဒေါ်အောင်ဆန်းစုကြည်နေအိမ်အတွင်း ဂျွန်ယက်ထောဝင်ရောက်တဲ့ကိစ္စဟာ စစ်တပ်ကိုဆန့်ကျင်နေတဲ့ ပြည်တွင်း ပြည်ပဒီမိုကရေစီအင်အားစုတွေရဲ့ ဖန်တီးချက်ဖြစ်တယ်လို့စွပ်စွဲပြောဆိုပါတယ်။ သို့သော် ယက်ထောဘယ်လိုအကျိုးရှိမယ် မရှိဘူးဆိုတာကတော့ ဘယ်သူမှသိနိုင်မယ်မထင်ပါဘူး။

ဒေါ်အောင်ဆန်းစုကြည်ရဲ့ ထောင်တွင်းတရားခွင်အခြေအနေအားလုံးကို ထုံးစံအတိုင်း အရှက်မရှိ နအဖဗိုလ်ချုပ်ကြီးက စီစဉ်ညွှန်ကြားနေတာပါ။ တရားခွင်မှာ နောက်ဆုံးအချိန်အထိ ပြင်ဆင်မွမ်းမံမှုလုပ်နေပြီး သက်သေထွက်ဆိုချက်စစ်ဆေးချက်တွေ ကြန့်ကြာနေတာပါ၊ တရားခံရဲ့ ခုခံပိုင်ခွင့်တွေကို မတရားပိတ်ပင်ခံနေရပြီး လူထုကို ဝင်ရောက်ကြားနာခွင့်မရှိပါဘူး။

ဒီအတောအတွင်း အသိတရားကင်းမဲ့စွာ ထင်ရာစိုင်းနေတဲ့ နအဖစစ်ဗိုလ်ချုပ်တွေဟာ သံတမန်ရေးကိစ္စမှာ ရှားရှားပါးပါးအဖြစ် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် Mr.Ban Ki-Moon ကို မြန်မာနိုင်ငံကို ဖိတ်ခေါ်လိုက်ပါတယ်။ ဒါပေမယ့် Mr.Ban ဟာ ဒေါ်အောင်ဆန်းစုကြည်နဲ့တွေ့ခွင့်မပြုနိုင်ကြောင်း ငြင်းဆိုခံလိုက်ရပါတယ်၊ ဒ့ါအပြင် ဒေါ်အောင်ဆန်းစုကြည်အမှုနဲ့ပတ်သက်ပြီး တရားမျှတစွာ စီရင်လုပ်ဆောင်ဖို့ပြောဆိုမှုတွေကိုလည်း နအဖစစ်ဗိုလ်ချုပ်တွေ နားမထောင် ဂရုမစိုက်ပါဘူး။

ထိုင်းနိုင်ငံ ဖူးကက်မှာ ကျင်းပတဲ့ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးမှာ သာမန်ကောင်းမွန်တဲ့ အကြံပေးမှုလေးကိုတောင် အလေးအနက်ထားဖို့မလိုကြောင်း ပခုံးတွန့် လက်ဝါးပြတုန့်ပြန်ခဲ့သည်၊ တကယ်တော့ သံတမန်ရေးအရ ဒီထက် ပိုမိုယဉ်ကျေးတဲ့ အမူအရာပြသင့်သည်။ ဒါကြောင့်လည်း ထိုင်းနိုင်ငံဝန်ကြီးချုပ် အဘီဆစ်ဟာ မြန်မာနိုင်ငံသွားမယ့် ခရီးစဉ်ဖျက်သိမ်းပါတယ်။

အဲဒီလို လေလုံးထွားတဲ့ နအဖစစ်ဗိုလ်ချုပ်တွေအတွက် ဖြစ်ပေါ်လာတဲ့ရလဒ်ကတော့ ထိုင်းဝန်ကြီးချုပ် အဘီဆစ်အပါအဝင် အာဆီယံနိုင်ငံခေါင်းဆောင်တွေက ဒေါ်အောင်ဆန်းစုကြည်ကို ချင်ခြင်းလွှတ်ပေးဖို့ တပြိုင်တည်းတောင်းဆိုလိုက်တာပါပဲ။ တချိန်တည်းမှာပဲ ဝါရှင်တန်ကိုရောက်နေတဲ့ ဖိလစ်ပိုင်သမတ Gloria Arroyo ရဲ့ အဆင့်မြင့်အစိုးရအဖွဲ့ကလည်း နအဖစစ်ဗိုလ်ချုပ်တွေရဲ့ မဆင်မချင်လုပ်ဆောင်မှုတွေကို အလေးအနက်ထားဆွေးနွေးလာရပါတယ်။ အမေရိကန်သမတ Barack Obama ကလည်း နအဖစစ်အုပ်စုအပေါ် ဒဏ်ခတ်ပိတ်ဆို့အရေးယူထားမှုကို သက်တမ်းထပ်တိုးလိုက်ပါတယ်။ မြန်မာပြည်သူတွေရဲ့ ခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်ကို စစ်ဗိုလ်ချုပ်တွေ သေနတ်နဲ့ချိန်ထားသရွေ့ ဒဏ်ခတ်ပိတ်ဆို့မှုဟာ ဆက်လက်ရှိနေမှာဖြစ်ကြောင်းကိုလည်း သမတက ကြေညာလိုက်ပါတယ်။

အာဆီယံအဖွဲ့ဝင်အဖြစ်ဆက်လက်ရပ်တည်နေနိုင်ဖို့နဲ့ နိုင်ငံအထီးကျန်ဘဝမဖြစ်ရအောင် စိန်ခေါ်မှုများစွာရှိနေတဲ့ကြားက အဖြေကောင်းတခုရရှိလာနိုင်အောင် နအဖစစ်ဗိုလ်ချုပ်တွေ ကြိုးစားနေပုံရပါတယ်။ ဒီကြားထဲမှာ မကြာသေးမီက ထွက်ပေါ်လာတဲ့ နအဖဗိုလ်ချုပ်တွေနဲ့ မြောက်ကိုရီးယားရဲ့ နျူးကလီးယားနဲ့ပတ်သက်ဆက်နွယ်မှုလို့ယူဆရတဲ့ လျှို့ဝှက်စီမံချက်တွေကြောင့် တကမ္ဘာလုံးရဲ့ သံသယနဲ့ အထူးဂရုစိုက်စောင့်ကြည့်ခြင်းကို ခံနေရပါတယ်။

နအဖစစ်ဗိုလ်ချုပ်တွေဟာ အာဏာကိုဆက်လက်ချုပ်ကိုင်နိုင်ဖို့နဲ့ လာမယ့်နှစ်မှာ ဟန်ပြရွေးကောက်ပွဲကျင်းပနိုင်ဖို့အတွက် ဖြစ်နိုင်ခြေရှိတဲ့ မသာမှုမျိုးစုံကိုသုံးပြီး စစ်ပွဲတခုဆင်နွှဲသလို မိုက်မိုက်ကန်းကန်းလုပ်သွားဖို့ ဆုံးဖြတ်ထားပုံရပါတယ်။

ဒါကြောင့်လည်း မကြာသေးမီရက်ပိုင်းက ဒေါ်အောင်ဆန်းစုကြည်ကို ထောက်ခံအားပေးသူတွေကို ဖမ်းဆီးထောင်ချလိုက်ပါတယ်။ နအဖစစ်ဗိုလ်ချုပ်တွေဟာ ဒေါ်အောင်ဆန်းစုကြည်ကို မတရားအမှုဆင်တရားစွဲဆိုမှုနဲ့ပတ်သက်ပြီး တကမ္ဘာလုံးက ပြင်းပြင်းထန်ထန်ကန့်ကွက်ရှုတ်ချသံတွေကိုလည်း ရင်ဆိုင်နေရပါတယ်၊ ဒ့ါအပြင် ပြည်သူလူထုကြီးကိုလည်း အလွန်အမင်းကြောက်လန့်ပြီး တုန်လှုပ်ချောက်ချားနေပုံရပါတယ်။

# သတင်းပြက္ခဒိန်

| 2009 | | | | | | |
|---|---|---|---|---|---|---|
| | | | | | | |
| | | | 1 | 2 | 3 | 4 |
| 5 | 6 | 7 | 8 | 9 | 10 | 11 |
| 12 | 13 | 14 | 15 | 16 | 17 | 18 |
| 19 | 20 | 21 | 22 | 23 | 24 | 25 |
| 26 | 27 | 28 | 29 | 30 | 31 | |

**ဩဂုတ် ၇၊ UN**။။ နအဖ လက်သို့တင်ပြရန် မိမိတို့၏ စုပေါင်းအကြံပေးချက်များကို မြန်မာ့ဒီမိုကရေစီအင်အားစုများသည် ကုသမဂ္ဂရုံးသို့ ယနေ့သွားရောက်တင်ပြပေးပို့ခဲ့၏။

**ဩဂုတ် ၈၊ ST PAUL, MN** ။။ ကမ္ဘာတလွှား ၈၈၈၈ အထိမ်းအမှတ်ပွဲများကျင်းပရာ ရှစ်လေးလုံးကျောင်းသားများမှ ဦးစီး၍ ဤမြို့တွင် မိသားစု ၅၀ ခန့်မှကျင်းပ၏။

**ဩဂုတ် ၉၊ RGN-AFP** ။။ ဒေါ်အောင်ဆန်းစုကြည်အမှုနှင့်ပတ်သက်၍ လူထုအုံကြွမှုမဖြစ်စေရန် နအဖ သတင်းစာများမှ သတိပေးရေးသား၏။

**ဩဂုတ် ၁၀၊ UN** ။။ ကုလသမဂ္ဂသည် မြန်မာပြည်တွင် မြေမြှုပ်ဗုံး မြှုပ်ထားရာနေရာမြေပုံကို ထုတ်ပြန်၏။

**ဩဂုတ် ၁၀၊ Irrawaddy** ။။ ဒေါ်အောင်ဆန်းစုကြည်အား မည်သည့်ပစ်ဒဏ်ချမှတ်ရန် နအဖ တွင်း စိတ်ကူးကွဲနေကြောင်း။

**ဩဂုတ် ၁၀၊ Mizzima** ။။ ဒေါ်အောင်ဆန်းစုကြည်သည် မိမိအိမ် မွမ်းမံရန်စီမံခန့်ခွဲနေကြောင်း ဦးဉာဏ်ဝင်းမှဆို၏။

**ဩဂုတ် ၁၁၊ Independent** ။။ နအဖ၏ ဒေါ်အောင်ဆန်းစုကြည်အပေါ် ပြစ်ဒဏ်ချမှတ်မှုသည် တရားမဝင်၍ မည်သည့်နိုင်ငံကမျှလက်မခံကြရန်၊ ထောင်သုံးနှစ်မှ အိမ်တွင်းအကျဉ်း ၁၈ လသို့ပြောင်းပေးမှုသည် ပြစ်ဒဏ်လျှော့ခြင်းမမည်၊ အမှုလည်းဆည်အပြစ်ပေးခြင်းသာဖြစ်၏ဟု Desmond Tutu မှဆို၏။

**ဩဂုတ် ၁၁၊ News wires** ။။ ဂျပန်၊ တရုတ်နှင့် အိန္ဒိယပင်လယ်အော်ရှိ မြန်မာ၊ အိန္ဒိယ စသည်တို့တွင် လျှင်လှုပ်ခဲ့ကြောင်း။

**ဩဂုတ် ၁၁၊ AP** ။။ အောင်ဆန်းစုကြည်အား အိမ်ခြံတွင်းအကျဉ်း နောက် ၁၈ လ တိုးချဲမှုအတွက် ဒေါ်အောင်ဆန်းစုကြည်၏ရှေ့နေအဖွဲ့သည် ကုလသမဂ္ဂသို့ အရေးပေါ် အထူးလှုပ်ရှားရန် တောင်းဆိုလိုက်၏။

**ဩဂုတ် ၁၁၊ UN** ။။ ဒေါ်အောင်ဆန်းစုကြည်အပေါ် ပြစ်မှုထင်ရှားတွေ့သည်ဟုဆိုကာ နအဖ မှ ပြစ်ဒဏ်ချမှုအပေါ် လေးနက်စွာဝမ်းနည်းကြောင်း ဘန်ကီမွန်းမှဆိုကာ၊ နအဖ အား ဒေါ်အောင်ဆန်းစုကြည်အား လွှတ်ရန်ထပ်မံတောင်းဆို၏။ လုံခြုံရေးကောင်စီမူကြမ်းတွင် ပြင်းထန်စွာရှုတ်ချသည်ထက် များစွာပျော့ကြောင်း။

**ဩဂုတ် ၁၁၊ GOMA,Congo** ။။ ဒေါ်အောင်ဆန်းစုကြည်အား ပြစ်ဒဏ်ချမှတ်မှုသည် မှားယွင်းကြောင်း၊ အမှုပင်စစ်စရာအကြောင်းမရှိဟု ကိုဂိုရောက် အမေရိကန်နိုင်ငံခြားရေးတာဝန်ခံ Hillary Clinton မှ သတင်းစာရှင်းပွဲတွင်ဆို၏။ သူမလွှတ်လပ်မှုအတွက် ဆက်တိုက်ကြိုးပမ်းမည်ဟုလည်းဆို၏။

**ဩဂုတ် ၁၁၊ BRUSSELS** ။။ မြန်မာအပေါ် ပိတ်ဆို့မှုပိုမိုတိုးမည်ဟု အီးယူမှဆို၏။ ပြင်သစ်နှင့်ဗြိတိန်မှမူ ကမ္ဘာတလွှား မြန်မာအပေါ် ကုန်သွယ်ပိတ်ပင်မှုပြုရန် နှိုးဆော်၏။

**ဩဂုတ် ၁၁၊ OTTAWA,Canada** ။။ ဒေါ်အောင်ဆန်းစုကြည်အပေါ် အမှုဆင်ပြစ်ဒဏ်ချမှုသည် နအဖ ၏ ဂလဲ့စားဖြစ်ကြောင်း ကနေဒါနိုင်ငံခြားရေးဝန်ကြီးဌာနမှဆို၏။

**ဩဂုတ် ၁၁၊ LDN** ။။ ဒေါ်အောင်ဆန်းစုကြည်အား လည်ဆည်တရားစွဲပြစ်ဒဏ်ပေးမှုအပေါ် ဝမ်းနည်း ဒေါသထွက်ကြောင်း ဗြိတိန်ဝန်ကြီးချုပ် Gordon Brown မှဆို၏။

**ဩဂုတ် ၁၁၊ NY** ။။ ဒေါ်အောင်ဆန်းစုကြည်အား ပြစ်ဒဏ်ချမှတ်ခြင်းဖြင့် နအဖ သည် မိမိ၏ ဥပဒေကို ပြန်ဖောက်နေသည်ဟုအမေရိကန်ရှိFreedom Now အဖွဲ့ မှဆို၏။

**ဩဂုတ် ၁၁၊ RGN** ။။ ဒေါ်အောင်ဆန်းစုကြည်အား အကျယ်ချုပ်ဖောက်ဖျက်မှုတွင် တရားရုံးမှဆုံးဖြတ်ချက်ချရာ လုပ်ဇာတ်အမှုတွင်အများထင်သည့်အတိုင်း ပြစ်ဒဏ်ချမှတ်ခဲ့၏။ အလုပ်ကြမ်းနှင့်ထောင် ၃ နှစ်ကို နအဖ ဥက္ကဋ္ဌ ဗိုလ်ချုပ်သန်းရွှေမှ လျှော့ပေါ့သဖြင့်ဟုဆိုကာ အိမ်တွင်းအကျဉ်း ၁၈ လ ချမှတ်ရာ ပြည်တွင်းပြည်ပ မြန်မာတိုင်းရင်းများနှင့် ကမ္ဘာ့နိုင်ငံများ၊ လူ့အခွင့်အရေးအဖွဲ့များခံပြင်းခဲ့၏။

**ဩဂုတ် ၁၁၊ NASDAQ** ။။ ကုလသမဂ္ဂသ လုံခြုံရေးကောင်စီသည် ဒေါ်အောင်ဆန်းစုကြည်အမှု နအဖ ၏ (မူရင်းအလုပ်ကြမ်းနှင့်ထောင် ၃ နှစ်) မှ ၁၈ လအိမ်ခြံတွင်း အကျဉ်းချုပ်ချမှတ်သည့် ဆုံးဖြတ်ချက်အပေါ် ဩဂုတ် ၁၈ တွင် အထူးအစည်းအဝေးခေါ်ယူမည်။

**ဩဂုတ် ၁၁၊ BBC** ။။ ဗြိတိန်ဝန်ကြီးချုပ် Gordon Brown နှင့် ကုလအတွင်းရေးမှူးချုပ်ဘန်ကီမွန်းတို့ နအဖ မှ ဒေါ်အောင်ဆန်းစုကြည်အား ပြစ်ဒဏ်ချမှုကို ဖုန်းဖြင့်ဆွေးနွေးခဲ့၏။

**ဩဂုတ် ၁၁၊ WTN** ။။ လူ့အခွင့်အရေးဖောက်ဖျက်ကာ ဒေါ်အောင်ဆန်းစုကြည်အား အပြစ်ပေးခဲ့မှုအတွက် နအဖ အား အမေရိကန်သမတအိုဘားမားမှ ပြစ်တင်ကြေညာ၏။

**ဩဂုတ် ၁၂၊ DVB** ။။ နအဖ ၏ မိမိအားအပြစ်ချတရားစီရင်ချက်သည် လုံးဝမတရားဟု ဒေါ်အောင်ဆန်းစုကြည်မှ အယူခံဆွေးနွေးစဉ်ဆိုကြောင်း သူမရှေ့နေများမှဆို၏။

**ဩဂုတ် ၁၃၊ Mizzima** ။။ နအဖ ၏ နယ်စောင့်တပ်သို့ အသွင်းမပြောင်းဘဲ KIO, UWSA, MNDAA, UWS တို့သည် မဟာမိတ်ဖွဲ့ခဲ့၏။

**ဩဂုတ် ၁၃၊ RFA** ။။ အဲန်အဲလ်ဒီ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များအား နအဖ မှ မနက်ဖြန် ဩဂုတ် ၁၄ တွင် နေပြည်တော်သို့လာရန် ဖိတ်ခေါ်ထားကြောင်း။

**ဩဂုတ် ၁၄၊ BKK** ။။ ဒေါ်အောင်ဆန်းစုကြည်အား လွှတ်ငြိမ်းချမ်းသာခွင့်ပေးရန် အာဆီယံသည် နအဖ အားပြောမည်ဟု ထိုင်းဝန်ကြီးချုပ် Kasit Piromya မှဆို၏။

**ဩဂုတ် ၁၄၊ VOB** ။။ နအဖ ၏ ၂၀၁၀ ရွေးကောက်ပွဲဟု ထောင်ချောက်မမိခင် ၂၀၁၀ နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို သေချာစွာပြန်လည်ဖတ်ရှုရန် လိုကြောင်း Burma Democratic Concern မှ UN must press junta to embrace NLD's gesture of Goodwill အမည် ဗွီဒီယိုကြည့်ရန် တိုက်တွန်း၏။

**ဩဂုတ် ၁၄၊ BRUSSELS** ။။ အီးယူသည် မြန်မာအပေါ် ပိတ်ပင်မှုကို ဒေါ်အောင်ဆန်းစုကြည်အမှု တရားစီရင်ရေးပါဝင်သူများအထိ တိုးမြှင့်လိုက်၏။

**ဩဂုတ် ၁၄၊ Bloomberg** ။။ ဒေါ်အောင်ဆန်းစုကြည်နှင့်တကွ အဲန်အဲလ်ယ်ဒီနှင့် ဆွေးနွေးပွဲများပြုလုပ်ရန် ကုလလုံခြုံရေးကောင်စီမှ မြန်မာအားတိုက်တွန်း၏။ ဒေါ်အောင်ဆန်းစုကြည်အပေါ် အပြစ်ပေးခြင်းအပေါ် လေးနက်စွာခံစားရကြောင်းကြေညာ၏။

**ဩဂုတ် ၁၄၊ XNA** ။။ အမေရိကန်အမတ် Jim Webb သည် နေပြည်တော်တွင် ဝန်ကြီးချုပ်ဗိုလ်ချုပ်သိန်းစိန်နှင့်၄င်း၊ တရားသူကြီးချုပ်ဦးအောင်တိုး (အခြေခံဥပဒေရေးဆွဲရေးကော်မရှင်) နှင့်၎င်း တွေ့ဆုံခွင့်ရခဲ့၏။

**ဩဂုတ် ၁၄၊ VOA- JKT** ။။ မိမိတို့အဆိုပြုချက်များကို လက်မခံက ရွေးကောက်ပွဲတွင်မပါဝင်ဟု အမျိုးသားရင်ကြားစေ့ရေးအဆိုပြုချက်အဖွဲ့ Proposal for National Reconciliation ညီလာခံ မှ အင်စီဂျီယုဘီဝန်ကြီးချုပ်ဦးစိန်ဝင်းမှဆို၏။

**ဩဂုတ် ၁၄၊ AsiaTimes** ။။ ဒေါ်အောင်ဆန်းစုကြည်အား ပြစ်ဒဏ်ပေးခြင်းသည် အာဆီယံနှင့်ကမ္ဘာအား မြန်မာသည် ဒီမိုကရေစီလမ်းစမမြင်ရသေးမှုကို သက်သေပြ၏။

**ဩဂုတ် ၁၄၊ VOA** ။။ ဒေါ်အောင်ဆန်းစုကြည်အားပြစ်ဒဏ်ချမှုအပေါ် လေးနက်စွာခံစားရကြောင်း လုံခြုံရေးကောင်စီ၏ ကြေညာချက်သည် လုံခြုံရေးကောင်စီမူကြမ်းတွင် ပြင်းထန်စွာရှုတ်ချသည်ထက် များစွာပျော့ကြောင်း။

**စာမျက်နှာ ၁၆ သို့**

# ဒေါ်အောင်ဆန်းစုကြည်ကိုအနာဂါတ်နိုင်ငံရေးမှဖယ်ရှားဖို့နအဖကအကွက်ဆင်

**RFA၊ ဩဂုတ် ၁၂။** ။ ဒေါ်အောင်ဆန်းစုကြည်ကို စစ်အုပ်စုကထောင်ချလိုက်တာဟာ လာမယ့်ရွေးကောက်ပွဲတွေမှာ ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ ပါဝင်ခွင့်မရှိအောင် လုပ်လိုက်တာဘဲဆိုတဲ့ နိုင်ငံတကာကပြောတာနဲ့ ဒီမိုကရေစီအင်အားစုတချို့ပြောတာတွေ တူနေတာကိုတွေ့ရပါတယ်။

AAPP နိုင်ငံရေးအကျဉ်းသား ကူညီစောင့်ရှောက်ရေးအသင်းက အခုကိစ္စမှာ ဒေါ်အောင်ဆန်းစုကြည်မှာ အပြစ်မရှိတဲ့အတွက် လွှတ်ပေးရမှာဖြစ်တယ်။ ဒါပေမယ့် အခုလိုထောင်ချလိုက်တာဟာ အနာဂါတ် မြန်မာ့နိုင်ငံရေးဦးဆောင်မှုမှာ ဒေါ်အောင်ဆန်းစုကြည်နေရာမရအောင် စစ်အစိုးရက ဆောက်ရွက်လိုက်တာလို့ တွဲဘက်အတွင်းရေးမှူးကိုဘိုကြည်က အခုလိုပြောပါတယ်။

“ကျနော်တို့အဓိကထောက်ပြချင်တာက ဒေါ်အောင်ဆန်းစုကြည်ကို အခုလိုထောင်ချလိုက်တယ်ဆိုတာက ဒေါ်အောင်ဆန်းစုကြည်ကို ရာဇဝတ်မှုကျူးလွန်တယ်ဆိုပြီးတော့ ထောင်ချလိုက်တာဖြစ်တယ်။ အဲဒါက တမင်သက်သက် ဒေါ်အောင်ဆန်းစုကြည်က နောက် ရွေးကောက်ပွဲတွေမှာ အမတ်အဖြစ်ဝင်လို့မရအောင်၊ နောက် တကယ်ကြီးမားတဲ့ရာထူးတွေမရအောင် ကြိုတင်ကန့်သတ်လိုက်တာဖြစ်တယ်။ နောက်တခုကလည်း အနာဂါတ်မြန်မာ့နိုင်ငံရေးဖြစ်စဉ်တွေမှာ ဒေါ်အောင် ဆန်းစုကြည်ပါဝင်ခွင့်မရအောင် ကန့်သတ်တာဖြစ်တယ်။ ဒါဟာ နိုင်ငံရေးလုပ်ကြံ မှုဖြစ်တယ်လို့ ကျနော်တို့ယုံကြည်တယ်။ ဆိုတော့ တကယ်တမ်းကျတော့ ဒေါ်အောင်ဆန်းစုကြည်က အပြစ်ရှိတဲ့လူမဟုတ်ဘူး။ လွှတ်ပေးရမှာဖြစ်တယ်။ အဲဒါကိုလွှတ်မပေးဘဲ ထောင်ချလိုက်တာက တကယ့်ကိုနိုင်ငံရေးအရ လုပ်ကြံမှုကြီးဖြစ်တယ်လို့ဘဲ ကျနော်တို့ထပ်ပြောချင်တယ်။

ကျနော်တို့ကတော့ လတ်တလောပြည်ပမှာရောက်နေတဲ့အခါကျတော့ ကျနော်တို့လုပ်ဆောင်နိုင်တဲ့အရာတွေဖြစ်တဲ့ နိုင်ငံတကာက နအဖ အစိုးရအပေါ်မှာ ဒေါ်အောင်ဆန်းစုကြည်နဲ့ နိုင်ငံရေးအကျဉ်းသားတွေ အကုန်လွှတ်မြောက်ရေးအတွက် ပိုပြီးတော့ဖိအားပေးတာကို ကြိုးစားဆောင်ရွက်သွားမှာဖြစ်ပါတယ်။”

ဒေါ်အောင်ဆန်းစုကြည်ကို အခုလို အမိန့်ချလိုက်တာဟာ မြန်မာ့နိုင်ငံရေးဝန်းကျင်နဲ့ ဒေါ်အောင်ဆန်းစုကြည်ကို ခွဲထုတ်လိုက်တာလို့လည်း တချို့ကသုံးသပ်ပြောဆိုနေပါတယ်။ အဲဒီလိုပြောလိုက်တဲ့အဖွဲ့ကတော့ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီပါ။ ပါတီရဲ့တွဲဘက်အတွင်းရေးမှူး ဦးငွေလင်းကိုမေးကြည့်တော့ သူကအခုလိုပြောပြပါတယ်။

“ဒေါ်အောင်ဆန်းစုကြည်အပေါ်မှာ ဒီနေ့ချမှတ်လိုက်တဲ့စီရင်ချက်ဟာ မြန်မာနိုင်ငံမှာ တရားမျှတမှုမရှိဘူး၊ တရားဥပဒေစိုးမိုးမှုမရှိဘူးဆိုတာကို ဖော်ပြလိုက်တာဖြစ်တယ်။ နောက်တခုက အရာရာဟာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေရဲ့ ပါးစပ်ထဲမှာရှိတယ်။ တရားဥပဒေအထက်မှာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ သေချာပေါက်ရှိနေတယ်ဆိုတဲ့ဥစ္စာကို ဖော်ပြလိုက်တာဘဲဖြစ်တယ်လို့ ကျနော်မြင်ပါတယ်။

ဒီလိုထောင်ချလိုက်တဲ့ကိစ္စဟာ တကယ်တမ်းကျတော့ ဘာလုပ်လိုက်တာလည်းဆိုရင် လူထုခေါင်းဆောင်နဲ့လူထုကို အဆက်ဖြတ်ပြစ်ဘို့ကြိုးစားတာ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နဲ့ ဒေါ်အောင်ဆန်းစုကြည်ကို အဆက်ဖြတ်ဘို့ကြိုးစားတာ၊ လက်ရှိမြန်မာ့နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုတွေထဲကနေပြီးတော့ ဒေါ်အောင်ဆန်းစုကြည်ကို ဖယ်ရှားပြစ်ဘို့ကြိုးစားတာ သက်သက်ဘဲလို့ ကျနော်တို့မြင်ပါတယ်။”

လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီရဲ့ အမြင်ပါ။ ကျောင်းသားတပ်မတော်လို့ခေါ်ကြတဲ့ ABSDF အဖွဲ့ရဲ့ဥက္ကဋ္ဌ ဦးသံခဲကလည်း သူတို့ရဲ့သဘောထားအမြင်ကို အခုလိုပြောလိုက်ပါတယ်။

“အခုလိုမျိုး ဒေါ်အောင်ဆန်းစုကြည်ကို ပြစ်ဒဏ် ၃ နှစ်ချတယ်၊ နေအိမ်အကျယ်ချုပ်ကိုပြန်ပြီး လျှော့ချပေးတယ်ဆိုတာကို လုံးဝကန့်ကွက်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ကို အကြွင်းမဲ့လွှတ်ပေးဘို့ ကျနော်တို့တောင်းဆိုပါတယ်။ နောက်တခုကတော့ ဒီနေ့ နအဖ ရဲ့လုပ်ရပ်တွေအားလုံးဟာ နိုင်ငံတကာကရော၊ ကျနော်တို့ တိုင်းသူပြည်သားအားလုံး တောင်းဆိုနေတဲ့ တွေ့ဆုံဆွေးနွေးရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးကို လစ်လျူရှုတဲ့ပုံသဏ္ဍာန်ဖြစ်နေပါတယ်။

ဒါကြောင့်မို့ ကျနော်ဒီကနေ့အခြေခံအောက်မှာ ကျနော်တို့လိုချင်တာက အခုပြောနေတဲ့ ၂၀၀၈ ဖွဲ့စည်းပုံတွေကိုရပ်ထား၊ ၂၀၁၀ ရွေးကောက်ပွဲလုပ်ရပ်တွေကို အကုန်လုံးရပ်ပြစ်ဘို့လိုတယ်။ ဒီလိုမှမဟုတ်ဘူးဆိုရင် ကျနော်တို့တိုင်းသူပြည်သားတွေ အားလုံးမှာရော၊ နိုင်ငံရေးအဖွဲ့အစည်းတွေ အားလုံးမှာရော၊ အခြားရွေးစရာလမ်းမရှိတော့ပါဘူး။ ကျနော်တို့တတွေရဲ့ ရွေးချယ်စရာလမ်းဟာ နအဖကထိပ်တိုက်ရင်ဆိုင်ဘို့ ရွေးထားတဲ့လမ်းပေါ်မှာဘဲ တက်ပြီးမှ လျှောက်ရမယ်ဖြစ်ရင် တိုင်းပြည်ရဲ့အခြေအနေဟာ ဒီထက်ဆိုးဝါးဘို့ဘဲရှိပါတယ်။ ဒါပေမယ့်လည်း ကျနော်တို့လိုအပ်နေတာကတော့ ကျနော်တို့တတွေဟာ ဆက်လက်ပြီးတော့ ဒေါ်စုအကြွင်းမဲ့လွှတ်မြောက်ရေး၊ ကျနော်တို့လိုချင်တဲ့ အခြေခံလူ့အခွင့်အရေးတွေရဘို့ တိုက်ပွဲတွေအရှိန်မြှင့်ရဦးမယ်လို့ဘဲ ကျနော်တို့ထင်ပါ တယ်။”

---

# ရုပ်ရှင်မင်းသားဇော်ဝမ်း ကွယ်လွန်

**DVB၊ ဩဂုတ် ၁၃။** ။ ရုပ်ရှင်မင်းသားဇော်ဝမ်း မနေ့ည ၈ နာရီခွဲက အင်းစိန် သီရိစန္ဒာဆေးခန်းမှာ အသည်းရောဂါနဲ့ကွယ်လွန်သွားပြီဖြစ်ပါတယ်။

ကွယ်လွန်ချိန်မှာ အသက် ၆၄ နှစ် ရှိပြီဖြစ်ပြီး သူ့ အစ်ကို ရုပ်ရှင်ဒါရိုက်တာ မောင်တင်ဦးရဲ့လက်ပေါ်မှာပဲ ကွယ်လွန်သွားတာလို့ မင်းသားဇော်ဝမ်းရဲ့ ညီမ ဒေါ်ဆွေဆွေက ပြောပါတယ်။

“မနေ့ညနေ ၅ နာရီခွဲက တင်တာ ၈ နာရီခွဲမှာ ဆုံးသွားတယ်။ သူ့လက်ပေါ်တင်ပဲ ဆုံးသွားပြီးကတည်းက အခုမနက်လည်း မလာမဖြစ်လို့ ခဏလေးလာပြီးတော့ ငါဘယ်လိုမှ မခံစားနိုင်လို့ဆိုပြီးပြန်သွားတယ်။” မင်းသားဇော်ဝမ်းရဲ့ရုပ်အလောင်းကို တနင်္ဂနွေနေ့ မနက် ၁၁ နာရီ ရေဝေးသုသာန်မှာ မီးသင်္ဂြိုဟ်မယ်လို့လည်း ပြောပါတယ်။ ရုပ်ရှင်သရုပ်ဆောင် ထပ်ဆင့်အကယ်ဒမီ မေသန်းနုက မင်းသားဇော်ဝမ်း ကွယ်လွန်သွားတဲ့အပေါ် စိတ်မကောင်းဘူးလို့ ပြောပါတယ်။

“ဒီလို အနုပညာရှင်တယောက်၊ တခြားလူနဲ့လည်း မတူဘူးလေ၊ သူ့မှုသူ့ဟန်နဲ့ ရပ်တည်နေနိုင်တဲ့ ပညာရှင်တယောက်ဖြစ်လို့ နှမြောစရာကောင်းပါတယ်။ သူ့ပုံစံမျိုးကလည်း နောက်တယောက် မရှိနိုင်ဘူးလေ။ စိတ်မကောင်းပါဘူး။”

မန္တလေး နန်းမြင့်ဂျာနယ်အတွက် ဇော်ဝမ်းအကြောင်းရေးနေတဲ့ မင်းသား အကယ်ဒမီ သုမောင်ကလည်း...

“မနက်အစောကြီးထပြီး မန္တလေးက နန်းမြင့်ဂျာနယ်အတွက် သူ့အကြောင်း ဆောင်းပါးရေးနေတာ။ ရေးနေရင်း မနက် ဖ နာရီလောက်ကျတော့ ဇနီးကလာပြောတယ်။ ဇော်ဝမ်းဆုံးတာ ညကတည်းကတဲ့။ ညကပြောရင် စိတ်မကောင်းဖြစ်မှာစိုးလို့တဲ့။ မန္တလေး အက်ဖ်အမ်မှာလည်း သူ့အကြောင်းတွေ ပြောနေတာဆိုတော့ ခုမနက်မှပြောတော့ ရေးလက်စဆောင်းပါးကို ရပ်ပြီးတော့ သူ နောက်ဘဝ လူပြန်ဖြစ်ပြီး မိဂါစတားဖြစ်ပါစေလို့ ဆုတောင်းပေးတယ်။ အဲလိုဖြစ်ရင်လည်း နောက်တခါ မမိုက်ဖို့ပေါ့။”

မင်းသားဇော်ဝမ်း ပါဝင်ရိုက်ကူးခဲ့တဲ့ ရုပ်ရှင်နဲ့ဗီဒီယိုဇာတ်ကားပေါင်း ၁၅၀ ကျော်ရှိပြီး ‘စေလိုရာစေ’ ဆိုတဲ့ ပထမဆုံးရုပ်ရှင်ကားမှာ ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီ ဆွေဇင်ထိုက်နဲ့အတူ တွဲဖက်သရုပ်ဆောင်ခဲ့တာပါ။ မင်းသားဇော်ဝမ်းဟာ မန္တလေး ဇာတိဖြစ်ပြီး တိုင်းချစ်ဦးသိန်းဖေနဲ့ ဒေါ်မြမြတို့ရဲ့ သားဖြစ်ပြီး မွေးချင်း ၃ ယောက်ရှိတဲ့အနက် အကြီးဆုံးက အကယ်ဒမီ ရုပ်ရှင်ဒါရိုက်တာ မောင်တင်ဦးဖြစ်ပြီး ညီမ ဒေါ်ဆွေဆွေတို့ ဖြစ်ပါတယ်။



# သတင်းတိုထွာဖတ်စရာက

ကျော်ဝံကွေး

## အီးယူ ပြစ်ဒဏ်ခတ်အရှိန်မြှင့်

ဒေါ်အောင်ဆန်းစုကြည်ကို နအဖစစ်အာဏာရှင်များက နေအိမ်အကျယ်ချုပ် ပြစ်ဒဏ်ပိုထပ်မံချလိုက်တဲ့အတွက် အီးယူက နအဖအဖွဲ့ဝင်များပိုင်တဲ့ ကုမ္ပဏီတွေနဲ့ သူတို့နဲ့ အနီးကပ်ပေါင်းဖက်လုပ်ကိုင်နေတဲ့သူတွေရဲ့ ပိုင်ဆိုင်မှုတွေကို ပိတ်ပင်တားဆီးလိုက်တယ်လို့ ထုတ်ပြန်ကြေညာလိုက်ပါတယ်။ **(AP, 13.8.2009)**

## တရားမျှတမှုလုံးဝမရှိ

စစ်အာဏာရှင်များက နေအိမ်အကျယ်ချုပ် ၁၈ ဆိုပြီး ဒေါ်စုအပေါ် ပြစ်ဒဏ် ချကာ အင်းစိန်ထောင်အတွင်းမှ တက္ကသိုလ်ရိပ်သာလမ်းနေအိမ်သို့ ပြန်ပို့ခဲ့ ရပြီးတဲ့နောက် ဒေါ်စုက သူမရဲ့ရှေ့နေတွေကို နအဖရဲ့တရားစီရင်မှုဟာ မျှတမှုလုံးဝမရှိဘူးလို့ ပြောဆိုလိုက်ပြီး စိတ်ဓာတ်မကျကြောင်းနဲ့ တက်တက်ကြွကြွရှိနေဆဲဖြစ်တယ်လို့ သတင်းစကားပေးလိုက်ပါတယ်။ သူမအပေါ် စီရင်ချက်ကို အယူခံဝင်ဦးမယ်လို့လည်း သိရပါတယ်။ **(AP, 12.8.2009)**

## ဟာသ

ဒေါ်စုကို နအဖက မတရားပြစ်ဒဏ်ချလိုက်တဲ့နောက်ပိုင်းမှာ နအဖထိန်းချုပ်သတင်းစာတွေထဲမှာ အခုဆိုရင် ဒေါ်စုဟာ နေအိမ်ဝင်းထဲမှာ လွတ်လွတ်လပ်လပ်နေထိုင်လို့ရသွားပြီး နိုင်ငံပိုင်သတင်းစာတွေတင်မကဘူး မဂ္ဂဇင်းတွေကိုလည်း ဖတ်လို့ရပြီလို့ ရေးသားထားပါတယ်။ အဲဒီလိုပဲ တရုတ်အစိုးရလေသံအတိုင်း မတည်မငြိမ်မှုတွေဖြစ်လာနိုင်စရာမရှိတော့ဘူးဆိုတာတွေကို ရေးသားဖော်ပြနေပါတယ်။ ဒါကိုကြားသိရတဲ့ရန်ကုန်က လူတွေကတော့နအဖရဲ့အပြောကို ဟားတိုက်နေကြပါတယ်။ **(AP, 14.8.2009)**

## ကျောက်မျက်တော့ မပိတ်ပင်ပါရစေနဲ့

ဒေါ်စုကို နအဖက မတရားပြစ်ဒဏ်ချပြီးတဲ့နောက်မှာ ထိုင်းဝန်ကြီးချုပ် အဘီဆစ်က နအဖအပေါ်လက်နက်ရောင်းချမှုပိတ်ဆို့ရေးကိုအကောင် အထည်ဖော်ဖို့ရာ ထိုင်းနိုင်ငံအတွက် ပြဿနာမရှိပေမဲ့လည်း ကျောက်မျက်ဝယ်ယူတင်သွင်းမှုပိတ်ဆို့တားမြစ်ရေးကတော့ မဖြစ်နိုင်ဘူးလို့ဆိုလိုက်ပါတယ်၊ အကြောင်းကတော့ ထိုင်းဟာ တရုတ်လိုပဲ မြန်မာနိုင်ငံက ကျောက်မျက်တွေကို အများဆုံး တင်သွင်းနေတဲ့နိုင်ငံဖြစ်လို့ပါပဲ။ **(BANGKOK POST, 13.8.2009)**

## မြန်မာအရာရှိ လေ့ကျင့်သင်တန်းမပေးပါနှင့်

နယူးဇီလန်နိုင်ငံက အတိုက်အခံအမတ်တွေက နယူးဇီလန်အစိုးရအနေနဲ့ မြန်မာနိုင်ငံခြားရေးဌာနနဲ့တခြားဌာနတွေက အရာရှိတွေကို နိုင်ငံတွင်းမှာ အင်္ဂလိပ်စာလေ့ကျင့်သင်ကြားပေးတာတွေမလုပ်ဖို့နဲ့ ဒီလိုလုပ်တာဟာ နအဖစစ်အာဏာရှင်တွေကို အဆိပ်ပင်ရေလောင်းသလိုဖြစ်နေတယ်လို့ဆိုပါတယ်။ ဒါပေမဲ့လည်း အစိုးရကတော့ အရာရှိငယ်တွေကိုသာ သင်ပေးတာဖြစ်ပြီး ဒီလိုလုပ်တဲ့အတွက် သူတို့တတွေဟာ ဒီမိုကရက်တစ်အစိုးရအတွက် အမြင်ကျယ် လာစေဖို့ဖြစ်တယ်လို့ ဆင်ခြေပေးလိုက်ပြီး အခုလောလောဆယ်မှာ နအဖအရာရှိတယောက်မှ စာသင်ယူနေတာမရှိပါဘူးလို့ ဆိုပါတယ်။ **(NEW ZEALAND HERALD, 13.8.2009)**

## အဲန်အဲလ်ဒီကန့်ကွက်ချက်ပြင်းထန်

ပါတီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို မတရားပြစ်ဒဏ်ချလိုက်တဲ့ အတွက် အဲန်အဲလ်ဒီဟာ ကြေညာချက်တစောင်ထုတ်ပြီး ပြင်းပြင်းထန်ထန် ကန့်ကွက်ရှုတ်ချလိုက်ပါတယ်။ စစ်အစိုးရရဲ့လုပ်ရပ်ဟာ လူ့အခွင့်အရေးချိုးဖောက်ရာရောက်ပြီး တည်ဆဲဥပဒေတွေနဲ့မညီဘူးလို့ ကြေညာချက်ထဲမှာ ဖော်ပြထားပါတယ်။ **(MIZZIMA, 13.8.2009)**

## သန်းရွှေနှင့် ဝက်ဘ်

အမေရိကန်အထက်လွှတ်တော်အမတ် ဂျင်မ်ဝက်ဘ်ဟာ မြန်မာနိုင်ငံသို့ သွား ပြီး နအဖအကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်း ရွှေနဲ့တွေ့ဖို့အစီအစဉ်ရှိတယ်လို့သိရပါတယ်။ အဲဒီလိုသာတွေ့မယ်ဆိုရင် ၁၉၉၃ ခုနှစ်က ထိပ်သီးအာဏာရှင်ဖြစ်လာတဲ့သူနဲ့ အမေရိကန်နိုင်ငံရေးသမားတယောက်နဲ့တွေ့တာ ပထမဦးဆုံးအကြိမ်ဖြစ်ပါလိမ့်မယ်၊ အဲဒီလိုတွေ့တဲ့အခါ မစ္စတာဝက်ဘ်က ဒေါ်စုကိုလွှတ် ပေးဖို့ တောင်းဆိုမယ်လို့လည်း သိရပါတယ်။ **(AFP, 12.8.2009)**

## မြန်မာ့အချုပ်အခြာကိုလေးစားပါတဲ့

ဒေါ်စုကို မတရားပြစ်ဒဏ်ချလိုက်လို့ တကမ္ဘာလုံးက ဒေါသ ထွက်နေတဲ့ အချိန် မှာ တရုတ်က နအဖဘက်ကနေရပ်တည်ပြီး မြန်မာပြည်ရဲ့တရားရေးဆိုင်ရာ အချုပ်အခြာအာဏာကို လေးစားကြပါဆိုတာနဲ့ ဒီလိုလုပ်တာဟာ မြန်မာပြည် ရဲ့အကျိုးစီးပွားနဲ့ ဒေသတွင်းတည်ငြိမ်ရေးအတွက်ဖြစ်တယ်လို့ ပြောဆိုလိုက် ပါတယ်။ **(REUTERS, 12.8.2009)**

## တိုတယ်ပြစ်မှုတ်

မြန်မာနိုင်ငံမှာ အကြီးအကျယ်ရင်းနှီးမြှုပ်နှံနေတဲ့ ပြင်သစ်ကတိုတယ် ကုမ္ပဏီ ဟာ မြန်မာစစ်အာဏာရှင်တွေကိုအားပေးရာရောက်တယ်လို့ ပြောနေတာ တွေရော၊ စီးပွားရေးအရစစ်အာဏာရှင်တွေအပေါ် ဖိအားပေးရာရောက်တယ် လို့ ပြောနေတာရောရှိနေပါတယ်၊ ပြင်သစ်အတိုက်အခံတွေက အစိုးရအနေနဲ့ တိုတယ်ကို ဖိအားပေးမှုတွေလုပ်ပါဆိုပြီး တောင်းဆိုနေပါတယ်။ ပြင်သစ်နိုင်ငံ ခြားရေးဝန်ကြီးကတော့ တိုတယ်မြန်မာပြည်မှာရှိနေတာဟာ နအဖအပေါ် ဖိအားပေးနေတာမျိုးဖြစ်တယ်လို့ ဆိုပါတယ်။ **(AFP, 12.8.2009)**

# ကိုးကန့်တပ်ဖွဲ့နှင့် နအဖစစ်သားများ ပြဿနာဖြစ်၊ တိုင်းမှူး တောင်းပန်ရ

**DVB | ဩဂုတ် ၁၀ ။** ။ နအဖနဲ့ အပစ်အခတ် ရပ်စဲရေးပြုလုပ်ထားတဲ့ MNDAA ကိုးကန့်လက်နက်ကိုင်တပ်ဖွဲ့နဲ့ နအဖစစ်တပ်အကြား ဒီလ ၈ ရက်နေ့က ရှမ်းပြည်မြောက်ပိုင်း လောက်ကိုင်မြို့အနီးမှာ နှစ်ဘက် ပစ်ခတ်လုနီးပါးအထိ ပြဿနာဖြစ်ပွားခဲ့ပါတယ်။

လောက်ကိုင်မှာရှိတဲ့ မူးယစ်တပ်ဖွဲ့နဲ့ နအဖစစ်သား အင်အား ၇၀ ခန့်ဟာ လောက်ကိုင်အနီးရှိ ကိုးကန့်ကျေးရွာမှာရှိတဲ့ ကိုးကန့်အဖွဲ့ဥက္ကဋ္ဌ ဖုန်ကြားရှင် နေအိမ်ခြံဝင်းထဲက ဂိုဒေါင်ကို ဝင်ရောက်ရှာဖွေရာမှာ ပြဿနာစဖြစ်ခဲ့တာလို့ ကိုးကန့်အဖွဲ့နဲ့ နီးစပ်သူ ဦးအောင်ကျော်ဇောက ပြောပါတယ်။

“တရုတ်ပြည်က ပစ္စည်းတွေ အဝင်အထွက်လုပ်တဲ့အခါမှာ ထားတဲ့ဂိုဒေါင်ကြီးတွေကို သူတို့ စစ်ဆေးချင်တာ။ သူတို့ စိတ်ထဲမှာ လက်နက်ကြီး၊ လက်နက်ငယ်တွေ အဲဒီမှာထားတာလို့ ထင်ပုံရတယ်။ ဒါကို တရားမဝင်နည်းနဲ့ တဘက်က ရန်စရင်း တဘက်ကလည်း သက်သက်မဲ့ အပေါ်စီးယူပြီး သွားရောက်စစ်ဆေးဖို့ကြိုးစားတာဖြစ်တယ်။ သူတို့ ထွက်သွားပြီးနောက် ကိုးကန့်တပ်ဖွဲ့က ချက်ခြင်းပြင်ဆင်ပြီး မနက် ဗမာနာရီ ၈ နာရီခွဲလောက်မှာ ဆီအောရွာနဲ့ ရန်လုံတိုက်ရွာကြားမှာ ကိုးကန့်တပ်ဖွဲ့က ပိတ်ဆို့လိုက်တယ်။ ”

“ကိုးကန့်တပ်ဖွဲ့မှာ လူပေါင်း ၃၀၀ ကျော်လောက်ပါတဲ့အတွက် သူတို့လူ ၇၀ ဝိုင်းမိပြီးသားဖြစ်သွားတယ်။ ၈ နာ ရီခွဲလောက်ကနေ နေ့ခင်း ဗမာနာရီ ၂ နာရီခွဲလောက်အထိ ၃–၄ နာရီလောက် ကြာတဲ့ ပိတ်ဆို့မှုဖြစ်ပြီး သူတို့လည်း ဆက်မသွားရဲဘူး။ အဲ့ဒီအချိန်မှာ ဥက္ကဋ္ဌကြီး ဦးဖုန်ကြားရှင်ထွက်လာပြီး မင်းတို့ ငါ့အိမ်ပစ်ချင်ရင် သေနတ်ပါစရာလည်း မလိုဘူး၊ ငါလိုက်ပို့မယ်၊ လိုက်ပြမယ်လို့ ပြောတယ်။ အမှန်က ဥက္ကဋ္ဌ တယောက် အိမ်ကို စော်ကားသလိုမျိုး ပါတယ်။ ရန်စတဲ့သဘော၊ ခြိမ်းခြောက်တဲ့သဘော လည်းပါတယ်။ မင်းတို့မဆုတ်ဘူးဆိုရင် ငါတို့လည်းမဆုတ်ဘူး၊ ငါတို့ကတော့ လုပ်မှာပဲဆိုတဲ့ သဘောမျိုးနဲ့ဥက္ကဋ္ဌကြီး ပြောတော့ သူတို့ဆုတ်သွားတယ်။”

ပြဿနာဖြစ်ပွားနေချိန်မှာ ဒေသခံလူထု တသောင်းကျော်ဟာ စိုးရိမ်ကြောက်လန့်ပြီး တရုတ်ပြည်ဘက် ထွက်ပြေးတိမ်းရှောင်ခဲ့ရပါတယ်။ နအဖစစ်သားတွေ ပြန်သွားပြီးနောက်ပိုင်း မနေ့က ရမခတိုင်းမှူးဗိုလ်ချုပ်အောင်သန်းထွတ် လောက်ကိုင်မြို့ကို ရောက်ရှိလာပြီး အဲဒီဖြစ်ရပ်နဲ့ ပတ်သက်လို့ လာရောက်တောင်းပန်ဖို့ကြိုးစားခဲ့ပေမယ့် ဥက္ကဋ္ဌ ဖုန်ကြားရှင်အပါအဝင် ကိုးကန့်ထိပ်ပိုင်းခေါင်းဆောင်တွေက ထွက်မတွေ့ခဲ့ဘူးလို့သိရပါတယ်။ အခု ဝ နဲ့ ကိုးကန့်တပ်ဖွဲ့တွေဟာ ဒေသအတွင်း စစ်ရေးအသင့်အနေအထားနဲ့ အခြေအနေကို စောင့်ကြည့်နေကြပြီး သေနတ်ဖောက်တဲ့အဆင့်အထိ မရောက်သေးကြောင်း ဒေသတွင်းက လာတဲ့ သတင်းတွေအရ သိရပါတယ်။ ဒီလအစောပိုင်းကတည်းက နအဖတပ်တွေဟာ တရုတ်–မြန်မာနယ်စပ် တလျှောက်က ဝ တပ်ဖွဲ့နဲ့ ကေအိုင်အို ထိန်းချုပ်ရာနယ်မြေအနီးချည်းကပ်ပြီး တပ်အင်အားတိုးချဲ့မှုတွေလုပ်နေပေမယ့် တိုက်ဖို့ခိုက်ဖို့အထိ မဖြစ်နိုင်သေးကြောင်း ဦးအောင်ကျော်ဇောက ပြောပါတယ်။

“ဒီဒေသကို နအဖစစ်အုပ်စုက တိုက်ဖို့ခိုက်ဖို့မလုပ်ရဲဘူး။ ဘာကြောင့်လဲဆိုတော့ တရုတ်ပြည်ကို ဗိုလ်မောင်အေးသွားတဲ့ခါ တရုတ်ပြည်က ပွင့်ပွင့်လင်းလင်းသဘောထား ပြောပြီးသားဖြစ်တယ်။ နယ်စပ်ဒေသပြည်သူများ တည်ငြိမ်အေးချမ်းမှုကိုလိုလားပါတယ်တဲ့၊ အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုတဲ့ အလံအောက်မှာ ခင်ဗျားတို့ အေးအေးဆေးဆေးသင့်သင့်မြတ်မြတ်ဖြေရှင်းပါတဲ့။ ပြောချင်တာ သေနတ်သံ မကြားချင်ဘူးပေါ့၊ သူတို့ အားကိုးရတဲ့ဆရာကြီးတွေက သေနတ်သံမကြားချင်ဘူးဆိုတော့ ဒီကောင်တွေ သေနတ်မပစ်ရဲပါဘူး။ ဒီတော့ ဒေသကြီးမတည်ငြိမ်အောင် ဟိုသွားလိုက်၊ ဒီသွားလိုက်၊ အယောင်ပြလုပ်လိုက်၊ အမြောက်တွေသယ်ပြလိုက်၊ တပ်တွေရွှေ့ပြလိုက်နဲ့ ဒေသခံ ပြည်သူတွေကို ခြောက်ခြားအောင် ဒေသခံတည်ငြိမ်မှုနဲ့စီးပွားရေးကို ပျက်စီးအောင်ကြိုးစားတာဖြစ်တယ်။”

# စိုက်ပျိုးရေးသန်းခေါင်စာရင်း ကောက်

**DVB | ဩဂုတ် ၁၀ ။** ။ နအဖစစ်အုပ်စုက မြန်မာစိုက်ပျိုးရေးကဏ္ဍမှာ သန်းခေါင်စာရင်း ကောက်မယ်လို့သိရပါတယ်။

ကုလသမဂ္ဂ အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့်လူမှုရေးကော်မရှင် (အက်စ်ကက်ပ်) ရဲ့ အကူအညီနဲ့ သန်းခေါင်စာရင်းကောက်မှာပါ။ အက်စ်ကက်ပ်က နည်းပညာအကူအညီပေးမှာလို့သိရပေမယ့် အသေးစိတ်မသိရသေးဘူးလို့ ဘန်ကောက်မှာရှိတဲ့ အက်စ်ကက်ပ် ပြန်ကြားရေးတာဝန်ခံ မစ္စတာမစ်ချဲလ်ရှေးက ပြောပါတယ်။

မြန်မာ့စိုက်ပျိုးရေးကဏ္ဍကို ကူညီဖို့အတွက် အက်စ်ကက်ပ် အမှုဆောင်အတွင်းရေးမှူးချုပ် နိုးလင်းဟေးဇား အရင်လတုန်းက မြန်မာပြည်ကိုသွားရောက်လေ့ လာပြီးနောက် ဒီသတင်းထွက်လာတာပါ။ လူဦးရေ ၅၇ သန်းကျော်ရှိတဲ့ မြန်မာပြည်က စိုက်ပျိုးရေးကဏ္ဍမှာ အလုပ်လုပ်နိုင်သူ စုစုပေါင်းရဲ့ ၇၀ ရာခိုင်နှုန်း လုပ်ကိုင်နေပြီး တိုင်းပြည် အသားတင်ထုတ်ကုန်တန်ဖိုး စုစုပေါင်းရဲ့ ၄၀ ရာခိုင်နှုန်းကျော်တယ်လို့ အက်စ်ကက်ပ်က ကြေညာထားပါတယ်။

# ဒေါ်စု လွတ်ရေး ဝတ်ပြုဆုတောင်း

**DVB | ဩဂုတ် ၁၀ ။** ။ မနက်ဖြန် ဒေါ်အောင်ဆန်းစုကြည်ရဲ့အမှုစီရင်ချက်ချမှာမို့ ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ရေး ဝိုင်းဝန်းဝတ်ပြုဆုတောင်းကြဖို့ မိတ္ထီလာမြို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အတွင်းရေးမှူး ဒေါ်မြင့်မြင့်အေးက တိုက်တွန်းလိုက်ပါတယ်။

ဘုရားကျောင်းကန်မှာပဲဖြစ်ဖြစ် အိမ်မှာပဲဖြစ်ဖြစ် ဝိုင်းဝန်းဝတ်ပြုဆုတောင်းကြဖို့ မိတ္ထီလာ အဖွဲ့ချုပ် အတွင်းရေးမှူး ဒေါ်မြင့်မြင့်အေး က ပြောပါတယ်။

“ကျမတို့မနက်ဖြန် ၁၁ ရက်မှာရုံးချိန်းရှိတော့ ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ရေးလှုပ်ရှားမှုအဖြစ် ဘုရားကိုသွားပြီး ဝတ်ပြုဆုတောင်းကြမယ်။ ပြည်သူလူထုတရပ်လုံးကလည်း လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် အင်းစိန်အကျဉ်းထောင်ကနေ လုံးဝ ကွင်းလုံးကျွတ် တရားသေလွတ်မြောက်ပြီး တိုင်းပြည်ရဲ့အကျပ်အတည်းအခက်အခဲကို တွေ့ဆုံဆွေးနွေး ဖြေရှင်းနိုင်ဖို့ ကျမတို့နှိုးဆော်တိုက်တွန်းလိုပါတယ်။ “ဘုရားသွားပြီး ဝတ်ပြုဆုတောင်းတာပဲ ဖြစ်စေ၊ အိမ်တွင်းဝတ်ပြုဆုတောင်းတာပဲဖြစ်စေ၊ နေရာအသီးသီးမှာ ဝတ်ပြုဆုတောင်းကြဖို့ တိုက်တွန်းနှိုးဆော်လိုတယ်။ တဦးနဲ့တဦး မေတ္တာတွေထားပြီး ရင်ဆိုင်ဖြေရှင်းနိုင်ဖို့ မေတ္တာသုတ်ရွတ်ဖတ်ကြမယ်။ ဒေါ်အောင်ဆန်းစုကြည်နဲ့ အကျဉ်းကျနိုင်ငံရေးသမားအားလုံး အချုပ်အနှောင်ဘဝကနေ လွတ်မြောက်ဖို့ မောရသုတ်ကို ရွတ်ဖတ်ပြီးတော့ တနိုင်ငံလုံးဒီမိုကရေစီအလင်းရောင်များ ပြည့်ပြည့်ဝဝထွန်းလင်းလာဖို့ ပဌာန်းပါဠိများကို ရွတ်ဖတ်ကြဖို့ တိုက်တွန်းနှိုးဆော်လိုပါတယ်။”

ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ရေး ဝတ်ပြုဆုတောင်းမှုတွေကို မန္တလေးတိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနဲ့ ရှမ်းပြည်နယ်က မြို့နယ်တော်တော်များများမှာ ပြုလုပ်ကြမှာလို့လည်း ဒေါ်မြင့်မြင့်အေးက ပြောပါတယ်။

“မြို့နယ်တွေ ထပ်တိုးလာတာတွေလည်းရှိတယ်။ ဥပမာ မိတ္ထီလာ၊ သာစည်၊ ဝမ်းတွင်း၊ မလှိုင်ကတော့ မိတ္ထီလာခရိုင်ကလုပ်တယ်။ တောင်သာ၊ မြင်းခြံ၊ ညောင်ဦး၊ ရေနံချောင်း၊ ချောက်၊ မင်းဘူး၊ ပွင့်ဖြူ။ ဒီတပတ်ဆိုညောင်ရွှေလုပ်မယ်လို့လည်းပြောတယ်၊ မိုးကုတ်၊ ရမည်းသင်း၊ ပျော်ဘွယ် သေချာပေါက်လုပ်တယ်။ ခရမ်း၊ သုံးခွ၊ တွံတေး၊ အောက်ဘက်ပိုင်းဆိုရင် သာယာဝတီ၊ ကြို့ပင်ကောက်၊ သုံးဆယ်နဲ့ နတ်တလင်း။ ဒီတပတ်ဆို မင်းလှလည်းလုပ်မယ်၊ ပြင်ဦးလွင်ကလည်းလုပ်မယ်လို့ ပြောတယ်။ မန္တလေးတိုင်းကလည်း စဉ့်ကိုင်၊ တံတားဦး၊ မြစ်သားတို့ လုပ်မယ်လို့ ပြောတယ်။”

ဒေါ်အောင်ဆန်းစုကြည် အမှုရက်ချိန်း ဆုတောင်းပွဲနဲ့ ပတ်သက်လို့ ဇူလိုင် ၃၁ ရက် နေ့တုန်းက ဝတ်ပြုဆုတောင်းပွဲတွေ မပြုလုပ်နိုင်အောင် မကွေးတိုင်းနဲ့ ရန်ကုန်တိုင်းက အဖွဲ့ချုပ်ဝင်တွေ အပါအဝင် အဖွဲ့ချုပ်ဝင် ၂၀ ကျော်ကို အာဏာပိုင်တွေက ကြိုတင် ထိန်းသိမ်းမှုတွေ ပြုလုပ်ခဲ့ပါတယ်။

# ဒေါ်စုကို အပြစ်ပေးခြင်းသည် လူ့အခွင့်အရေးချိုးဖောက်မှုဟု အဖွဲ့ချုပ် ပြော

**DVB | ဩဂုတ် ၁၃ ။** ။ ဒေါ်အောင်ဆန်းစုကြည်ကို အပြစ်မရှိဘဲ အပြစ်ပေးတာဟာ လူ့အခွင့်အရေးချိုးဖောက်မှုဖြစ်တယ်လို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ပြောဆိုလိုက်ပါတယ်။

ဒါပေမယ့် နအဖဥက္ကဋ္ဌ ဗိုလ်ချုပ်သန်းရွှေရဲ့ အမိန့်စာထဲမှာပါတဲ့ ဗိုလ်ချုပ်အောင်ဆန်းရဲ့သမီး၊ ရပ်ရွာအေးချမ်းသာယာရေး၊ ဒီမိုကရေစီအခွင့်အလမ်းအတားဆီးမဖြစ်စေရေးဆိုတဲ့ စကားလုံးတွေကိုတော့ ကြိုဆိုတယ်လို့ ပါတီကြေညာချက် နောက်တစောင်မှာ ဖော်ပြထားပါတယ်။ အဖွဲ့ချုပ်ပထမကြေညာချက်ပါ ကောက်နုတ်ချက်ကို ပြန်ကြားရေးအဖွဲ့ဝင်တဦးဖြစ်သူ ဒေါက်တာဝင်းနိုင်က ဖတ်ကြားပါတယ်။

"တရားစွဲအဖွဲ့အစည်းက ၁၉၇၄ ခုနှစ် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေတွင်ပါရှိသော မူလအခွင့်အရေးကို အကြောင်းပြု၍ ကန့်သတ်မိန့်နဲ့ တားဆီးမိန့်ဟာ လိုက်နာခြင်းမရှိဘဲ ဖောက်ဖျက်ကျူးလွန်သည်ဟု တရားစွဲဆိုခဲ့သောအမှုဖြစ်ပါသည်။ ဤဖွဲ့စည်းပုံအခြေခံဥပဒေမှာ တရားဝင် ရပ်စဲပြီးစီး၍ အာဏာသက်ရောက်ခြင်းမရှိတော့ပါ။ ဥပဒေအာနိသင်လုံးဝမရှိတော့သော ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်မူတည်၍ တရားစွဲဆိုခြင်းသည် မူလကတည်းက ပျက်ပျယ်ပြီးဖြစ်ပါသည်။"

"သို့ပါလျက် ရန်ကုန်မြောက်ပိုင်း ခရိုင်တရားရုံးက ၂၀၀၉ ခုနှစ် ဩဂုတ်လ ၁၁ ရက်နေ့တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ခေါင်းဆောင်အား အလုပ်နှင့် ထောင်ဒဏ် ၃ နှစ်ကျခံစေရန် စီရင်ချက် ချမှတ်ခဲ့ပါသည်။ ထိုသို့ စီရင်ချက်ချမှတ်ခြင်းသည် ဥပဒေပါပြဌာန်းချက်နှင့် ညီညွတ်ခြင်းမရှိသည့်အပြင် လူ့အခွင့်အရေးကို ချိုးဖောက်ခြင်းဖြစ်၍ ပြင်းထန်စွာကန့်ကွက်ကြောင်း ကြေညာလိုက်သည်။"

အဖွဲ့ချုပ်ရဲ့ ဒုတိယ ကြေညာချက်ထဲမှာ ဗိုလ်ချုပ်သန်းရွှေရဲ့ အမိန့်စာထဲက စကားလုံးတွေကို ကြိုဆိုထားတာ တွေ့ရပါတယ်။

"ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာနိုင်ငံလွတ်လပ်ရေးကို အသက်ပေး၍ရယူပေးခဲ့သည့် နိုင်ငံ့ခေါင်းဆောင်ဗိုလ်ချုပ်အောင်ဆန်း၏ သမီးဖြစ်ခြင်းကြောင့်လည်းကောင်း၊ ရပ်ရွာအေးချမ်းသာယာရေးနှင့်တည်ငြိမ်ရေးကိုရှေးရှု၍ လည်းကောင်း၊ တဦးအပေါ်တဦး အာဃာတများမရှိစေရေးအတွက် လည်းကောင်း၊ ဒီမိုကရေစီလမ်းကြောင်းတွင် အနှောင့်အယှက် မဖြစ်စေရေးအတွက်လည်းကောင်း၊ ရည်စူး၍ဟု ရေးသားဖော်ပြထားသည်ကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က မှတ်သားထားပါသည်။"

"အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ချမှတ်ထားသည့် မူ ၇ ချက်တွင်လည်း တမျိုးသားလုံး ပြန်လည်သင့်မြတ်ရေးနှင့် အာဃာတကင်းစင်သော အထွေထွေသဟဇာတဖြစ်မှုကို ရှေ့ရှုရေးသို့ ပါရှိပြီးဖြစ်ပါသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ခေါင်းဆောင် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်သည် တွေ့ဆုံဆွေးနွေး ညှိနှိုင်းအဖြေရှာရေးအတွက် အစဉ်တစိုက်ကြိုးပမ်းနေသူ၊ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် မူလကနဦးကပင် စတင်အားထုတ်နေသူဖြစ်သည့်အပြင် နိုင်ငံရေးအရ အပေးအယူပြုလုပ်ပြီး ပြုပြင်ပြောင်းလဲနိုင်စွမ်းရှိသူဖြစ်ပါသည်။ ထို့အပြင် တိုင်းရင်းသားလူမျိုးစုများနှင့် ဒီမိုကရေစီအင်အားစုများအားလုံးက ယုံကြည်အားကိုး အားထားနိုင်သူလည်းဖြစ်ပါသည်။"

ကြေညာချက်ရဲ့ နိဂုံးပိုင်းမှာ ဒီစကားလုံးတွေအတိုင်း လက်တွေ့ဖြစ်လာအောင် ဒေါ်အောင်ဆန်းစုကြည်နဲ့ နိုင်ငံရေးအကျဉ်းသားတွေကို လွှတ်ပေးပြီး ဆွေးနွေးပွဲတွေလုပ်ဖို့ တိုက်တွန်းထားပါတယ်။

"ဒေါ်အောင်ဆန်းစုကြည်က ယခုအမှု စီရင်ချက်ချမှတ်သည့် ၁၁ ရက် ၈ လ ၀၉ နှစ် တွင် မိမိအနေဖြင့် မြန်မာနိုင်ငံ ငြိမ်းချမ်းတည်ငြိမ်ရေးအတွက် ဆောင်ရွက်ခွင့်ရလိမ့်မည်ဟုလည်းကောင်း၊ ကမ္ဘာကြီးငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ခွင့်ရလိမ့်မည်ဟုလည်းကောင်း၊ မျှော်လင့်ကြောင်းတို့ကို တရားခွင်သို့လာရောက်ကြသည့် သံတမန်များအား ထုတ်ဖော်ပြောကြားခဲ့သည်ဟု ကြားသိရပါသည်။ ထို့ကြောင့် ဒေါ်အောင်ဆန်းစုကြည်သည် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် မြန်မာ့နိုင်ငံရေးလုပ်ငန်းစဉ်များတွင် မလွဲမသွေပါဝင်ရန် လိုအပ်ပါသည်။"

"သို့ပါ၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအနေဖြင့် တိုင်းပြည်နှင့် ပြည်သူလူထု၏ အကျိုးစီးပွားကို ရှေ့ရှု၍ တွေ့ဆုံဆွေးနွေးကြရန်နှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးတို့ကို စေတနာမှန်စွာ အကောင်အထည်ဖော်ပေးပါရန်၊ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသားအားလုံးတို့ကို ခြွင်းချက်မရှိ ပြန်လွှတ်ပေးရေးအတွက် အထွေထွေလွှတ်ငြိမ်းချမ်းသာခွင့်ကို အမြန်ဆုံးထုတ်ပြန်ပေးပါရန် တိုက်တွန်းနှိုးဆော်လိုက်သည်။"

# ရှမ်းပြည်နယ်အလယ်ပိုင်းက အိမ် ၅၀၀ ကျော်ကို နအဖတပ်က မီးရှို့ဖျက်ဆီး

**DVB | ဩဂုတ် ၁၃ ။** ။ ရှမ်းပြည်နယ်အလယ်ပိုင်းမှာ ဒေသခံတွေရဲ့အိမ်ခြေ ၅၀၀ ကျော် မီးရှို့ဖျက်ဆီးခံလိုက်ရတယ်လို့ ရှမ်းလူ့အခွင့်အရေးအဖွဲ့တွေက ပြောဆိုလိုက်ပါတယ်။

ရှမ်းပြည်နယ် အလယ်ပိုင်းမှာရှိတဲ့ ရွာပေါင်း ၄၀ ခန့်က အိမ်ခြေ ၅၀၀ ကျော် မီးရှို့ဖျက်ဆီးခံရတယ်လို့ ရှမ်းလူ့အခွင့်အရေးအဖွဲ့တွေက ထိုင်း–မြန်မာ နယ်စပ်တနေရာမှာ ဒီနေ့ပြုလုပ်တဲ့ သတင်းစာရှင်းလင်းပွဲမှာ ပြောဆိုလိုက်တာပါ။ ရှမ်းလူ့အခွင့်အရေးမဏ္ဍိုင်၊ SWAM လို့ခေါ်တဲ့ ရှမ်းအမျိုးသမီးရေးရာ လုပ်ရှားဆောင်ရွက်ရေးအသင်းနဲ့ အခြားရှမ်းအခြေခံလူထုအဖွဲ့အစည်းတွေ သတင်းကောက်ယူချက်များအရ ဒီနှစ် ဇူလိုင်လကုန်ပိုင်းကစလို့ နအဖတပ်တွေက ရှမ်းပြည်နယ်လဲချားမြို့နယ်က အိမ်ခြေ ၅၀၀ ကျော်နဲ့ စပါးကျီတွေကို မီးရှို့ဖျက်ဆီးခဲ့ပြီး ဒေသခံတွေကို အဓမ္မနေရာပြောင်းရွှေ့စေခဲ့တယ်လို့ သိရပါတယ်။ စစ်အုပ်စုတပ်တွေက ရှမ်းရွာသားတွေအပေါ် ဘာ့ကြောင့် ဒီလို လူ့အခွင့်အရေးချိုးဖောက်တာလဲဆိုတာနဲ့ ပတ်သက်ပြီး ရှမ်းလူ့အခွင့်အရေးမဏ္ဍိုင်ရဲ့ ဒါရိုက်တာ ဦးခမ်းဟန်ဖက ပြောပါတယ်။

"ဘာကြောင့်ရယ်လို့ အတိအကျပြောနိုင်ခြေမရှိဘူး။ တခြားအကြောင်းတွေလည်းရှိမှာပေါ့။ တချို့ထင်တာက ဒီဟာမဖြစ်ခင် ရှမ်းစစ်သားတွေနဲ့ နအဖစစ်တပ်တိုက်ပွဲတွေဖြစ်တယ်။ တိုက်တော့ နအဖစစ်သားတွေ အကျအဆုံးများတယ်။ ဒါကြောင့် သူတို့ရဲ့ ဖြတ် ၄ ဖြတ် ပေါ်လစီအတိုင်း အခုလိုတွေလုပ်တာပေါ့။"

နအဖ စစ်တပ်တွေက ဒီလုပ်ရပ်ကို အစီအစဉ်တကျလုပ်ဆောင်တာဖြစ်ပြီး နအဖစစ်တပ်စစ်ကြောင်းမှူးကိုယ်တိုင်က အိမ်တွေကို ဓာတ်ဆီလောင်းမီးရှို့ပြီးတာနဲ့ စစ်ဌာနချုပ်ကို အိမ်ဘယ်နှစ်လုံး မီးရှို့ပြီးကြောင်း စကားပြောစက်က တဆင့် သတင်းပို့တယ်လို့လည်း ဦးခမ်းဟန်ဖက ပြောပါတယ်။ ဒီဖြစ်ရပ်ကြောင့် ဒေသခံ ရှမ်းတိုင်းရင်းသားတသောင်းကျော် အိုးမဲ့အိမ်မဲ့ဖြစ်ရတယ်လို့ ရှမ်းသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသမား ကိုစိုင်းစိုင်းက ပြောပါတယ်။

"စဖြစ်တဲ့အချိန်က ဇူလိုင်လ ၂၇ နဲ့ ၂၈ ရက်နေ့ပေါ့။ ၂၉ မှာ တချို့ရွာတွေကို မီးရှို့တယ်။ ၃၀၊ ၃၁ မှာ ကျေးရွာတွေအကုန်လုံးမောင်းထုတ်တယ်။"

နအဖစစ်တပ်ရဲ့ အဆိုပါလုပ်ရပ်တွေကို အမြန်ဆုံးရပ်ဆိုင်းဖို့နဲ့ ဒေသခံတွေကို နေရပ်ပြန်ပို့ဖို့ ဒီကိစ္စမှာ နိုင်ငံတကာကလည်း စစ်အစိုးရကို ဖိုင်းဝန်းဖိအားပေးကြဖို့ ရှမ်းလူ့အခွင့်အရေးအဖွဲ့တွေက တောင်းဆိုလိုက်တယ်လို့ ရှမ်းလူ့အခွင့်အရေး မဏ္ဍိုင်ရဲ့ ဒါရိုက်တာ ဦးခမ်းဟန်ဖက ပြောပါတယ်။

"ကျနော်တို့အနေနဲ့ တိုက်ရိုက်တောင်းဆိုတာကတော့ ဒါတွေချက်ချင်းရပ်ပြီး အိုးမဲ့အိမ်မဲ့ဖြစ်နေတဲ့ ရွာသူရွာသားတွေကို ကိုယ့်အိမ်ကိုယ့်ယာဆီ ပြန်ခွင့်ပေး။ အိမ်နီးနားချင်းနိုင်ငံတွေရော၊ တခြားနိုင်ငံတွေရော ကူညီပြီးတော့ နအဖကို တောင်းဆိုပေးဖို့၊ ဖိအားပေးဖို့၊ ဒါတွေကို ရပ်ပေးဖို့ပါ။"

# အင်းစိန်ထောင်ရှေ့ လုံခြုံရေးနှင့် ရန်ကုန်မြို့မှ ဖမ်းဆီးမှုအခြေအနေ

**DVB ၊ ဩဂုတ် ၁၁ ။** ။ ဒေါ်အောင်ဆန်းစုကြည်အမှု စီရင်ချက်ချတဲ့ အင်းစိန်ထောင်အနီးမှာ လက်နက်ကိုင် လုံထိန်းတပ်ဖွဲ့တွေကို ခါတိုင်းနေ့တွေကထက် ပိုတိုးချထားပြီး ထောင်အနီးတဝိုက်လမ်းတွေကို သံဆူးကြိုးတွေနဲ့ပိတ်ထားပါတယ်။

ရဲတပ်ရင်း ၄ ရင်းလောက်နဲ့ လုံခြုံရေးချထားတာဖြစ်ပြီး စွမ်းအားရှင်နဲ့ ကြံ့ခိုင်ရေးအဖွဲ့ဝင်တွေက ရဲတပ်ဖွဲ့ဝင်တွေထက် အင်အားပိုများတယ်လို့ အဲဒီအနီးရောက်ရှိနေသူတွေထဲက အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ဝင်တဦးက ပြောပါတယ်။

"အင်းစိန်ပန်းခြံ ခုံးတံတားကြီး ဒီဘက်ပန်းခြံဘေးပတ်လည်မှာ လုံထိန်းကားတွေ ရဲအပြည့် ၁၅ စီး အစီး ၂၀ လောက် အကုန်လုံးထိုးထားတယ်၊ အင်းစိန်အရှေ့မှာလည်း လုံခြုံရေးအပြည့်ချထားတယ်။ မြို့နယ်မှာရှိတဲ့ အင်အားစုတွေ အကုန်လုံး၊ ရဲတပ်ဖွဲ့ဝင်အကုန်လုံး ဒီမှာလာစုတယ်။ အင်းစိန်ဈေးမရောက်ခင်မှာ အကုန်လုံးအပြည့်ချထားတယ်၊ ဈေးရှေ့မှာလည်း လုံထိန်းကားတွေချထားတယ်။ သွပ်ဆူးကြိုးတွေနဲ့ လမ်းတွေကိုဖြတ်ပိတ်ဖို့ အကုန်လုံး အပြည့်ချထားတယ်။"

လမ်းတွေပိတ် လုံခြုံရေးတင်းကျပ်ထားပေမယ့် ဒေါ်အောင်ဆန်းစုကြည်ကို အားပေးထောက်ခံတဲ့ သူ့ရဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင်တွေနဲ့ ရာနဲ့ချီတဲ့ ပြည်သူလူထုတွေဟာ အင်းစိန်ထောင်အနီးသွားရောက်ပြီး သူတို့ရဲ့ဆန္ဒတွေကို ဖော်ထုတ်ခဲ့ကြပါတယ်။ ရန်ကုန်မြို့ လုံခြုံရေးအခြေအနေနဲ့ ပတ်သက်ပြီး အဖွဲ့ချုပ် ဗဟိုအလုပ်မှုဆောင် ကော်မတီဝင်ဦးဝင်းတင် ပြောပါတယ်။

"ကျနော်ဒီနေ့မနက် ကျောက်ကုန်းကလာတာ လမ်းတလျှောက်လုံးအစောင့်တွေ တော်တော်များရှိတယ်။ ကမ္ဘာအေးဘုရားလမ်းတလျှောက်မှာ၊ လမ်းဆုံလမ်းခွတွေမှာ ရဲအစောင့်တွေ တော်တော်များများတွေ့တယ်။ ကြို့ကုန်းကနေပတ်ပြီး အင်းစိန်လမ်းလာတော့လည်း တော်တော်များများတွေ့တယ်။ ကျောက်တော်ကြီးဘုရားနားမှာလည်း ရဲတွေ တော်တော်များများ တွေ့တယ်။ တခုထူးခြားတာက ပြီးခဲ့တဲ့အပတ်တုန်းက ဒီဈေးရှေ့လမ်းနှစ်သွယ်ကြားထဲက မြေကွက်မှာ ပလက်ဖောင်းဘေးမှာ အကုန်လုံးပိတ်ပစ်တယ်။ ဒီတော့ ကုန်းအကျော် ပန်းခြံဆိုတဲ့ နေရာကို သွားရတယ်။ ဒီနေ့ကျတော့ ဒီဘက်ကို ဖွင့်ပေးပြန်တယ်။ လူလည်း တော်တော်များများတယ်။ ကျနော်တို့ ဆန္ဒသဘောထားတွေ ဖော်ထုတ်နေတာပဲ။"

အင်းစိန်ထောင်ရှေ့ရောက်ရှိသူတွေထဲမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင် ဦးဝင်းတင်၊ ဒေါက်တာသန်းငြိမ်း၊ ဒေါက်တာဝင်းနိုင်၊ ဒေါက်တာ ဒေါ်မေဝင်းမြင့်၊ တိုင်းရင်းသားခေါင်းဆောင်တွေဖြစ်တဲ့ ပူကျင်ရှင်းထန်၊ ဦးအေးသာအောင်၊ ရှေ့နေဦးအောင်သိန်းနဲ့ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်း၊ မကွေးတိုင်းနဲ့ ပဲခူးတိုင်း က အဖွဲ့ချုပ်ဝင်တွေ ပါဝင်ပါတယ်။ အဖွဲ့ချုပ်ဗဟိုအမျိုးသမီးလုပ်ငန်းအဖွဲ့ဝင် ဒေါက်တာ ဒေါ်မေဝင်းမြင့်က အခုလိုပြောပါတယ်။

"ဒီနေ့ အမိန့်ချဖြစ်မယ်လို့ ထင်တယ်။ မထင်လည်း မထင်ဘူး။ တခုခုဖြစ်လာရင် အန်တီတို့လူတွေကို ထိန်းထိန်းသိမ်းသိမ်းဖြစ်ဖို့လာခဲ့တာပါ"။

ဒေါ်အောင်ဆန်းစုကြည်ကို ထောင်ဒဏ်ပေးလိုက်တယ်ဆိုတာ သိလိုက်ရတဲ့ အင်းစိန်ထောင်ရှေ့ ရောက်ရှိနေသူတွေဟာ သူတို့ရဲ့မကျေနပ်တဲ့ ဆန္ဒကို ဖော်ထုတ်တဲ့အနေနဲ့ ရွှေဂုံတိုင်အဖွဲ့ချုပ် ဗဟိုရုံးချုပ်ကို လမ်းလျှောက်ကြဖို့ ဆုံးဖြတ်ခဲ့ကြပေမယ့် လမ်းလျှောက်ခွင့်မရခဲ့ဘူးလို့ အဖွဲ့ချုပ်ဝင်တဦးက ပြောပါတယ်။

"ဒေါ်အောင်ဆန်းစုကြည်ကို ထောင်ချတဲ့အတွက် အကုန်လုံး ဝမ်းနည်းစွာနဲ့ ဗဟာန်းရုံးချုပ်ကို လမ်းလျှောက်ချီတက်ကြမယ်။ ဘယ်သူမှ ကားမစီးကြေးဆိုပြီး သူက အော်လည်းအော်ပြီးရော အရှေ့ကနေ ဖမ်းပြီးတော့ ယာဉ်ထိန်းရဲကနေ အရင်ကပ်ထားတာ။ ရဲတွေက ယူနီဖေါင်းတွေနဲ့။ ပြီးမှ ဘယ်ဘက်ခြမ်းမှာရှိတဲ့စွမ်းအားရှင်တွေ၊ ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်းတွေရော သူတို့ခေါ်တာ။ ရဲအရံတွေလည်းပါတယ်။ သူတို့အုပ်စုက အယောက် ၂၀၀ ကျော် ၃၀၀ လောက်ရှိမယ်။ သူတို့အုပ်စုက ပိတ်တားပြီး အရှေ့အုပ်စု ဒိုင်နာပေါ် ခေါ်တင်သွားတာ။ ဒိုင်နာတစီး၊ ဟီးနိုးတစီး အဲ့ဒီနှစ်စီးပေါ် ခေါ်တင်သွားတာ ကျနော်တွေ့တယ်။ ကားပေါ်ခေါ်တင်သွားတယ်လို့ကျနော်ပြောလိုက်တော့ နောက်ကလူတွေ နောက်ကြောင်းပြန်လှည့်ပြီး ဘောလုံးကွင်းနဲ့ ပန်းခြံကြားထဲက ကားမှတ်တိုင်မှာ အကုန်လုံးကားငှားပြီး ပြန်ကြတာကိုတောင် နောက်ကနေ သူတို့ တောက်လျှောက်ကပ်လိုက်တယ်။"

ကားနဲ့ခေါ်တင်သွားတဲ့သူတွေကို မြေနီကုန်းဘက်အရောက် လူရှင်းတဲ့နေရာမှာချပေးခဲ့တယ်လို့လည်း ကိုယ်တိုင်ခေါ်တင်သွားခံရသူ တဦးက ပြောပြပါတယ်။ ရုံးချိန်းချိန်အတွင်း လှုပ်ရှားမှုတခုအနေနဲ့ ဒီမိုကရေစီရေးလှုပ်ရှားသူတချို့က ထီးအနီရောင်တွေနဲ့ ဖဲကြိုးဝါတွေ ရင်ဘတ်မှာတပ်ဖို့လိုက်ဝေတာတွေ ရှိခဲ့ပါတယ်။ ညနေ ၃ နာရီလောက်မှာတော့ အင်းစိန်ထောင်အနီး ပိတ်ထားတဲ့လမ်းတွေကို ပြန် ဖွင့်ပေးလိုက်တယ်လို့ အင်းစိန်မြို့ခံတဦးက ပြောပါတယ်။

---

# ၈၈ ကြောင့် ရဲဝန်ထမ်းအချို့ ဖမ်းဆီးခံရ

**DVB ၊ ဩဂုတ် ၈ ။** ။ မနေ့ညက ချောက်မြို့မှာ ရှစ်လေးလုံး အောက်မေ့ဖွယ် ပိုစတာကပ်တာတွေ ပြုလုပ်ခဲ့တာကို မသိလိုက်တဲ့ တာဝန်ကျ ရဲဝန်ထမ်းသုံးဦး ဖမ်းဆီးချုပ်နှောင်ခံနေရတယ်လို့ သိရပါတယ်။

မနေ့က ချောက်မြို့မှာ ပြုလုပ်ခဲ့တဲ့ ရှစ်လေးလုံး လူထုလှုပ်ရှားမှုအောက်မေ့ဖွယ် ပိုစတာတွေကပ်ခဲ့တာကို မသိလိုက်တာကြောင့် အေးစေတီဘုရားမှာ တာဝန်ကျ ရဲဝန်ထမ်းသုံးဦးကို မသိရကောင်းလားဆိုပြီး ဖမ်းဆီးချုပ်နှောင် ခံနေရတာပါ။ ဒီလို ဖမ်းဆီခံထားရကြောင်းကို ချောက်မြို့ခံတဦးက ပြောပါတယ်။

"ဒေါ်အောင်ဆန်းစုကြည်ရဲ့ပုံတွေ ကပ်ခဲ့တဲ့နေရာတွေမှာ ညမှာခွာခိုင်းတယ်။ တချို့နေရာမှာ ခွာပစ်တယ်၊ တချို့နေရာမှာမခွာပစ်ဘူး။ မခွာပစ်တဲ့နေရာတွေမှာ ပြည်သူတွေသွားကြည့်ပြီးမှသိလို့ သွားခွာရတဲ့အတွက် တာဝန်ကျရဲတွေကို အပြစ်ပေးလိုက်တယ်။ သူတို့မိသားစုတွေ ထမင်းပို့တာတွေကို ရဲတပ်ဖွဲ့ဝင်မိသားစုတွေကတဆင့် ကျနော်တို့သိရတယ်။"

ဒီကိစ္စနဲ့ပတ်သက်ပြီး ချောက်မြို့ရဲစခန်းကို ဆက်သွယ်မေးမြန်းခဲ့ပေမယ့် တစုံတရာ ပြန်လည်ဖြေကြားခြင်းမရှိခဲ့ပါဘူး။ ရဲဝန်ထမ်းတွေကို မသိရကောင်းလားလို့ ဖိအားပေးအပြစ်ပေးပြီး လုပ်ခိုင်းနေတာဟာ အိမ်ကြက်ချင်း အိုးမည်းသုတ်ပြီး ခွပ်ခိုင်းနေတာနဲ့အတူတူပဲလို့လည်း အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်အဖွဲ့ဝင်အချို့က ပြောပါတယ်။ ဒီကိစ္စနဲ့ ပတ်သက်ပြီး မိတ္ထီလာအဖွဲ့ချုပ်အတွင်းရေးမှူး ဒေါ်မြင့်မြင့်အေးက သူ့အမြင်ကို ပြောပါတယ်။

"ဒါတော့ မကောင်းဘူးပေါ့။ ဝန်ထမ်းတွေလည်း မသက်မသာဖြစ်နေတဲ့ကိစ္စ။ စွမ်းအားရှင်ဆိုတာလည်း သူတို့ခေါ်လို့သာ လိုက်လာရတယ် တကယ့်တကယ်ကျတော့ ပိုက်ဆံ ဟုတ်တိပတ်တိ မရဘူး။ ဒီလို ဒီစနစ်ကြီး မပျောက်ပျက်သမျှတော့ သူတို့လည်း ဒုက္ခ၊ ကိုယ်လည်း ဒုက္ခပေါ့။ အာဏာပိုင်အဖွဲ့အစည်းအနေနဲ့လည်း ဒီဒုက္ခကို ခံစားနေကြရဦးမှာပဲ။"

"ဖြစ်သင့်တဲ့ တွေ့ဆုံဆွေးနွေးရေးလမ်းကြောင်းနဲ့ တကယ် ပြဿနာဖြေရှင်းပေးနိုင်မယ့် ဒေါ်အောင်ဆန်းစုကြည်ကို လွှတ်ပြီးတော့ လုပ်သင့်ပါတယ်။ အာဏာရှင်ဗိုလ်ချုပ်ကြီးများတင်မက အောက်ခြေမှာ ရှိသမျှဝန်ထမ်းတွေအားလုံးလည်း ဒုက္ခတွေကို ခါးစည်းခံနေကြရတယ်ဆိုတာ မကောင်းတဲ့ ကိစ္စပါ။ ဒီကိစ္စကိုကျော်လွှားနိုင်ဖို့ အားလုံးမှာ တာဝန်ရှိတယ်"။

ချောက်မြို့မှာ ပြုလုပ်ခဲ့တဲ့ ရှစ်လေးလုံးအောက်မေ့ဖွယ် လှုပ်ရှားမှုတွေအပြင် ပဲခူးမြို့နဲ့ အခြားနယ်မြို့တွေမှာလည်း ပြုလုပ်ကြတယ်လို့ သိရပါတယ်။

# လက်ရှိ ကုန်ဈေးနှုန်းအခြေအနေ၊ နယ်စပ်ကုန်သွယ်ရေးနဲ့ ငွေကြေးဈေးနှုန်း

**DVB ၊ ဩဂုတ် ၇ ။** ။ ဒီတပတ်သောကြာစီးပွားရေးသတင်းတွေမှာ စားသုံးဆီအချို့ကို စားသုံးရန်မသင့်ဘူးလို့ ကြေညာလိုက်ပြီးတဲ့ နောက်ဆက်တွဲ သတင်း၊ ကြက်ဥအတု သတင်းတွေကြောင့် ကြက်ဥရောင်းအားတွေ ကျသွားတဲ့သတင်း၊ မော်ဒယ်လ်မြင့်တယ်လီဖုန်းဟန်းဆက်တွေ ရောင်းအားတက်နေတဲ့သတင်း၊ တပတ်အတွင်း ငွေလဲလှယ်နှုန်းတွေနဲ့ နယ်စပ်ကုန်သွယ်ရေးအခြေအနေတွေကို တင်ပြပါမယ်။

စားသုံးဆီအချို့ကို စားသုံးရန်မသင့်ဘူးလို့ နိုင်ငံပိုင်သတင်းစာတွေက ဒီအပတ်ထဲမှာ ကြေညာပြီးတဲ့နောက် စားသုံးသူတွေက အခြားစားသုံးဆီမျိုးကို ပြောင်းစားလာတာကြောင့် ပဲဆီ၊ နှမ်းဆီဈေးအနည်းငယ်မြင့်လာပြီး တပိဿာကို ၂၆၀၀၊ ၂၇၀၀ ခန့် အထိ တက်သွားပြီး ကောက်ပဲသီးနှံဈေးကွက်မှာ သီးနှံနှစ်မျိုးဈေးတက်သွားတဲ့ အခြေအနေမျိုးတွေရှိနေပါတယ်။ စားသောက်ကုန်ဈေးကွက်ထဲကို ကြက်ဥအတုတွေ ဝင်နေတယ်ဆိုတဲ့သတင်းကြောင့် အခြေခံစားသောက်ကုန်ဖြစ်တဲ့ ကြက်ဥတွေရောင်းအား သိသိသာသာ ကျနေတယ်လို့ ဈေးသည်တဦးက ပြောပါတယ်။

"ကြက်ဥကြီးရင် ၁၂၀ ကျပ်၊ ဥအလတ် ပုံမှန်အနေအထားက တလုံးကို ၁၀၀ ကျပ်ရှိပါတယ်။ ဒီဥတွေက အတုတွေများဖြစ်နေမလားဆိုပြီး ထိန့်လန့်ကုန်တာပေ့ါ။ အတုလား၊ အစစ်လား ခွဲခြမရတော့ မစားတော့ဘူးပေ့ါဗျာ။ ဝယ်စားတဲ့နှုန်းတွေ လျော့ကုန်တာပေ့ါ။ ဆီတို့ ကြက်ဥတို့ အခြေခံစားသုံးကုန်တွေကနေစဖြစ်တာပါ။ ဆန်ဈေးလည်း ထိုးတက်လာတယ်။ ဆီဈေးက တပိဿာကို ၂၀၀ တက်သွားတယ်။ စားအုန်းဆီက အချိန် တဆယ်ပုံးကို နှစ်သောင်းနဲ့ ရှစ်ရာရှိတယ်။"

လူသုံးကုန် ပစ္စည်းအခြေအနေတွေက မြဝတီနဲ့ အမ်မာတီဗွီ၊ အမ်မာတီဗွီဖိုးတို့လို ရုပ်သံလိုင်းတွေကို ကြည့်လို့ရပြီး ဗီဒီယိုရိုက်တာတို့ အသံဖမ်းတာတို့လုပ်လို့ရတဲ့ ဖန်ရှင်မြင့်တဲ့ တယ်လီဖုန်း ဟန်းဆက်တွေ အရောင်းသွက်နေပါတယ်။ အဝတ်အထည်နဲ့ အခြားလူသုံးကုန် ပစ္စည်းတွေက ရန်ကုန်ဈေးကွက်မှာရော၊ မန္တလေးဈေးကွက်မှာပါ ပုံမှန်သာ အရောင်းအဝယ်တွေ ဖြစ်နေပါတယ်။ ဒီတပတ် လောင်စာဆီဈေးနှုန်းတွေက ဓာတ်ဆီတဂါလံကို ၃၀၀၀ ကျပ်နဲ့ ဒီဇယ်တဂါလံကို ၂၄၀၀ ကျပ်ရှိနေပါတယ်။ ရွှေဈေးနှုန်းတွေက ရန်ကုန်မှာ အခေါက်ရွှေတကျပ်သားကို ငါးသိန်းခုနှစ်သောင်း ဝန်ကျင်မှာရှိပြီး အနည်းငယ် ထပ်တက်လာတာကို တွေ့ရပါတယ်။

ဒီတပတ် ငွေလဲလှယ်နှုန်းတွေကိုပြောရမယ်ဆိုရင် အမေရိကန် တဒေါ်လာကို မြန်မာငွေ ၁၁၂၇ ကျပ် အက်ဖ်အီးစီ တယူနစ်ကို မြန်မာငွေ ၁၀၇၀ ကျပ် တရုတ်တယွမ်ကို မြန်မာငွေ ၁၆၄ ကျပ် ထိုင်း တဘတ်ကို မြန်မာငွေ ၃၂ ကျပ် ဝန်းကျင်၊ အိန္ဒိယ တရူပီကို မြန်မာငွေ ၂၃ ကျပ် ဝန်းကျင်၊ ဘင်္ဂလားဒေ့ရှ် တဒါကာကို မြန်မာငွေ ၁၇ ကျပ်ပေါက်နေပါတယ်။ ဒီတပတ်ငွေလဲနှုန်းတွေ အပြောင်းအလဲ သိပ်မရှိတာကို တွေ့ရပါတယ်။ နယ်စပ်ကုန်သွယ်ရေးအခြေအနေတွေမှာ တရုတ်ဘက်က ကြွတ်ကြွတ်အိတ်နေရာမှာ အစားထိုးအသုံးပြုတဲ့ အဝတ်နဲ့ လုပ်ထားတဲ့ အိတ်တင်ပို့မှုတွေ ဒီတပတ်ထဲမှာ ထူးထူးခြားခြား ရှိနေပါတယ်။ ဒါအပြင် တရုတ်ကနေ မူဆယ်–လားရှိုးမီးရထားလမ်းဖောက်ဖို့ရှိနေတာကြောင့် မူဆယ်မြို့ပေါ်နဲ့ လားရှိုးမြို့တွေမှာ အိမ်ခြံမြေဈေးတွေ အရင်က ပိုမြင့်နေတယ်လို့ တရုတ်နယ်စပ်ကကုန်သည်တဦး ပြောပါတယ်။

"တရုတ်နဲ့ မူဆယ်ကို မီးရထားလမ်း ဖောက်နေတယ်ဆိုတော့ မူဆယ်မှာရှိတဲ့ ယာကွက်တွေက ဈေးတက်လာတယ်။ မနှစ်က ရာပိုင်းလောက် ရှိတာက အခုထောင်ပိုင်းဖြစ်သွားတာပေ့ါ။ မူဆယ်က လားရှိုးအထွက်ဘက်လမ်းက အရောင်းအဝယ်ဖြစ်နေတယ်။ မူဆယ်ကတော့ အားလုံးနီးပါးကောင်းပါတယ်။ မိန်းလမ်းဆိုရင်တော့ ဈေးပိုကောင်းတာပေ့ါ။"

ဘင်္ဂလားဒေ့ရှ်–မြန်မာနယ်စပ်၊ အိန္ဒိယ–မြန်မာနယ်စပ်နဲ့ ထိုင်း–မြန်မာနယ်စပ်တွေမှာ မိုးတွင်းဖြစ်တာကြောင့် ပုံမှန်လောက်ပဲ အရောင်းအဝယ်တွေ ရှိနေတယ်လို့သိရပါတယ်။

---

# မြောက်ကိုးရီးယား သင်္ဘော အိန္ဒိယဖမ်းဆီး

**DVB ၊ ဩဂုတ် ၈ ။** ။ မြန်မာနိုင်ငံပိုင် ကိုကိုးကျွန်းနဲ့ သိပ်မဝေးလှတဲ့ အက်ဒမန်ပင်လယ်က နီကိုးဘားကျွန်းစု မြောက်ဘက်ပိုင်းနားမှာ တရားမဝင်ဆိုက်ကပ်လာတဲ့ မြောက်ကိုးရီးယား သင်္ဘောတစင်းကို အိန္ဒိယရေတပ်က ဖမ်းဆီးမိခဲ့တယ်လို့ အိန္ဒိယနိုင်ငံထုတ် တိုင်းမ်စ်သတင်းစာ မျက်နှာဖုံးမှာဖော်ပြထားပါတယ်။

ပြီးခဲ့တဲ့ ကြာသပတေးနေ့က မူဆန်လို့ အမည်ရတဲ့ သံသယဖြစ်စရာ မြောက်ကိုရီးယား ကုန်တင်သင်္ဘောကို အိန္ဒိယရေတပ်က ဖမ်းဆီးမိပြီးတဲ့နောက် ထိုင်းနိုင်ငံကနေ အီရတ်နိုင်ငံကိုပေးပို့မယ့် သကြားတန်ချိန် တသောင်းခြောက်ထောင် တင်ဆောင်လာတယ်လို့ နောက်ပိုင်းမှာ စစ်ဆေးတွေ့ရှိရတဲ့အကြောင်းလည်း ရေးသားထားပါတယ်။ ဒါပေမယ့် အဲဒီမြောက်ကိုရီးယားသင်္ဘောဟာ ဗုဒ္ဓဟူးနေ့က တရားမဝင် ကျောက်ချ ဆိုက်ကပ်နေပြီး အိန္ဒိယရေတပ်ရဲ့ ရေဒီယိုကတဆင့် ဆက်သွယ်မေးမြန်းချက်ကို ပြန်မဖြေဘဲ ထွက်ပြေးဖို့ ကြိုးစားတဲ့ အတွက် ပြီးခဲ့တဲ့ ကြာသပတေးနေ့က သေနတ်ပစ်ဖောက် ဖမ်းဆီးခဲ့တာဖြစ်ပါတယ်။

အိန္ဒိယရေတပ်ဟာ အရင်ကလည်း မြောက်ကိုရီးယားသင်္ဘောတွေ ပါကစ္စတန်ကို နျူကလီးယားလက်နက်နဲ့ပတ်သက်တဲ့ပစ္စည်းတွေ ပို့ဆောင်တာကို ဖမ်းဆီးမိခဲ့ဖူးတဲ့အပြင် မြောက်ကိုရီးယားဟာ မြန်မာနိုင်ငံနျူကလီးယားစီမံကိန်းတွေမှာ ကူညီဆောင်ရွက်ပေးနေတယ်ဆိုတဲ့ သတင်းတွေ မကြာသေးခင်က ထွက်ပေါ်လာခဲ့တဲ့အတွက် ခုလိုတွေ့ရှိရာမှာ စုံစမ်းစစ်ဆေးတာ ဖြစ်ပါတယ်။ အိန္ဒိယရေတပ်အရာရှိတွေရဲ့ အဆိုအရ ဒီသင်္ဘောမှာ လူ ၃၉ ဦးပါရှိပြီး ထိုင်းနိုင်ငံကနေ စကော့ပူဆိပ်ကမ်းမှာ ဆိုက်ကပ်ခဲ့ပေမယ့် နိုင်ငံကူးလက်မှတ်တွေမှာ လူဝင်မှုကြီးကြပ်ရေးတံဆိပ်ရိုက်နှိပ်ထားတာ မတွေ့ရကြောင်းနဲ့ နောက်ထပ် စစ်ဆေးမေးမြန်းမှုတွေ ဆက်လုပ်သွားမယ်လို့ သတင်းစာမှာ ဖော်ပြထားပါတယ်။

---

# ရိုဟင်ဂျာများကို ပြန်ခေါ်ရန်တောင်းဆို

**DVB ၊ ဩဂုတ် ၁၀ ။** ။ မြန်မာပြည်ဘက်နေ ဘင်္ဂလားဒေ့ရှ်ဘက်ကို တရားမဝင်ရောက်ရှိနေတဲ့ ရိုဟင်ဂျာတွေကို ပြန်ပြီးလက်ခံဖို့ ဘင်္ဂလားဒေ့ရှ်အာဏာပိုင်တွေက နအဖစစ်အုပ်စုကို တောင်းဆိုလိုက်ပါတယ်။

သိန်းနဲ့ချီတဲ့ ရိုဟင်ဂျာဒုက္ခသည်တွေကြောင့်"ကြီးမားတဲ့ ဝန်ထုပ်ဝန်ပိုး" ဖြစ်နေတဲ့အတွက် ဒီဒုက္ခသည်တွေကို ပြန်လက်ခံပါ၊ ထပ်ရောက်မလာအောင်လည်း ကူညီပါလို့ ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီး ဒီပူမိုနီက ကုလသမဂ္ဂ ဒုက္ခသည် များဆိုင်ရာ မဟာမင်းကြီးရုံး (ယူအန်အိတ်ချ်စီအာရ်) ကတဆင့် တောင်းဆိုလိုက်တာပါ။ မြန်မာဘက်က ရိုဟင်ဂျာတွေကြောင့် လူမှု–စီးပွားရေးပြဿနာ၊ ပတ်ဝန်းကျင် ပျက်စီးမှု ပြဿနာတွေ ဖြစ်ပွားနေတယ်လို့ ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီး ဒီပူမိုနီက ယူအန်အိတ်ချ်စီအာရ် ဌာနေကိုယ်စားလှယ် ရေမွန်ဟောကို ပြောကြားလိုက်တာပါ။

ဘင်္ဂလားဒေ့ရှ်မှာ ရိုဟင်ဂျာ လေးသိန်းလောက် ရှိနေတယ်လို့ ဘင်္ဂလားဒေ့ရှ်အစိုးရက ပြောပါတယ်။ ဘင်္ဂလားဒေ့ရှ်မှာရှိတဲ့ ဒုက္ခသည်စခန်းတွေထဲမှာ ရိုဟင်ဂျာဒုက္ခသည် နှစ်သောင်းကိုးထောင်ကျော် ရှိနေပြီး အဲဒီထဲက ငါးထောင်ကျော်ကို ယူအန်အိတ်ချ်စီအာရ်က ထောက်ပံ့နေတာဖြစ်ပါတယ်။ စခန်းပြင်ပမှာ နှစ်သိန်းလောက် ရှိနေတယ်လို့ ယူအန်အိတ်ချ်စီအာရ်စာရင်းအရသိရပါတယ်။ ရခိုင်ပြည်နယ်မြောက်ပိုင်းဘက်က ရိုဟင်ဂျာတွေဟာ ဘင်္ဂလားဒေ့ရှ်ဘက်ကို နှစ်ပေါင်းများစွာကတည်းက သွားရောက်နေတာဖြစ်ပါတယ်။ ၁၉၉၁ ကစပြီး ရိုဟင်ဂျာ နှစ်သိန်းခွဲကျော်ရောက်ရှိခဲ့ပြီး အများစုက ဌာနေပြန်သွားကြတယ်လို့ ယူအန်အိတ်ချ်စီအာရ်က ဆိုပါတယ်။

# မြန်မာ့မဟာမိတ်များအစည်းအဝေးကို အင်ဒိုနီးရှားအစိုးရက ခွင့်မပြုဟုဆို

**DVB၊ ဩဂုတ် ၁၃။** ။ မြန်မာ့ဒီမိုကရေစီအင်အားစုတွေနဲ့ တိုင်းရင်းသားအင်အားစုတွေ အင်ဒိုနီးရှားမှာ တွေ့ဆုံဆွေးနွေးပွဲပြုလုပ်နေပါတယ်။

မြန်မာပြည်မှာ ပြုပြင်ပြောင်းလဲရေးကို ဦးတည်မယ့်အစီအစဉ် အတည်ပြုရေးအတွက် ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရ NCGUB၊ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားကောင်စီ NCUB၊ ENC (တိုင်းရင်းသားလူမျိုးများကောင်စီ–ပြည်ထောင်စုမြန်မာနိုင်ငံ) စတဲ့အဖွဲ့ ၇ ဖွဲ့ ပါဝင်တဲ့ ဒီမိုကရေစီနှင့်တိုင်းရင်းသားများအခွင့်အရေးလှုပ်ရှားမှုဆိုတဲ့ ပူးပေါင်းမဟာမိတ်အဖွဲ့က တွေ့ဆုံဆွေးနွေးနေတာပါ။ ဒီအစည်းအဝေးမှာ အမျိုးသားပြန်လည်သင့် မြတ်ရေးအတွက်အဆိုပြုချက်ကို အတည်ပြုဖို့ရှိပါတယ်။ ဒီအဆိုပြုချက်ဟာ စစ်အုပ်စုနဲ့ တွေ့ဆုံဆွေးနွေးရေးကို ဦးတည်မျှော်မှန်းတယ်လို့ ဆိုပါတယ်။ ဒီကိစ္စနဲ့ ပတ်သက်ပြီးတော့ ဂျကာတာမှာ သွားရောက်သတင်းယူနေတဲ့ ဒီဗွီဘီဝိုင်းတော်သား ဦးတိုးဇော်လတ်နဲ့ ဆက်သွယ်မေးမြန်းချက်ကို တင်ပြလိုက်ပါတယ်။

ကိုတိုးဇော်လတ် ခင်ဗျာ၊ အဲဒီက အစည်းအဝေး လက်ရှိ အခြေအနေကို စပြီးပြောပြပေးပါလား...

"အဲဒီကိစ္စကိုပဲ အမျိုးသားညွန့်ပေါင်းအစိုးရ ဒေါက်တာစိန်ဝင်းနဲ့မေးခဲ့ပါတယ်၊ သူတို့ရဲ့အဆိုပြုချက်က အင်္ဂလိပ်လိုကတော့ exclusive reconcilation ဗမာစစ်တပ်အပါအဝင်ပေ့ါ။ လောလောဆယ် နအဖက ဒေါ်အောင်ဆန်းစုကြည်ကိုလည်း ထောင်ချခဲ့တယ်။ အဲဒါကိုရော သူတို့က လက်ခံစဉ်းစားပုံမလားဆိုတာ မေးခဲ့ပါတယ်။ သူပြောတာက နည်းနည်းလေးတော့ ပိုပြီးခက်သွားပါတယ်တဲ့။ ဒီအစီအစဉ်ကလည်း ဒေါ်အောင်ဆန်းစုကြည်ကို အမှုတင် တရားမစွဲခင်ကတည်းကလုပ်ထားတဲ့အတွက် ဒီဟာကိုတော့ ဆက်လုပ်မှာပဲလို့ပြောသွားပါတယ်။"

အာဆီယံအမတ်တွေကို မေးဖြစ်သေးလား၊သူတို့က ဘာပြောသလဲ...

"စင်္ကာပူကလာပြီးတက်တဲ့ လက်ရှိအစိုးရတွေလည်း ပါတယ်။ စင်္ကာပူကအမတ် မစ္စတာချားလ်ချောင်ရော၊ အင်ဒိုနီးရှားကအမတ် မစ္စစ်အီဗာကိုလည်း ကျနော်မေးကြည့်ပါတယ်၊ အာဆီယံအနေနဲ့ အရင်တုန်းကတော့ ခုလိုအမျိုးသားရင်ကြားစေ့ရေးနဲ့ ပတ်သက်တဲ့ ကမ်းလှမ်းချက်ကို အခုအခြေအနေမှာ လက်ခံနိုင်ခြေရှိသေးရဲ့လားဆိုတော့ သူတို့အနေနဲ့နည်းနည်းပိုခက်သွားပေမယ့် အာဆီယံအနေနဲ့ကတော့ ဒီလမ်းကြောင်းကိုပဲ ဆက်ကိုင်ပြီးတော့ ပိုပြီးတော့ ထိရောက်စွာတိတိကျကျပြောဖို့လို့ ဖြေကြားသွားတာ သိရပါတယ်။"

ဒီတော့ အစည်းအဝေးမှာ တင်ပြတဲ့ အဆိုပြုချက်ကို တက်ရောက်တဲ့ ၇ ဖွဲ့စလုံးက သဘောတူကြတယ်တဲ့လား...

"အားလုံးသဘောတူပြီး လုပ်မယ်ဆိုတဲ့အဆင့်အထိတော့ မရောက်ပါဘူး၊ တခြားအဖွဲ့တွေရောက်ပေမယ့် လူမျိုးစုများရေးရာကောင်စီအဖွဲ့ကတော့ ဒီဟာကိုပူးပေါင်းဆောင်ရွက်မယ်။ ဒါပေမယ့် တချို့အချက်အလက် အတိအကျတွေကို ဆက်လက်ဆွေးနွေးစရာ ရှိတယ်လို့တော့ ပြောသွားပါတယ်။"

အစည်းအဝေးကို အင်ဒိုနီးရှားအာဏာပိုင်တွေက တားမြစ်လို့ပျက်သွားတယ်ဆိုတဲ့ ကိစ္စကကော...

"အဲဒါလည်း အမှန်ပါပဲ။ ပထမနေ့ မနေ့ကတော့ သူတို့အစည်းအဝေးကို လာတားပါတယ်။ အာဏာပိုင်တွေ တော်တော်များများ၊ ရဲတွေရောပေ့ါ။ မြန်မာစစ်အုပ်စုဟာ အာဆီယံနိုင်ငံဖြစ်တဲ့အတွက် သူ့ရဲ့ သံတမန်အခွင့်အရေးကိုသုံးပြီးတော့ ဒီအစည်းအဝေးကို ပိတ်ခိုင်းတယ်လို့ပြောပါတယ်။ အဲဒါနဲ့ပတ်သက်လို့လည်း ကျနော် ဒီနေ့ အင်ဒိုနီးရှားက လက်ရှိပါလီမန်အမတ်တယောက်ဖြစ်တဲ့ အီဗာကိုမေးကြည့်တော့ ဒီဟာက သူတို့ပါလီမန်တခုလုံးရဲ့ အောက်ခြေနဲ့အပေါ် နားလည်မှု သိပ်ညှိမရလို့ ဖြစ်သွားတာလို့ပြောပါတယ်။ အဲဒါကြောင့် သူတို့က ဒီဟိုတယ်မှာ လုပ်လို့မရရင် ပါလီမန်မှာလာလုပ်ပါဆိုပြီးတော့ မနေ့က ပြောသွားပါတယ်။ ဒါပေမယ့် အခြေခံကတော့ အင်ဒိုနီးရှားအစိုးရ အာဏာပိုင်တွေက ဒီအစိုးရကို ပေးမလုပ်ပါဘူး။ အဲဒါကြောင့်လည်း ဒီနေ့ လူ့အခွင့်အရေးကော်မရှင်က ဟိုတယ်မှာ ပေးမလုပ်ရင် လူ့အခွင့်အရေးကော်မရှင်မှာ လာလုပ်ဆိုပြီးတော့ ဒီနေ့ ဒုတိယနေ့ကို လူ့အခွင့်အရေးကော်မရှင်ကလက်ခံပြီး ဆောင်ရွက်ပေးလိုက်တာဖြစ်ပါတယ်။"

# ဒေါ်စုကိုပြစ်ဒဏ်ချမှု လူ့အခွင့်အရေးအဖွဲ့မှ ပြစ်တင်

**RFA၊ ဩဂုတ် ၁၂။** ။ ဒေါ်အောင်ဆန်းစုကြည်ကို ပြစ်ဒဏ်ချမှတ်လိုက်တာနဲ့ပတ်သက်ပြီး ကုလသမဂ္ဂလူ့အခွင့်အရေးကိုယ်စားလှယ် လေးဦးက ပြစ်တင်ရှုတ်ချလိုက်ပြီး ဒေါ်အောင်ဆန်းစုကြည်ကို ချွင်းချက်မရှိအမြန်ဆုံး ပြန်လွှတ်ပေးဘို့လည်း တောင်းဆိုလိုက်ပါတယ်။

မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂလူ့အခွင့်အရေးအထူးကိုယ်စားလှယ် Mr. Tomas Quintana နဲ့ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် ကာကွယ်မြှင့်တင်ရေးဆိုင်ရာ အထူးကိုယ်စားလှယ် Mr.Frank La Rue အပါအဝင် အထူးကိုယ်စားလှယ် ၄ ဦးက ဩဂုတ်လ ၁၁ ရက်၊ မနေ့က ကြေညာချက်ထုတ်ပြန်ပြီး အခုလိုဆောင်းဆိုလိုက်တာပါ။

တကယ်လို့သာ ဒေါ်အောင်ဆန်းစုကြည်ရဲ့နေအိမ်ကို မသက်ဆိုင်သူတွေ မဝင်ရောက်နိုင်ဘို့ စစ်အစိုးရမှာ တာဝန်ရှိတယ်ဆိုရင်၊ နောက်တခါ အရေးယူလိုက်တယ်ဆိုတဲ့ လုံခြုံရေးတပ်ဖွဲ့ဝင်တွေကိုလည်း အဲဒီလုံခြုံရေးကိစ္စအတွက် တာဝန်ပေးထားတယ်ဆိုရင် အခုလိုကျူးကျော်ဝင်ရောက်မှုအတွက် ဒေါ်အောင်ဆန်းစုကြည်မှာ တာဝန်ရှိတယ်လို့ လုံးဝမပြောနိုင်ပါဘူးလို့ ကြေညာချက်မှာ ရေးသားထားပါတယ်။

ဒီအမှုဖြစ်ပွားလာပုံကနေ အမှုစစ်ဆေးပုံတွေ အပါအဝင် အစကနေ အဆုံးအထိ မှုမမှန်တဲ့အချက်အလက်တွေ အမြောက်အမြား တွေ့ရတယ်လို့လည်း ကြေညာချက်မှာဖော်ပြထားပါတယ်။ အလားတူဘဲ ဒေါ်အောင်ဆန်းစုကြည်အပေါ် ပြစ်ဒဏ်ချမှတ်လိုက်တာနဲ့ပတ်သက်ပြီး မြန်မာစစ်အစိုးရကို နိုင်ငံတကာက ပြစ်တင်ရှုတ်ချနေကြရာမှာ အရှေ့တီမောလ်သမတ Jose Ramos-Horta ကလည်း ဒီပြစ်ဒဏ်ဟာ တရားမျှတမှုလုံးဝမရှိကြောင်းနဲ့ ဘယ်လိုအခြေခံနဲ့ ဘယ်လိုတရားဥပဒေ စနစ်မျိုးမှာမှ လက်ခံနိုင်စရာမရှိကြောင်း ဒီကနေ့ပြောကြားလိုက်ပါတယ်။

ဒ့ါအပြင် ဒေါ်အောင်ဆန်းစုကြည်နဲ့ နိုင်ငံရေးအကျဉ်းသားတွေအားလုံး ချွင်းချက်မရှိ ပြန်လွှတ်ပေးဘို့လည်း ပြောဆိုလိုက်ပါတယ်။

## ပြက္ခဒိန်မှ

**ဩဂုတ် ၁၄ ၊ NEJ ။ ။** ရှမ်းပြည်အရှေ့မြောက်ရှိ မြန်မာနိုင်ငံအမျိုးသားဒီမိုကရက်တစ်မဟာမိတ်တပ်(ကိုးကန့်တပ်) သည် ဒေသတွင်းအကျဉ်းထောင်တွင် ဖမ်းဆီးထားသူ အားလုံးအားလွှတ်ပေးလိုက်သဖြင့် ဒေသတွင်းစစ်ဖြစ်မည်စိုးရိမ်နေကြောင်း။

**ဩဂုတ် ၁၄ ၊ KHသတင်းစာအာဘော် ။ ။** လုံခြုံရေးကောင်စီသည် နအဖအား ပြစ်တင်ရှုတ်ချသည့်စာတမ်း ချက်ချင်းထုတ်ပြန်သင့်သည်။

**ဩဂုတ် ၁၄ ၊ Independent ။ ။** ဒေါ်အောင်ဆန်းစုကြည် ဆက်အချုပ်နှောင်ခံရသော် ရဟန်းပြည်သူကျောင်းသားလူထု အုံကြွနိုင်ကြောင်း ဦးဝင်းတင် ၈၀ မှဆို၏။

**ဩဂုတ် ၁၄ ၊ SASKATOON,Canada ။ ။** အဓမ္မစစ်လူမမယ်စစ်သည်ဖြစ်ခဲ့သူ နေမျိုးဟိန်းအား ပြည်နှင်ဒဏ်မပေးရန် ဆွေမျိုးမိတ်ဆွေ ၁၀၀၀ ခန့်မှကြိုးပမ်းနေ၏။

**ဩဂုတ် ၁၄ ၊ Mizzima ။ ။** KIO နအဖ နှင့် သိပ်အစေးမကပ်သော ကချင်အဖွဲ့သည် ရုံးဝန်ထမ်းများအားလည်း စစ်သင်တန်းပို့ချနေ၏။

**ဩဂုတ် ၁၄ ၊ MNL ။ ။** အာဆီယံသည် မြန်မာနှင့်ဆက်ဆံမှု ဆက်လက်ပြုမည်ဟု ထိုင်းဝန်ကြီးချုပ် အာဆီယံအလှည့်ကျဥက္ကဋ္ဌ မှဆို၏။

**ဩဂုတ် ၁၄ ၊ BKK ။ ။** မြန်မာ ကျောက်မျက်ရတနာရောင်းပွဲဆန့်ကျင်ရန် အဆိုကို ထိုင်းမှလက်မခံကြောင်း ထိုင်းဝန်ကြီးချုပ်မှဆို၏။

# ပင်လယ်ကွေ့ဒေသနှင့် မြန်မာ့အရေး ကမ္ဘာ့အရေး

ယခင်ပတ်မှအဆက်

ခင်မမမျိုး

တခြားလူ့အဖွဲ့အစည်းအတွင်းက လူငယ်အချို့ကိုလည်း ဝါဒဖြန့်ချိရေးအသွင်၊ အဖွဲ့အစည်းအသွင်တွေနဲ့စည်းရုံးပြီး ဒေါက်တိုင်တည်ဆောက်မှုတွေ လုပ်လာခဲ့ပါတယ်။ အခွင့်အရေးအမျိုးမျိုးပေးပြီး စည်းရုံးလာခဲ့ပါတယ်။ မြန်မာ့ဒီမိုကရေစီအရေး လှုပ်ရှားသူတွေ၊ ပြည်သူလူထုဘက်က ရပ်တည်သူတွေကို အနောက်နိုင်ငံတွေရဲ့ ရုပ်သေးကြိုးဆွဲတွေ၊ အမျိုးသားရေးသစ္စာဖောက်တွေအနေနဲ့ သတ်မှတ်ပြီး ဘုံရန်သူသတ်မှတ်ပေးထားပါတယ်။

ပြည်သူလူထုကိုတင် ကြောက်စိတ်သွင်းထားတာမဟုတ်ပါဘူး။ သူတို့ရဲ့ဒေါက်တိုင်တွေကိုလည်း မျက်ကန်းမျိုးချစ်တွေဖြစ်လာအောင် ကြောက်ပြီးရမ်းကားလာအောင် လုပ်ယူတာတွေ ရှိလာပါတယ်။ ဥပမာ အမေရိကန်က အီရတ်ကိုတိုက်ခိုက်စဉ်တုန်းက လေကြောင်းရန်ကာကွယ်ရေးတို့၊ ဝါးရင်းတုတ်ကိုင်သင်တန်းစတာမျိုးတွေပေးပါတယ်။ တကယ်တော့ မြန်မာနိုင်ငံဟာ နောက်ထပ်အီရတ်ဖြစ်မလာနိုင်ဘူးဆိုတာ စစ်မဟာဗျူဟာနဲ့ နိုင်ငံရေးပထဝီဝင်နားလည်တဲ့ ဘယ်သူမဆို တီးမိခေါက်မိ သိရှိတွေးခေါ်နိုင်ပါတယ်။ အာဏာရှင်မသိဘူး ဆိုတာကတော့ဖြစ်နိုင်ချေနည်းပါတယ်။ ဒါပေမယ့် ဒီလိုသင်တန်းတွေ ပေးလိုက်ခြင်းအားဖြင့် သူတို့ brainwashed လုပ်ထားတဲ့လူတွေရဲ့ အသိစိတ်ထဲကို ရန်သူရှိနေတယ်ဆိုတဲ့ အသိရိုက်သွင်းပြစ်လိုက်တာ ဖြစ်ပါတယ်။

ဒီလိုအခြေအနေမျိုးမှာဘဲ ကျမတို့အတိုက်အခံတွေကလည်း နိုင်ငံတကာရယ် ကယ်ပါ။ ကူပါ။ အမေရိကန်ရယ် ဝင်ပါ၊ လာပါ။ စကားနဲ့မပြောကြပါနဲ့၊ အလုပ်နဲ့ပြကြပါလို့ တစာစာ အော်နေကြရင်တော့ တပ်မတော်သားတွေ လူထုဘက်ကရပ်တည်လာဘို့၊ အာဏာရှင်ဒေါက်တိုင်တွေ ပြိုကျသွားနိုင်ဘို့ဆိုတာမှာ ခဲယဉ်းပါလိမ့်မယ်။ အာဏာရှင်တွေကို အကာအကွယ်ပေးပြီး အနောက်အုပ်စုကြိုးဆွဲတွေပါဆိုတဲ့ အတိုက်အခံတွေကို ချိန်ရွယ်ထားတဲ့ သေနတ်ပြောင်းဝတွေကို အာဏာရှင်ဘက်ပြန်လှည့်ပေးနိုင်မယ့် တခုတည်းသောနည်းကတော့ အတိုက်အခံတွေဟာ အနောက်အုပ်စုကြိုးဆွဲတွေမြင်စေတဲ့ မျက်မှန်စိမ်းတွေကို ချွတ်ပေးနိုင်မှုဖြစ်ပါလိမ့်မယ်။ ဒါကြောင့် ဆိုက်ဝါးဆိုတာမှာ ကိုယ်ဝါးလိုက်တဲ့ ဆိုက်ဝါးက ကိုယ့်လက်နက်ဖြစ်စေတာလား၊ သူ့လက်နက် ဖြစ်သွားစေတာလားဆိုတာကို သေချာသုံးသပ်ဘို့ လိုပါတယ်။

လက်ရှိအခြေအနေမှာ တကယ်လိုအပ်နေတာကတော့ တပ်ထဲက မြန်မာပြည်တိုးတက်ရေးကို လိုလားသူတွေကလည်း နိုင်ငံတော်လုံခြုံရေးကို ထိပါးစေတာဟာ စစ်အုပ်ချုပ်ရေးစနစ်ဆိုတာကို အမှန်အတိုင်းသိမြင်ဘို့နဲ့ လူထုတရပ်လုံးက သူတို့အပေါ်ကျရောက်နေတဲ့ ဒီစနစ်ဆိုး အရိပ်မဲကြီးကို ကိုယ်တိုင်တော်လှန်ရမယ်၊ ကိုယ်တိုင်ဖယ်ရှားမှုဖြစ်မယ်၊ ကယ်တင်ရှင်လည်းလာမှာမဟုတ်၊ မင်းလောင်းလည်းပေါ်မှာမဟုတ် ဆိုတာကို အမှန်အတိုင်း သိလာဘို့ဖြစ်ပါတယ်။ လူထုကိုဘာလုပ်ရမယ်၊ ညာလုပ်ရမယ်၊ သွားပေးစရာမလိုပါ။ ခေါင်းဆောင်တွေကညွှန်ကြားတာပါသွားလုပ်စရာမလိုပါ။ ဒီနေ့ခေါင်းဆောင်လည်း မနက်ဖြန် လူထုကို ခေါင်းဆောင်ချင်မှ ခေါင်းဆောင်နိုင်ပါတယ်။ အတွေးအခေါ်နဲ့ တည်ဆောက်ထားမှုအင်အားအမြစ်တွယ်နေတဲ့အခါ တိုက်ပွဲတွေဟာ ခေါင်းဆောင်တွေကို မွေးဖွားပေးလာမှာဖြစ်ပါတယ်။

အတွေးအခေါ်နဲ့တိုက်ပွဲ ပေါင်းစပ်လာမှုမှာ ညီညွတ်ရေးကလည်း ထွက်ပေါ်လာမှာဖြစ်ပါတယ်။ တည်ဆောက်တာမရှိ၊ ဘုံရန်သူမရှိ၊ အတွေးအခေါ်မရှိဖြစ်နေရင်တော့ တိုက်ပွဲတိုတာကလည်း ခိုင်ခိုင်မာမာထွက်လာမှာမဟုတ်ပါဘူး။ ဒီတော့ ညီညွတ်ရေးကလည်း ရှိလာမှာမဟုတ်ပါဘူး။ ဒါတွေမလုပ်ဘဲ ညီညွတ်ရေးလုပ်ရမယ်ဆိုပြီး အတွေးအခေါ်ကို ကနဦးမစဘဲ လူစုမိရာအုပ်ဖွဲ့လုပ်နေရင်တော့ အေ၊ ဘီ၊ စီ အဖွဲ့ပေါင်းစုံတွေ များလာတာဘဲ အဖတ်တင်ပါလိမ့်မယ်။ ပင်လယ်ကွေ့ဒေသနဲ့ပတ်သက်ပြီး ကျမတို့မြန်မာတွေအတွက် သင်ခန်းစာယူစရာတွေ အများကြီးရှိနေခဲ့ပါတယ်။ နောက်ပိုင်းမှာလည်း ဒီဒေသအပြောင်းအလဲတွေဟာ ကျမတို့နဲ့ တနည်းမဟုတ်တနည်း ဆက်စပ်နေဦးမှာပါဘဲ။

**နိဂုံး**

နိဂုံးချုပ်ဆိုရရင် ပင်လယ်ကွေ့ဒေသဆိုတာ ကမ္ဘာတဝှမ်းလုံးရဲ့ ရေနံနဲ့သဘာဝဓာတ်ငွေ့တွေကို ဖြည့်ဆည်းပေးနေတဲ့ ဒေသဖြစ်ပါတယ်။ ဒါကြောင့် ဒီဒေသရဲ့နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေး ပြောင်းလဲမှုတွေဟာ ကမ္ဘာ့ရေနံဈေးကွက်နဲ့ ကမ္ဘာ့တည်ငြိမ်အေးချမ်းရေးအပေါ်မှာ ဆက်နွယ်မှုတွေရှိနေတယ်လို့ ဆိုနိုင်ပါတယ်။ မြန်မာနိုင်ငံအပေါ်မှာလည်း သက်ရောက်မှုတွေရှိနေပါတယ်။ အခု ဒီဆောင်းပါးမှာ တရုတ်ပြည်သူ့သမတနိုင်ငံနဲ့ ပင်လယ်ကွေ့ဒေသအကြောင်းကိုတော့ မရေးသားထားပါဘူး။ ဒီအကြောင်းက ကျယ်ပြန့်နက်နဲတာကြောင့် တချိန်မှာ ဆောင်းပါးသစ်တခုအနေနဲ့ သီးခြားရေးပြီး တင်ပြမှာဖြစ်ပါတယ်။

☆☆☆☆☆

# ဒီနှစ်ကုန်တွင် ကြားဖြတ်အစိုးရဖွဲ့မည်

**DVB ၊ ဩဂုတ် ၉ ။** ။ ဒီနေ့ထုတ်ဘန်ကောက်ပို့စ်သတင်းစာပါ ဆောင်းပါးရှင် သတင်းစာဆရာ လယ်ရီဂျေဂင်က ဒေါ်အောင်ဆန်းစုကြည်နဲ့ ပတ်သက်လို့ စစ်အုပ်စုဘယ်လိုစဉ်းစားမလဲဆိုတဲ့ ခေါင်းစဉ်နဲ့ဆောင်းပါးတပုဒ်မှာ ရေးသားထားပါတယ်။

ဒီနေ့ထုတ် ဘန်ကောက်ပို့စ် သတင်းစာမှာ ဆောင်းပါးရှင် သတင်းစာဆရာလယ်ရီဂျေဂင်က ဒေါ်အောင်ဆန်းစုကြည်နဲ့ ပတ်သက်လို့ စစ်အုပ်စုအစီအစဉ်တွေကို ရေးသားထားပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ကို တရားစီရင်ရတော့မယ့် အမှုရုံးချိန်းကို ခဏခဏရွှေ့ဆိုင်းနေရတဲ့ တချိန်တည်းမှာ ၂၀၁၀ ရွေးကောက်ပွဲကာလက ပိုနီးကပ်လာတဲ့အတွက် ဒေါ်အောင်ဆန်းစုကြည်နဲ့ ပတ်သက်လို့ စစ်အုပ်စုဘယ်လိုစီစဉ်မလဲဆိုတဲ့ ကောလာဟလတွေ ပိုပြီးတိုးပွားလာတယ်လို့ အစချီရေးသားထားပါတယ်။ ဒေါ်အောင်ဆန်းစုကြည် အမှုရုံးချိန်း၊ အမှုအခြေအနေ၊ စစ်အုပ်စုတက်လာကတည်းက ပယ်ဖျက်ထားပြီးသား ၁၉၇၄ အခြေခံဥပဒေအရ တရားစွဲထားတဲ့အခြေအနေတွေက အတော်များများသိပြီးသားဖြစ်ပေမယ့် ဒီဆောင်းပါးမှာ နအဖစစ်အုပ်စုအဆင့်မြင့် အရာရှိတွေကို ကိုးကားရေးထားတာ ထူးခြားနေပါတယ်၊ ကိုးကားချက်တွေထဲမှာ ဖြစ်နိုင်တာတွေရော၊ အတည်ပြုရခက်တဲ့ အချက်တွေရော ပါဝင်နေပါသေးတယ်၊ ဥပမာ အခုလက်ရှိဝန်ကြီးတွေဟာ ဒီနှစ်ကုန်ရင် အစိုးရရာထူးက အနားယူပြီး ရွေးကောက်ပွဲဝင်ဖို့ ပြင်ဆင်ရမယ်၊ ဒီနှစ်ကုန်မှာ ကြားဖြတ်အစိုးရပေါ်လာပြီး ရွေးကောက်ပွဲကိုတာဝန်ယူစီစဉ်မယ်၊ အဲဒီ ကြားဖြတ်အစိုးရမှာ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ခေါင်းဆောင်တွေလည်းပါဝင်နိုင်တယ်၊ ဒေါ်အောင်ဆန်းစုကြည်ပင် ပါလာနိုင်တယ်ဆိုပြီး အစိုးရထိပ်ပိုင်းအရာရှိတွေကို ကိုးကားရေးထားပါတယ်။ ဒီလိုလုပ်ခြင်းအားဖြင့် အန်အယ်လ်ဒီနဲ့ ဒေါ်အောင်ဆန်းစုကြည်ကိုလည်း ရွေးကောက်ပွဲမှာမပါဝင်အောင် ဖယ်ထုတ်နိုင်မယ်၊ ရွေးကောက်ပွဲကိုလည်း နိုင်ငံတကာအသိုင်းအဝိုင်းက လက်သင့်ခံနိုင်မယ်လို့ ဆိုထားပါတယ်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေဟာ ဒေါ်အောင်ဆန်းစုကြည်နဲ့ ပူးပေါင်းဆောင်ရွက်ဖို့ရွေးချယ်ခဲ့တယ်ဆိုရင် အခုလောလောဆယ်မှာတောင် လျှို့ဝှက်ဆွေးနွေးမှုတွေ ရှိကိုရှိရမယ်လို့ သူက အသေအချာရေးထားပါတယ်။ စစ်အုပ်စု ထိပ်ပိုင်းအရာရှိတယောက်ရဲ့အဆိုအရ ဒေါ်အောင်ဆန်းစုကြည်ကို လာမယ့်နှစ်ရွေး

# ဒေါ်စုအမှုကို မျှမျှတတစီရင်ဖို့ ရှစ်ဆယ့်ရှစ်မျိုးဆက်ကျောင်းသားများ တိုက်တွန်း

**DVB | ဩဂုတ် ၇ ။** ။ ဒေါ်အောင်ဆန်းစုကြည်အမှုကို စီရင်ဆုံးဖြတ်တဲ့အခါ ဘယ်အနှောင်အဖွဲ့မျိုးကိုမှ လက်မခံဘဲ တရားမျှမျှတတ စီရင်ဆုံးဖြတ်ကြဖို့ ရှစ်ဆယ့်ရှစ် မျိုးဆက်ကျောင်းသားများက တရားသူကြီးအဖွဲ့ကို တိုက်တွန်းလိုက်ပါတယ်။

ရှစ်ဆယ့်ရှစ်မျိုးဆက် ကျောင်းသားများရဲ့ ဒီနေ့ထုတ်ပြန်ချက်မှာ တောင်းဆိုထားတာ ဖြစ်ပြီး အနှစ်ချုပ်ကို ရှစ်ဆယ့်ရှစ်မျိုးဆက်ကျောင်းသားခေါင်းဆောင် ကိုစိုးထွန်း က ပြောပါတယ်။

“မစ္စတာ ဘန်ကီမွန်း မြန်မာပြည်ကို ရောက်လာတော့ ဒေါ်အောင်ဆန်းစုကြည်ကို တွေ့ခွင့်ပေးဖို့ ဗိုလ်ချုပ်မှူးကြီးသန်းရွှေကို တင်ပြတဲ့အခါမှာ ဗိုလ်ချုပ်မှူးကြီးက ဒေါ်အောင်ဆန်းစုကြည်ဟာ တရားခွင်မှာ ရင်ဆိုင်နေရတဲ့လူတယောက်ဖြစ်နေလို့ တရားစီရင်ရေး အာဏာဝင်ရောက်မစွက်ဖက်လိုဘူး၊ သူတို့အနေနဲ့ တွေ့ခွင့်ပြုလို့ မဖြစ်နိုင်ဘူးလို့ ငြင်းပယ်ခဲ့တယ်။ ဒါဟာ တရားစီရင်ရေးစနစ်က တရားဥပဒေ ဘက်တော်သားတွေဖြစ်တဲ့ တရားသူကြီးတွေ အပေါ်မှာ လုံးလုံးလျားလျားမှုတည်နေပါတယ်။ အခုချိန်က တိုင်းပြည်တခုရဲ့ အရေးကြီးတဲ့ ခေါင်းဆောင်တယောက်ဖြစ်တယ်၊ အမှုဖြစ်နေတဲ့အချိန်မှာလည်း အထိန်းသိမ်းခံလူတယောက်ဖြစ်တယ်၊ မဖိတ်ခေါ်ဘဲနဲ့ရောက်လာတဲ့ မစ္စတာဂျွန်ယတ်ထောကို လူသားချင်းစာနာမှုနဲ့ပြုမူ ဆောင်ရွက်ခဲ့တာဖြစ်တယ်၊ အဲ့ဒီအတွက် တရားသူကြီးတွေက ကိုယ့်ရဲ့ တရားစီရင်ပိုင်ခွင့်မှာ သမိုင်းဝင်တဲ့ဆုံးဖြတ်ချက်တခုကို ချဖို့အတွက် လွတ်လွတ်လပ်လပ်နဲ့အမှန်တရားဘက်က ရပ်တည်ပြီး ဥပဒေနဲ့အညီ ရဲရဲဝင့်ဝင့်ဆောင်ရွက်ဖို့ အလေးအနက် မေတ္တာရပ်ခံ တိုက်တွန်းအပ်ပါတယ်။”

“ နအဖက ဒေါ်အောင်ဆန်းစုကြည်ကို နိုင်ငံတော်အားနှောင့်ယှက်လိုသူများ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့်ဥပဒေကို ချိုးဖောက်တယ်ဆိုပြီး ဖမ်းဆီးတရားစွဲထားသလို ဇွန်လကုန်ပိုင်းမှာ အမိန့်ချဖို့သတ်မှတ်ခဲ့ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ကို လွှတ်ပေးဖို့ ကုလသမဂ္ဂ၊ အာဆီယံစတဲ့ နိုင်ငံတကာက ပွက်လောရိုက်အောင် တောင်းဆိုသံတွေ ဆူဆူညံညံ ထွက်ပေါ်ခဲ့ပြီးတဲ့နောက် အင်းစိန်ထောင်အတွင်းတရားရုံးမှာ တရားသူကြီးက ဒီအမှုမှာ စဉ်းစားသုံးသပ်စရာ ဥပဒေပြဿနာတွေရှိလို့ ၁၁ ရက်နေ့ကို စီရင်ချက်ချဖို့ ရက်ရွှေ့ဆိုင်းခဲ့ပါတယ်။ စီရင်ချက်ချမယ့်ရက် ရွှေ့ခဲ့ပေမယ့် နိုင်ငံတကာအာရုံစူးစိုက်မှုက လျော့မသွားဘဲ ကုလသမဂ္ဂမှာ မနေ့က ကျင်းပတဲ့ မြန်မာ့မိတ်ဆွေများ ၁၄ နိုင်ငံအစည်းအဝေးမှာ ဒေါ်အောင်ဆန်းစုကြည်နဲ့ နိုင်ငံရေးအကျဉ်းသားတွေကိုလွှတ်ဖို့တောင်းဆိုခဲ့ပါတယ်။”

“ဒေါ်အောင်ဆန်းစုကြည်အမှုဟာ ဥပဒေကျူးလွန်တာကြောင့်လို့ နအဖဘက်ကပြောပေမယ့် ဒေါ်အောင်ဆန်းစုကြည်က ဒါဟာနိုင်ငံရေးကြောင့် ဖြစ်တယ်လို့တုန့်ပြန်ထားပါတယ်။ အကဲခတ်တွေအဆိုအရ စစ်အစိုးရက လမ်းပြမြေပုံ ၇ ရပ်ကို အကောင်အထည်ဖော်ရာမှာ တခုအပါအဝင်ဖြစ်တဲ့ ၂၀၁၀ ရွေးကောက်ပွဲကို ကျင်းပရာ ပြည်တွင်းပြည်ပထောက်ခံမှုရနေတဲ့ ဒေါ်အောင်ဆန်းစုကြည်ကို နိုင်ငံရေးကနေဖယ်ထားလိုတာကြောင့် အခုလို အမှုစွဲဆိုတာလို့သုံးသပ်ပြောဆိုနေပါတယ်။ ဒေါ်အောင်ဆန်းကြည်အမှုကို လိုက်ပါဆောင်ရွက်ဖို့ ဆောင်ရွက်ရင်း ရှေ့နေလိုင်စင် ရုပ်သိမ်းခံရတဲ့ ရန်ကုန်မြို့က တရားရုံးချုပ်ရှေ့နေ ဦးအောင်သိန်းကတော့ ဒေါ်အောင်ဆန်းစုကြည်အပေါ် စီရင်ချက်ဟာ နောင်တချိန် မြန်မာနိုင်ငံမှာ ကိုးကားရမယ့် စီရင်ထုံးတခု ဖြစ်လာဖွယ်ရှိတယ်လို့ ပြောပါတယ်။

“နိုင်ငံတော်က နှောင့်ယှက် ဖျက်ဆီးသူတွေရဲ့ ဘေးအန္တရာယ်ကာကွယ်တဲ့ ဥပဒေနဲ့ ပတ်သက်ပြီး စီရင်ထုံး လမ်းညွှန်မရှိသေးဘူး။ အကယ်၍ ဒီအမှုကို ပြစ်ဒဏ်ချမှတ်ခဲ့သော် ဒေါ်အောင်ဆန်းစုကြည်ရဲ့ရှေ့နေကြီးများက ရုံးကုန်၊ ပေကုန် အထိ တက်ကြမှာဖြစ်တဲ့အတွက် ဒါဟာ စီရင်ထုံးလမ်းညွှန်တခု ဖြစ်လာနိုင်တယ်။ ဒါကြောင့် မူလရုံးကနေ ဒီအမှုကို အမိန့် ချတော့မယ်ဆိုရင် ယူဆချက်ပဲဖြစ်ဖြစ် တိတိကျကျ ဥပဒေပိုင်းဆိုင်ရာကို ရှာဖွေပြီး အမိန့်ချထားပေးဖို့လိုအပ်လိမ့်မယ်။ သမရိုးကျ အမှုမျိုးမဟုတ်ဘူး။ နိုင်ငံရေးပါတီ အထွေထွေအတွင်းရေးမှူးရဲ့ အမှု၊ လူထုခေါင်းဆောင်ရဲ့ အမှု၊ ပြည်တွင်း ပြည်ပက စိတ်ဝင်စားဖွယ်ကောင်းတဲ့ အမှုဖြစ်တဲ့အတွက် ဒေါ်အောင်ဆန်းစုကြည်ကို အကယ်၍ အပြစ်ပေးလိုက်လို့ ရှိရင် လမ်းညွှန်စီရင်ထုံး တခုတော့ဖြစ်လိမ့်မယ်။”

# နိုင်ငံရေးအကျဉ်းသား ၂ ဦးကို ဝေးလံတဲ့ထောင်များသို့ ထပ်မံပြောင်းရွှေ့

**DVB | ဩဂုတ် ၁၀ ။** ။ စစ်ကိုင်းတိုင်း ကလေးထောင်က မစုစုနွေးနဲ့ရခိုင်ပြည်နယ် သံတွဲထောင်က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် တောင်ကုတ်မြို့ဥက္ကဋ္ဌ ဦးကျော်ခိုင်တို့နှစ်ဦးကို ထောင်ပြောင်းလိုက်ပါတယ်။

လူ့အခွင့်ရေး လှုပ်ရှားသူတဦးဖြစ်တဲ့ မစုစုနွေးကို ကလေးထောင်ကနေ ခန္တီးထောင်ကို ဒီလ ၅ ရက်နေ့က ပြောင်းရွှေ့လိုက်တာလို့ မိသားစုဝင်တွေက ပြောပါတယ်။ မစုစုနွေးရဲ့ ကျန်းမာရေးအခြေနေကြောင့် အင်းစိန်ထောင်ကို ပြောင်းရွှေ့ပေးဖို့ စာတင်ထားတဲ့ကြားက အခုလိုခန္တီးထောင်ကို ပြောင်းရွှေ့လိုက်တာလို့ မစုစုနွေးရဲ့အစ်မ မဌေးဌေးကြည်က ပြောပါတယ်။

“ထောင်ပြောင်းတယ်လို့ကြားတော့ ကလေးထောင်ကို ဖုန်းဆက်ကြည့်တော့ သူတို့ ပြောပိုင်ခွင့်မရှိလို့ မပြောပါရစေနဲ့လို့ပြောလို့ ခန္တီးထောင်ကို ဖုန်းဆက်ကြည့်တော့ ရောက်နေတယ်လို့ ဖြေကြားပေးတယ်။ သူ့ကျန်းမာရေးအခြေအနေအရ အင်းစိန်ထောင်ကိုပြောင်းဖို့ ထောင်ပြောင်းစာတင်ထားတာ။ အင်းစိန်မကျဘဲ ခန္တီးထောင်ကို ပြောင်းပစ်လိုက်တယ်။ ခုလို ဝေးလံတဲ့နေရာကို ထပ်ပြောင်းတယ်ဆိုတော့ ကျမကလည်း ကျန်းမာရေးမကောင်းဘူး။ စိတ်လည်း မကောင်းဘူး။”

လူ့အခွင့်ရေးလှုပ်ရှားသူတဦးဖြစ်တဲ့ မစုစုနွေးကို ၂၀၀၇ ခုနှစ် စက်တင်ဘာ သံဃာ့အရေးခင်းနောက်ပိုင်း စစ်အုပ်စုကဖမ်းဆီးခဲ့ပြီး ၂၀၀၈ နိုဝင်ဘာမှာ ထောင်ဒဏ် ၁၂ နှစ်ချမှတ်ခဲ့ရာမှာ အယူခံနိုင်ခဲ့ပြီး ထောင်ဒဏ် ၄ နှစ်လျော့သွားလို့ ထောင်ဒဏ် ၈ နှစ် ဆက်လက်ကျခံနေရတာ ဖြစ်ပါတယ်။ ထောင်ဒဏ် ၂ နှစ်ချမှတ်ခံထားရတဲ့ အသက် ၈၇ နှစ်အရွယ် တောင်ကုတ်မြို့အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကျော်ခိုင်ကိုလည်း သံတွဲထောင်ကနေ မကွေးတိုင်း သရက်ထောင်ကို ပြောင်းရွှေ့လိုက်တယ်လို့မိသားစုဝင်တွေက ပြောပါတယ်၊ ဦးကျော်ခိုင်ဟာ တောင်ကုတ်မြို့စည်းအဖွဲ့ဝင် ဦးသန်းဖေကို လူမှုအထောက်အကူပြုရန်ပုံငွေကောက်ခံမှုကိစ္စ ပါတီစည်းကမ်းနဲ့အညီ လုပ်ဆောင်မှုမရှိတာကို သတိပေးတားမြစ် ခဲ့ပြီးနောက်ပိုင်း အဖွဲ့ချုပ်ကနေ ထုတ်ပယ်လိုက်တာကို ဦးသန်းဖေက မကျေနပ်ဖြစ်ပြီး အသရေဖျက်မှုနဲ့ပြန်တရားစွဲတာကြောင့် ထောင်ကျနေတာပါ။ ကျန်းမာရေးမကောင်းသူ ၂ ဦးကို ဝေးလံတဲ့ထောင်တွေဆီ ပြောင်းရွှေ့လိုက်တဲ့အပေါ် အဖွဲ့ချုပ်ဗဟို ပြန်ကြားရေးအဖွဲ့ဝင် ဦးဉာဏ်ဝင်းက ထောင်ကျသူအပြင် မိသားစုတွေကိုပါ ဒုက္ခရောက်အောင်လုပ်သလိုဖြစ်နေတယ်လို့ ပြောပါတယ်။

“သိပ်ပြီး တရားမျှတမှုမရှိတဲ့ လုပ်ငန်းပဲဗျ။ ထောင်တွေလည်း မတရားအချခံထားရတယ်၊ ချပြီးတော့လည်း အိမ်ကမိသားစုတွေပါ ဒုက္ခရောက်တယ်။ အခု ကလေးကိုတောင် အသွားအပြန် ၇ ရက်လောက် ကြာတယ်ပြောတယ်။ ခန္တီးဆို ဒီ့ထက်ပိုဆိုးမှာပေါ့။ စရိတ်စကတွေလည်းကြီး။ ဒီတော့ ပိုပြီးတော့ ဒုက္ခရောက်အောင် ဆောင်ရွက်တဲ့သဘောပဲ။”


THE SAD PLIGHT OF MYANMAR
www.faxtoon.com
NO. 445 July 27, 2009
this is an internal affair
MARCHING TOWARDS 2010 ELECTION
POLITICAL PRISONERS
BURMESE PEOPLE...
MYBURMA 09

# ဒေါ်စုကို ၁၉၇၄ ဥပဒေနဲ့ စီရင်ချက်ချလျှင် မှားမည်ဟု ဒေါ်စုရှေ့နေပြော

**DVB ၊ ဩဂုတ် ၉ ။** ။ နေအိမ်တွင်းနိုင်ငံခြားသားဝင်ရောက်မှုနဲ့ အမှုရင်ဆိုင်နေရတဲ့ ဒေါ်အောင်ဆန်းစုကြည်ကို လာမယ့် ၁၁ ရက်နေ့ အင်္ဂါနေ့မှာ စီရင်ချက်ချမှတ်ဖို့ ရှိနေပါတယ်။

ဒီလို စီရင်ချက်ချမှတ်ခဲ့ရင် ဘယ်လိုပြစ်ဒဏ်တွေနဲ့ ချမှတ်နိုင်တယ်ဆိုတာကို ဒေါ်အောင်ဆန်းစု ကြည်ရဲ့ရှေ့နေ ဦးကြည်ဝင်းက ပြောပါတယ်။

"ပုဒ်မ ၂၂ ပြဌာန်းချက်က ဒဏ်ငွေ၊ သို့မဟုတ်ရင် ထောင်ဒဏ် ၃ နှစ်မှ ၅ နှစ်အထိ။ ၅ နှစ်က အမြင့်ဆုံး။ ဒဏ်ငွေပဲ ချမယ်ဆိုလည်း ချနိုင်တယ်။"

ဒေါ်အောင်ဆန်းစုကြည်ကို ပြစ်ဒဏ်ချမှတ်ခဲ့မယ်ရင် တရားဥပဒေအရပဲ ရှေ့ဆက်သွားမယ်လို့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ရှေ့နေတဦးဖြစ်တဲ့ ဦးဉာဏ်ဝင်းက ပြောပါတယ်။

"ဒေါ်အောင်ဆန်းစုကြည်၊ ဒေါ်ခင်ခင်ဝင်းနဲ့ ဒေါ်ဝင်းမမတို့က ဘာပြစ်မှုမှ မကျူးလွန်ဘူး။ မစ္စတာယတ်ထောကတော့ သူများအိမ်ဥပစာထဲကို ကျူးကျော်ဝင်ရောက်တော့ အိမ်ကျူးကျော်မှုတော့ သူအနည်းဆုံးဖြစ်တယ်။ ဥပဒေသဘောအရအဲဒါပဲ။ ကျနော်ကတော့ အမှုလိုက်တဲ့ ရှေ့နေတယောက်အနေနဲ့ပဲ ပြောနိုင်မယ်။ အကယ်၍ အပြစ်ချခဲ့ရင် ဥပဒေလမ်းကြောင်းကနေ အယူခံတက်ဖို့ပဲ လုပ်မယ်။"

ဒေါ်အောင်ဆန်းစုကြည်ကို အခုလိုတရားစွဲဆိုထားတာဟာ ၁၉၇၄ ခုနှစ်ကပြဌာန်းထားတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေထဲက ပြစ်မှုဆိုင်ရာ ကျင့်ထုံးတွေနဲ့ ဥပဒေပုဒ်မတွေဖြစ်နေပြီး ဗိုလ်ချုပ်မှူးကြီးသန်းရွှေကိုယ်တိုင် ၂၀၀၈ ခုနှစ်က ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်ကို အတည်ပြုကြေညာခဲ့စဉ်ကတည်းက ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေဟာ ၁၉၈၈ ခုနှစ်ကတည်းက ရပ်တန့်သွားပြီလို့ ကြေညာခဲ့ပါတယ်။ ဒီလို ရပ်တန့်သွားပြီဖြစ်တဲ့ ၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေက ပြစ်မှုဆိုင်ရာပုဒ်မတွေနဲ့သာ ဒေါ်အောင်ဆန်းစုကြည်ကို စီရင်ချက်ချခဲ့မယ်ဆိုရင် အစိုးရရေးဆွဲထားတယ်ဆိုတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ အသုံးမဝင်တဲ့ အခြေခံဥပဒေသာဖြစ်ပြီး အဲဒီပုဒ်မတွေနဲ့သာ အပြစ်ပေးမယ်ဆိုရင် အမှားကြီးမှားမယ်လို့ရှေ့နေဦးကြည်ဝင်းကပြောပါတယ်။ ဒေါ်အောင်ဆန်းစုကြည်အမှုကို တရာရုံးကသာ စီရင်ချက်ချမှတ်ခဲ့မယ်ဆိုရင် တရားသေလွှတ်ရမှာဖြစ်တဲ့အပြင် နအဖအနေနဲ့လည်း နိုင်ငံရေးထွက်ပေါက်ရှိလာနိုင်တယ်လို့လည်း ရှေ့နေ ဦးကြည်ဝင်းကပြောပါတယ်။

"တပ်မတော်အစိုးရဆိုရင် ဘက်စုံသတ္တိရှိရမယ်။ ကျုပ်တို့ တပ်မတော်က အင်မတန်မှ သတ္တိဗျတ္တိနဲ့ပြည်စုံတဲ့တပ်မတော်ဆိုရင် သိပ်လည်းရှက်မနေနဲ့။ မှားပါတယ်၊ ကျနော်တို့မှားပါတယ်၊ ဒါကြောင့်မို့ ရုပ်သိမ်းပါတယ်ဆိုရင် ပြည်သူက တကယ်လက်ခုပ်တီးမယ်။ ချီးကျူးမယ်လို့ ကျနော် မြင်တယ်။"

တဆက်တည်းမှာပဲ ဒေါ်အောင်ဆန်းစုကြည်ဟာ အမွေဆိုင် သူ့ရဲ့နေအိမ်ခြံဝင်းကိစ္စနဲ့ပတ်သက်ပြီး ဆွေမျိုးတော်စပ်သူဦးခင်မောင်အေး (သခင်သန်းထွန်းရဲ့သားဖြစ်သူ)နဲ့ အမှုရင်ဆိုင်ရဖို့လည်းရှိနေပါတယ်။ ဦးခင်မောင်အေးဟာ အမွေဆိုင် နေအိမ်ခြံဝင်းကိစ္စနဲ့ပတ်သက်ပြီး ဒေါ်အောင်ဆန်းစုကြည်နဲ့ အစ်ကိုဖြစ်သူ ဦးအောင်ဆန်းဦးတို့ အမှုစတင်ဖြစ်ပွားခဲ့တဲ့ ၂၀၀၀၊ ၂၀၀၁ ခုနှစ်တုန်းက ကန့်ကွက်မှုမရှိခဲ့ဘဲ အခုမှ အမွေဆိုင်ခြံဝင်း အစိတ်အပိုင်းရောင်းချဖို့ ကန့်ကွက်နိုင်ကြောင်း ကြေညာခဲ့တာဖြစ်ပါတယ်။ ဒီကြေညာတာနဲ့ ပတ်သက်ပြီး ဦးအောင်ဆန်းဦးရဲ့ရှေ့နေ ဦးဟန်တိုးက ပြန်လည်ကန့်ကွက်မှုမရှိတာကို တွေ့ရတယ်လို့လည်း ဒေါ်အောင်ဆန်းစုကြည်ရဲ့ရှေ့နေတွေက ပြောပါတယ်။

**Voice of Burma**


**1-507, Horifune Jutaku**
**Horifune 2-27-1**
**Kita Ku, Tokyo**
**Japan. 114 - 0004**

Tel/Fax: 81 3-6323-5114
E-mail: sayarkway@yahoo.com
koko@gol.com



၁၉၉၅ ခု အောက်တိုဘာလ မှစတင်၍ အပတ်စဉ်ထုတ်ဝေသည်


AIR MAIL

**To**

PRINTED MATTER